အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

[Book.173(2765-2779)

မြင့်မြတ်သောသိုင်းပညာကမ္ဘာ

.

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၇၆၅ -

ယွဲ့ရှောင်ထျန်းက

အံ့အားသင့်ငေးကြောင်နေဆဲဖြစ်ရာ

လက်နှစ်ဖက်စလံုး

ပြုတ်သွားမှန်းတောင်

သတိမထားမိလိုက်ပေ။

“မင်းဘယ်လို လုပ်ရဲသလဲ...”

ယွဲ့ထျန်းရှင်းက

ဒေါသတကြီးအော်ဟစ်လိုက်သည်။

တစ်ချိန်တည်းမှာပင်

သူ့ထံမှပြင်းထန်သော

အရှိန်အဝါတစ်ခုထွက်လာပြီး

အနက်ရောင်ဝတ်အမျိုးသားအပေါ်

ကျရောက်လာသည်။

"အကန့်အသတ်ချိုးဖျက်နယ်ပယ်လား..."

အနက်ရောင်ဝတ်စုံဝတ်အမျိုးသား၏

အသံက အထင်မြင်သေမှုအပြည့်ဖြင့်

သူ့ညာဘက်လက်ကို
ဝှေ့ယမ်းလိုက်သည်။

“ဘုန်း…”

ခန်းထဲ၌ ပေါက်ကွဲသံ ထွက်ပေါ်လာပြီး
ယွဲ့ထျန်းရှင်းက နောက်ပြန်
လွင့်သွားခဲ့သည်။ ပေါက်ကွဲသံကြောင့်
မြောက်ပိုင်းဂိုဏ်းတစ်ခုလုံး
ထိတ်လန့်တုန်လှုပ်သွားခဲ့သည်။

မရေမတွက်နိုင်သော တပည့်များဟာ

ခန်းမဆီသို့ မျှော်ကြည့်နေကြသည်။

ယွဲ့ထျန်းရှင်းက

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားကို

အံ့အားသင့်စွာစိုက်ကြည့်ရင်း

"အဆင့်(၂) မင်းက အဆင့်(၂)

အကန့်အသတ်ချိုးဖျက်နယ်ပယ်ပဲ"

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက
ယွဲ့ထျန်းရှင်းဆီသို့ ဖြည်းညင်းစွာ
လျှောက်လာကာ
“နောက်ဆုံးတစ်ခေါက်ထပ်မေးမယ်။
ယန်ယွဲ့ ဘယ်ရောက်သွားတာလဲ...”

“အသက်ရှူသုံးရှိုက်စာပဲ အချိန်ရမယ်။
မဖြေနိုင်ရင် ဒီဂိုဏ်းတစ်ခုလုံးက
သင်္ချိုင်းဖြစ်သွားလိမ့်မယ်”

လီယွင်က

တစ်စုံတစ်ခုပြောရန်ပြင်လိုက်စဉ်

ယွဲ့ထျန်းရှင်းက ရုတ်တရက် “အစ်ကိုယွင်

သူ့ကိုမယုံပါနဲ့၊ ငါတို့တွေ သူ့ကို

ဘာပဲပြောပြော သူ

ငါတို့ကိုလွှတ်ပေးမှာမဟုတ်ဘူး”

“မြောက်ပိုင်းဂိုဏ်း သခင်က

မျှော်လင့်ထားသလိုပဲ”

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက
ပြောလိုက်သည်။ "မင်းကြည့်ရတာ
အခြေအနေကို
ကောင်းကောင်းနားလည်တာပဲ။ ဒါပေမဲ့
ရလဒ်က သေနေတုန်းပဲ၊
တစ်ခုတော့ရှိတယ် မင်းကို
မြန်မြန်သေအောင် ငါသတ်ပေးနိုင်တယ်"

ယွဲ့ထျန်းရှင်းက ခါးသက်သက်ရယ်မောရင်း “ငါတို့ ယန်ယွဲ့ကို သိလို့လား…”

“ဟုတ်တယ်”

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက “သူ့ကို သိတဲ့သူ ဒါမှမဟုတ် သူနဲ့ ဆက်သွယ်မိတဲ့သူတိုင်း သေရမယ်” ဟုပြောလိုက်သည်။

ယွဲ့ထျန်းရှင်းက အံ့သြသွားပြီး

“ဘာလို့လဲ…”

ထိုလူက

ရုတ်တရက်  “အသက်ရှူသုံးရှိုက်စာ

အချိန်ပြည့်သွားပြီ” စကားပြောပြီးနောက်

သူ၏လက်နှစ်ဖက်ကို ရှေ့သို့

မြှောက်ထားလိုက်သည်။

တစ်ချိန်တည်းမှာပဲ

မြောက်ပိုင်းဂိုဏ်းတစ်ခုလုံး

တုန်ခါသွားကာ မမြင်နိုင်သော

ဖိအားလှိုင်းတစ်ခုက ၎င်းကို

ဖုံးလွှမ်းသွားသည်။

“အဆင့်(၂)အကန့်အသတ်ချိုးဖျက်နယ်ပ

ယ်”

လူတိုင်း၏မျက်နှာများက
စိတ်ပျက်လက်ပျက် အမူအရာများ
ဖုံးလွှမ်းထားသည်။
အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက
သူ့ညာလက်ကို မြှောက်ယမ်းလိုက်သည်။

"ပုရွက်ဆိတ်တစ်သိုက်ပဲ"

ထိုစကားပြောပြီးနောက် သူ့လက်ကို
ဖိချရန်ပြင်သည်။ သို့သော် သူ့နောက်ကို

ရုတ်တရက် လှည့်ကြည့်လိုက်သည်။

ထိုအခါ ကောင်းကင်မှ အလင်းတန်းတစ်ခု

ဆင်းသက်လာသည်ကို

မြင်လိုက်ရသည်။

အလင်းတန်းကသူ့ရှေ့ကို

ရောက်လာသည်။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

အနည်းငယ် ထိတ်လန့်သွားပြီး

သူ၏ညာလက်ကို မြှောက်ကာ

တားဆီးလိုက်သည်။

“ဘန်း…”

ဓားတစ်လက်က

အနက်ရောင်ဝတ်စုံဝတ်အမျိုးသား၏

လက်ဝါးကို ထိမှန်သွားသည်။ သို့သော်

ဒဏ်ရာတော့မရခဲ့ပေ။ ဓားက

ရုတ်တရက် ပြင်းထန်စွာ

တုန်ခါသွားသည်။

“ဘန်း...”

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

ဝကီလိုမီတာအကွာသို့

လွင့်ထွက်သွားသည်။

သူ့ကိုယ်သူရပ်တန့်လိုက်သည်နှင့် ဓားက

အရှေ့သို့တိုးလာသည်။

အရှိန်မြန်လွန်းသဖြင့် ဤနေရာရှိလူတိုင်စ
အလင်းတန်းတစ်ခုကိုသာ
မြင်လိုက်ရသည်။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသား၏မျ
က်လုံးထဲတွင်
ဆိုးရွားသောအလင်းတန်းတစ်ခု
လင်းလက်လာသည်။
သူ၏လက်နှစ်ဖက်စလုံးကို
မြှောက်လိုက်သည်။ သူ့ရှေ့တွင်

သွေးနီရောင်ဒိုင်းကာတစ်ခု
ချက်ချင်းပေါ်လာပြီး ယန်ယွဲ့၏ ဓားကို
တားဆီးလိုက်သည်။

နတ်ဘုရားတစ်ပိုင်းအဆင့်
အကာအကွယ်လက်နက်။

မူလနတ်ဓားက နတ်ဘုရားအဆင့်
ရတနာဖြစ်နေခဲ့သည်။
မူလနတ်ဓားပိုင်းချလိုက်သည်နှင့်

သေွးနီရောင်ဒိုင်းက

ကွဲအက်သွားပါတော့သည်။ အနက်ရောင်

ဝတ်စုံဝတ်အမျိုးသားက

တုန်လှုပ်သွားပြီး ဒိုင်းကာကိုဖယ်ကာ

နောက်သို့ အလျင်အမြန်

ပြန်ဆုတ်သွားပါတော့သည်။

ဤအချိန်တွင် သူ့ရှေ့မှာ

လူတစ်ယောက်ပေါ်လာသည်။ ထိုလူက

အခြားမဟုတ်ပေ။ ယန်ယဲ့ပင်ဖြစ်သည်။

ယွဲ့ထျန်းရှင်းနှင့် လီယွင်တို့

နှစ်ယောက်လည်း ယန်ယွဲ့ကို

တွေ့လိုက်ရသောအခါ စိတ်သက်သာရာ

ရသွားခဲ့သည်။

အဆင့်(၂)အကန့်အသတ်ချိုးဖျက်နယ်ပ

ယ်က

သူတို့နှစ်ယောက်ပေါင်းထားသည့်တိုင်

ခုခံနိုင်စွမ်းမရှိခဲ့ပေ။

ယန်ယဲ့က

ယဲ့ရှောင်ထျန်း၏ဖြူဖျော့ဖျော့မျက်နှာ

လေးကို တစ်ချက်ကြည့်လိုက်ပြီးနောက်

သူ့အမူအရာက

ချက်ချင်းအေးခဲသွားသည်။ သူ့စိတ်ထဲမှ

စိတ်ဆန္ဒတစ်မျှင်ထုတ်ဖော်ပြီး

ယဲ့ရှောင်ထျန်းကို မူလစေတီထဲသို့

ပို့လိုက်သည်။ အကယ်၍

မူလခရမ်းရောင်စွမ်းအင် မရှိပါက

ယဲ့ရှောင်ထျန်းက (၁၀)မိနစ်အတွင်း
သေဆုံးသွားပေမည်။

ယန်ယဲ့က
အနက်ရောင်ဝတ်စုံဝတ်အမျိုးသားကို
လှည့်ကြည့်ကာ "လွတ်လပ်ခြင်းဂိုဏ်း၊
ထာဝရရှင်သန်ခြင်းဂိုဏ်း၊
ဖန်ဆင်းခြင်းဂိုဏ်းလား...၊ ဒါမှမဟုတ်
အင်မော်တယ်ဂိုဏ်းလား နောက်ဆုံးသော

ထာဝရနယ်စပ်ရဲ့
အစောင့်အရှောက်တွေလား…”

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက
ဘာမှပြန်မပြောပေ။
ထွက်သွားထန်ပြင်လိုက်သည်။
သို့သော်လည်း ဓားစွမ်းအင်က
သူ့နဖူးတည့်တည့်ကို
ပစ်ခတ်လိုက်သည်။ ဓားပျံတစ်ချောင်းပါ
။ အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

ထိတ်လန့်တုန်လှုပ်သွားသည်။ သူက
တိုက်ခိုက်ရန် ရည်ရွယ်ချက်မရှိဘဲ
နောက်ပြန်လှည့်ပြေးလေတော့သည်။

သို့သော် ယန်ယဲ့က
အနက်ရောင်ဝတ်စုံဝတ်အမျိုးသားရှေ့တွ
င် ပေါ်လာပြီး ဓားကို ဆတ်ခနဲ
ဆွဲထုတ်ကာ
ပိုင်းချလိုက်သည်။ အနက်ရောင်ဝတ်စုံဝ
တ်အမျိုးသား၏ အမူအရာသည်

သိသိသာသာ ပြောင်းလဲသွားသည်။

သူ့ရှေ့တွင် ကွဲအက်နေသော

သွေးနီရောင်ဒိုင်းကာပေါ်လာပြီး သူ၏

ဆန်းကြယ်ချီစွမ်းအင်များကို

အဆက်မပြတ်ပို့လွှတ်လိုက်သည်။

ဒီအချိန်မှာ မူလနတ်ဓားက

ပိုင်းချလာသည်။

“အုန်း…”

ပေါက်ကွဲသံကြီး ထွက်ပေါ်လာပြီး

သွေးနီရောင်ဒိုင်းကာ

အစိတ်စိတ်အမြွှာမြွှာ

ကွဲထွက်သွားည်။ အနက်ရောင်ဝတ်စုံဝ

တ်အမျိုးသားကိုယ်တိုင်လည်း

မီတာအတော်ဝေးဝေးအထိပင်

လွင့်ပျံထွက်သွားသည်။ ဤအချိန်တွင်

ဘူးသီးနက်ထဲမှ

အလင်းတန်းတစ်ခု ထွက်ပေါ်လာသည်။

"အုန်း…"

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက
မြေကြီးပေါ်သို့ ပြုတ်ကျသွားသည်။
ဒီအချိန်မှာ သူ၏လက်တစ်ဖက်
ပြတ်တောက်နေခဲ့သည်။
တစ်ချိန်တည်းမှာပဲ ဓားတစ်ချောင်းက
သူ့နဖူးရှေ့ကို ချက်ချင်းရောက်လာချိန်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက
တစ်ကိုယ်လုံး တောင့်တင်းသွားသည်။

သို့သော် ကြောက်လန့်ဟန်မပြဘဲ
အနည်းငယ်ပြုံးကာ "အံ့သြစရာ
တကယ်ကို အံ့သြစရာကောင်းတယ်။
မင်းဒီလောက်အထိ သန်မာလာဖို့
ငါမမျှော်လင့်ထားဘူး။ အဆင့်(၂)
အကန့်အသတ်ချိုးဖျက်နယ်ပယ်တောင်မှ
မင်းရှေ့မှာ ဘာမှမဟုတ်တော့ဘူး။

ကြည့်ရတာ ငါတို့ မင်းကို လျော့တွက်ခဲ့တာပဲ။ ဟုတ်တယ်ငါတို့ မင်းကို တကယ်ပဲ လျော့တွက်ခဲ့မိတယ်”

ယန်ယဲ့က သူ့ဆီ တစ်လှမ်းခြင်းလျှောက်လာပြီး “မင်းက ဘယ်အင်အားစုလဲ…”

ထိုလူကပြုံးပြီး “ဘာလို့လဲ ငါတို့ကို ချေမှုန်းချင်တာလား…

အဆင်ပြေပါတယ် မင်းသူတို့ဆီ

မသွားရင်တောင် သူတို့က မင်းဆီ

လာလိမ့်မယ်”

“ဘန်း…”

ထိုစကားပြောပြီးသည်နှင့်

သူတစ်ကိုယ်လုံး ကွဲထွက်သွားပြီး

အနက်ရောင်အရိပ်တစ်ခုက

ကောင်းကင်အထက်ကို

ပျံတက်သွားသည်။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

မူလစိတ်ဝိညာဉ်နှင့် ထွက်ပြေးသွားတာပါ။

သူသည် ယန်ယဲ့နှင့်

မယှဉ်နိုင်မှန်းသိသောကြောင့်

ခန္ဓာကိုယ်ကို စွန့်လွှတ်ကာ မူလဝိညာဉ်နှင့်

ထွက်ပြေးရန် ရွေးချယ်လိုက်သည်။

သို့သော် ယန်ယဲ့က ထိုသို့ဖြစ်ခွင့်

ပြုမည်မဟုတ်ပေ။

ချက်ချင်းဆိုသလိုပင် သူ့ခါးပေါ်ရှိ

ဘူးသီးနက်က တုန်ခါသွားကာ

ကောင်းကင်အထက်သို့

အလင်းတန်းတစ်ခုထိုးတက်သွားသည်။

သိပ်မကြာလိုက်ပေ

ကောင်းကင်အဝေးတစ်နေရာမှ

ကျယ်လောင်သောအော်ဟစ်သံထွက်ပေါ်

လာသည်။

“ဝှစ်...”

ဘူးသီးနက်ထဲသို့ အလင်းတန်းတစ်ခု ပြန်ဝင်လာသည်။

ယန်ယွဲ့က ယွဲ့ထျန်းရှင်းနှင့် လီယွင်ကို စိုက်ကြည့်ကာ “မင်းတို့နှစ်ယောက်ကို ဒုက္ခပေးမိလို့ တောင်းပန်ပါတယ်”

ယွဲ့ထျန်းရှင်းက

ခါးသက်သက်ရယ်မောလိုက်ပြီး“ညီလေး

ယန် ရှောင်ထျန်း အဆင်ပြေရဲ့လား...”

ယန်ယွဲ့က ခေါင်းခါလိုက်ပြီး “သူမ

အဆင်ပြေပါတယ်”

ထို့နောက် ကောင်းကင်ကိုမော့ကြည့်ကာ

“မင်းတို့အားလုံးကို လွှတ်ပေးဖို့

ငြင်းဆန်မယ်လို့တောင်

မမျှော်လင့်ထားဘူး။

ငါစိတ်မကောင်းပါဘူး။

ဒီလိုထပ်ဖြစ်လာရင်

ငါဘယ်မှာရှိနေလဲဆိုတာ

သူတို့ကိုပြောလိုက်”

ယွဲ့ထျန်းရှင်းက အနည်းငယ်

ချီတုံချတုံဖြစ်နေသည်။ “ဒါပေမဲ့…”

ယန်ယဲ့ကပြုံးပြီး “အဆင်ပြေပါတယ်။

သူတို့တွေက မင်းတို့တွေ

ရင်ဆိုင်ဖြေရှင်းနိုင်တဲ့

တည်ရှိမှုမဟုတ်ဘူး။ သူတို့ကို

ငါ့ဆီလာခွင့်ပေးလိုက်”

ယဲ့ထျန်းရှင်းက ခဏတုံ့ဆိုင်းသွားပြီး

ခေါင်းညိတ်လိုက်သည်။

ယန်ယဲ့ပြောခဲ့သည့်အတိုင်း

အမှန်ပင်ဖြစ်သည်။ ယန်ယဲ့နှင့်

ရန်သူတော်များက

သူတို့အင်အားစုနှစ်ခုပေါင်းထားသည့်တို

င် ရင်ဆိုင်နိုင်စွမ်းမရှိပေ။

ခဏအကြာတွင် ယန်ယဲ့က

ယဲ့ရှောင်ထျန်းကို မူလစေတီအထဲမှ

ခေါ်ထုတ်လိုက်သည်။

ဤအချိန်တွင် သူမ၏ လက်နှစ်ဖက်စလုံး

အကောင်းပကတိအတိုင်း

ပြန်ဖြစ်သွားသည်။

ယွဲ့ရှောင်ထျန်းက သူ့ကိုစိုက်ကြည့်ရင်း

“နင့်ကိုငါတို့ သိနေလို့

သတ်ပစ်ကြမှာတဲ့လား…”

ယန်ယွဲ့က “စိတ်မကောင်းပါဘူး”

အေးချမ်းနေသော

မြောက်ပိုင်းဂိုဏ်းအတွက် ကပ်ဘေး

ယူဆောင်လာသော

သူ့အမှားပင်ဖြစ်သည်။

ယဲ့ရှောင်ထျန်းက ခေါင်းကို အနည်းငယ်

ခါယမ်းကာ“ဒါနင့်အပြစ်မဟုတ်ဘူး

အဲ့ဒါက သူတို့ကိုယ်တိုင်ပဲလေ

သူတို့ဆန္ဒအတိုင်းပဲလုပ်တယ်။

အားနည်းသူတွေရဲ့ဘဝက သူတို့အတွက်

ဘာမှမဟုတ်ဘူး”

သူမက ယန်ယဲ့ကို ရုတ်တရက်
ကြည့်လိုက်သည်။ “အနာဂတ်မှာ သူတို့လို
လူတွေကို ပစ်မှတ်ထားပြီး သတ်ပစ်မယ်”

ယန်ယဲ့က အနည်းငယ်
အံ့အားသင့်သွား၏။ အကြောင်းမှာ
ယဲ့ရှောင်ထျန်း၏မျက်လုံးများက
စိတ်ပိုင်းဖြတ်မှု အပြည့်ဖြစ်နေလို့ပါ။

ယန်ယဲ့က သူမကို

တစ်ချက်ကြည့်လိုက်ပြီး အနည်းငယ်

ပြုံးကာ “ဒါဆိုရင်တော့ ကြိုးစားပါ။

နောက်ဆုံးတော့ ဒီကောင်က

အရမ်းသန်မာတယ်”

ယဲ့ရှောင်ထျန်းက

ခေါင်းညိတ်လိုက်သည်။

“ငါကြိုးစားပါ့မယ်။ ငါသေချာပေါက်

နင့်နောက်ကို လိုက်မယ်”

ယန်ယဲ့က ထပ်ပြုံးပြီး "မင်းမှာ လုံလောက်တဲ့ခွန်အားတွေရှိလာတာနဲ့ ထာဝရနယ်စပ်မှာ ငါ့ဆီ လာလည်ဖို့ မမေ့နဲ့"

သူက ယဲ့ထျန်းရှင်းနှင့် လီယွင်တို့ကို လှည့်ကြည့်လိုက်ပြီးနောက် အဆောင်တစ်ခုဆီ ပစ်ပေးလိုက်ကာ "တစ်ယောက်ယောက်က ဒီကို

ထပ်ရောက်လာရင်

ငါဘယ်မှာနေတယ်ဆိုတာ သူတို့ကို

ပြောပြလိုက်။ ပြောပြလာတာတောင်

သူတို့က မင်းတို့ကို

လွှတ်မပေးချင်ဘူးဆိုရင် ဒီအဆောင်ကို

ချေမှုန်းလိုက် ငါဒီကို

တတ်နိုင်သမျှမြန်မြန်ပြန်လာခဲ့မယ်”

ယွဲ့ထျန်းရှင်းက သဘာဝအတိုင်း
ငြင်းဆန်ခြင်းမရှိပေ။ အဆောင်ကိုယူကာ
“ညီလေးယန် ကျေးဇူးတင်ပါတယ်”

ယန်ယွဲ့က ခေါင်းညိတ်လိုက်သည်။
ကောင်းကင်ယံမှာပဲ
ပျောက်ကွယ်သွားခဲ့သည်။

ယွဲ့ရှောင်ထျန်းက
မနာလိုစိတ်အနည်းငယ်ဖြင့်

ကောင်းကင်ယံကို မျှော်ကြည့်ရင်း “အဖေ

သူက အရမ်းသန်မာတယ်။

တိုက်ခိုက်မှုနှစ်ခုတည်းနဲ့ အဲ့ဒီလူကို

သတ်ပစ်ခဲ့တယ်။ ပြီးတော့

ဒီဘူးသီးနက်က မဆိုးပါဘူး။ အဖေ

သမီးကိုလည်း တစ်လုံးလောက်

ဝယ်ပေးပါ”

ယွဲ့ထျန်းရှင်းက မျက်လုံးပြူးသွားသည်။

“သိပ်မဆိုးဘူးလား...အဲ့ဒါက

နတ်ဘုရားရတနာပဲ။

သူ၏မြောက်ပိုင်းဂိုဏ်း တစ်ခုလုံးကို

ရောင်းချလိုက်ရင်တောင်

နတ်ဘုရားရတနာတစ်ပါး

ရဖို့မဖြစ်နိုင်ပါ”

ယန်ယဲ့ထွက်သွားပြီး သိပ်မကြာခင်မှာဘဲ

အဘိုးကြီးတစ်ယောက်ပေါ်လာသည်။

အဘိုးကြီးကို မြင်သောအခါ

ယဲ့ထျန်းရှင်းနှင့်အခြားလူများလည်း

မျက်နှာပျက်သွားကြသည်။ သို့သော်
အဘိုးကြီးက မတိုက်ခိုက်ခဲ့ပေ။

ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး
"အလောင်းဘယ်မှာလဲ..."

ယွဲ့ထျန်းရှင်းက
"သူ၏ညာလက်ကိုဝှေ့ယမ်းလိုက်ရာ
အနက်ရောင်ဝတ်စုံဝတ်အမျိုးသား၏အ

လောင်းက အဘိုးကြီးရှေ့မှာ

ပေါ်လာသည်။

ယွဲ့ထျန်းရှင်းက အလောင်းကို

မဖျက်ဆီးခဲ့ပေ။ အလောင်းကို ခဏကြာ

စစ်ဆေးလိုက်ပြီး

“ဘယ်နှစ်ချက်လောက်နဲ့

သတ်လိုက်တာလဲ…” ဟုမေးသည်။

ယွဲ့ထျန်းရှင်းက ခဏတုံ့ဆိုင်းသွားပြီး

“(၃)ချက်လို့ထင်တယ်”

“တိုက်ခိုက်မှုသုံးခု”

အဘိုးကြီးက မျက်လုံးများကို

ဖြည်းညင်းစွာ

မှိတ်လိုက်သည်။ တိုက်ခိုက်မှုသုံးကြိမ်ဖြ

င့် အဆင့် (၂)

အကန့်အသတ်ချိုးဖျက်နယ်ပယ်ကို

သတ်ဖြတ်ပစ်ခဲ့သည်။
ထိုသို့သောခွန်အားက
သူမျှော်လင့်ထားသည်ထက်ပင်
ကျော်လွန်ခဲ့သည်။

အဘိုးကြီးက "သူဘယ်သွားမယ်
ပြောခဲ့သလဲ..." ဟုသည်။

ယွဲ့ထျန်းရှင်းက "သိုင်းနတ်ဘုရားဂိုဏ်း"

“ရှောင်ရှန်းပူ”

အဘိုးကြီးက မျက်မှောင်ကြုတ်ကာ
ကောင်းကင်ကိုမော့ကြည့်ပြီး
“ရှောင်ရှန်းပူက သိုင်းနတ်ဘုရားဂိုဏ်းရဲ့
တည်ထောင်သူ ဘိုးဘေးမဟုတ်လား...”

ယွဲ့ထျန်းရှင်းက “ဟုတ်ပါတယ်”

အဘိုးကြီးက ရုတ်တရက်

ရယ်မောလိုက်သည်။

“စိတ်ဝင်စားဖို့ကောင်းတယ်။ ငါ့အသိအရ

ရှောင်ရှန်းဝူက ဝိညာဉ်ဖန်ဆင်းရှင်ကို

အရမ်းကြီးစိတ်မဝင်စားပါဘူး”

အဘိုးကြီးကနေရာမှာပင်

ပျောက်ကွယ်သွားခဲ့သည်။

ယဲ့ထျန်းရှင်းက

သက်ပြင်းတစ်ချက်ချလိုက်သည်။

ပညာရှင်များက အားနည်းသူများကို

အပျော်သဘောနဲ့အနိုင်ကျင့်ရတာ

နှစ်သက်ကြသည်။

တစ်နာရီခန့်အကြာတွင်

ယန်ယဲ့သည်မြေပြင်ပေါ်သို့

ဆင်းသက်လာသည်။

သူ့ရှေ့တွင်ရှေးဟောင်းမြို့တော်ကြီးတစ်ခု တည်ရှိနေသည်။

သိုင်းနတ်ဘုရားမြို့တော်။

ယန်ယွဲ့က

ကောင်းကင်ကိုမော့ကြည့်လိုက်ပြီး

“ကျင်းအာ၊

မင်းဘယ်ရောက်နေလဲ…”ဟူ၍

တီးတိုးရေရွတ်လိုက်ပါတော့သည်။

Translated by NyiNyiSoe.

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၇၆၆ -

ယန်ယွဲ့သည် မြို့ရိုးရှေ့တွင်
ခဏကြာသည်အထိ ရပ်နေလိုက်သည်။
ထို့နောက် သူ၏အတွေးများကို ထိန်းကာ

မြင့်မြတ်သောသိုင်းပညာမြို့တော်ထဲသို့ ဝင်လာခဲ့သည်။

သိုင်းနတ်ဘုရားမြို့တော်။

မြင့်မြတ်သောသိုင်းပညာကမ္ဘာသည် သိုင်းတာအိုကျင့်ကြံသူတို့ စုစည်းရာနေရာတစ်ခုအဖြစ်ဖော်ပြနိုင်သည်။ ၎င်း၏သိုင်းတာအို အောင်မြင်မှုများက

အလွန်အဆင့်မြင့်မားလှသည်။ မှန်သည်။

မြင့်မြတ်သောသိုင်းပညာကမ္ဘာက

ထာဝရနယ်နိမိတ်ထက်တော့

အားနည်းနေပါသေးသည်။

နောက်ဆုံးတွင် ထာဝရနယ်စပ်သည်

ကမ္ဘာပေါင်းများစွာကို

ဖြတ်တောက်ထားသည့် နေရာဖြစ်သည်။

လောကတစ်ခုလုံးရှိ

အဆင့်မြင့်တာအိုများရှိရာလည်းဖြစ်သ

ည်။ သိုင်းနတ်ဘုရားမြို့တော်အတွက်

ဓင်းသည်

မြင့်မြတ်သောသိုင်းပညာတိုက်ကြီးရှိ

သိုင်းတာအို၏ အဓိကဗဟိုချက်ဟု

ဆိုနိုင်သည်။

ဤတိုက်ကြီးသည် အဆင့်အမြင့်ဆုံး

သိုင်းတာအိုရှိခဲ့သည်။ မြို့ထဲသို့

ဝင်လိုက်သည်နှင့် ယန်ယွဲ့သည်

ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်သည်။

ဤနေရာရှိလူတိုင်း

သိုင်းတာအိုကို ကျင့်ကြံကြောင်း

သတိပြုမိသည်။

ဤအချိန်တွင် နှင်းပွင့်လေးက

သူ့ပခုံးအပေါ်တွင် ပေါ်လာခဲ့သည်။

ယန်ယဲ့ကသူမကို

တစ်ချက်ကြည်လိုက်ပြီး အနည်းငယ်

ပြုံးလိုက်သည်။ သေချာသည်မှာ

သူမလေးက မူလစေတီထဲ၌

ငြိုးငွေ့လာပြီး

အပြင်ထွက်ကစားလိုပုံရသည်။

ယန်ယဲ့ကပြုံးလိုက်ပြီး သူမလေးကို

အထဲပြန်မဝင်ခိုင်းပေ။ သူက

နှင်းပွင့်ကိုပခုံးပေါ်တင်လျက် မြို့ထဲသို့

လျှောက်ဝင်သွားခဲ့သည်။

သူ၏ဦးတည့်ရာက

သိုင်းနတ်ဘုရားဂိုဏ်းဖြစ်သည်။

သိုင်းနတ်ဘုရားမြို့တော်

အလယ်ဗဟိုတွင်တည်ရှိနေခဲ့သည်။

လမ်းတစ်လျှောက်လုံးနှင်းပွင့်လေးက

ဘယ်ညာလှည့်ကြည့်နေသည်။

ကံမကောင်းစွာဘဲ

သူမနှစ်သက်သည့်အရာတစ်ခုမှမရှိပေ။

ဒီအချိန်တွင် မိန်းမပျိုတစ်ယောက်က

ယန်ယဲ့အရှေ့တွင်ပေါ်လာခဲ့သည်။

ယန်ယဲ့ကသူမကို ငုံ့ကြည့်လိုက်သည်။

အမျိုးသမီးက

အသက်(၂၀)ဝန်းကျင်သာရှိ၏။

အတော်လေးလှပပြီး ခါးတွင်

ဓားတစ်ချောင်းချိတ်ဆွဲထားသည်။

သူမကယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်သည်။

“နင့်နာမည်က ယန်လား...”

ဟုမေးလိုက်သည်။

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။ “ငါပဲ”

သူမကလျစ်လျူရှုကာ “ငါ့နာမည်က

လက်ဝဲဓား၊ ငါ့သခင်လေးက

နင့်ကိုတွေ့ချင်နေတာ။

ငါနဲ့အတူလိုက်ခဲ့ပါ”

စကားပြောပြီးနောက်

လှည့်ထွက်သွားသည်။

ယန်ယဲ့က သူ့နှာခေါင်းကို

ပွတ်သပ်လိုက်သည်။ သူကအတော်လေး

အံ့သြနေမိသည်။

တစ်ယောက်ယောက်က

ငါ့ကိုတွေ့ချင်နေတာလား...။ ဒါက

သူ့အတွက်

မြင့်မြတ်သောသိုင်းပညာကမ္ဘာကို

ပထမဆုံးအကြိမ်ရောက်ဖူးတာပါ။

အမျိုးသမီးက ရုတ်တရက်
နောက်လှည့်ပြီး ယန်ယဲ့ကို စိုက်ကြည့်ရင်း
“နင့်ကိုငါနဲ့လိုက်ခဲ့ဖို့ပြောထားတယ်။
နင်ငါပြောတာကို မကြားဖူးလား…”

ယန်ယဲ့က သူ့အတွေးကိုထိန်းကာ
အမျိုးသမီးငယ်ကို
တစ်ချက်ကြည့်လိုက်ပြီး “မင်းရဲ့
သခင်ငယ်က

တစ်စုံတစ်ယောက်ကိုဖိတ်ခေါ်ဖို့ သင်မ

ပေးလိုက်ဘူးလား…”

သူမက အနည်းငယ်

မျက်မှောင်ကြုတ်ကာ “ဘာလဲနင်က

ငါ့ကို ဒူးထောက်ပြီး

ခေါ်စေချင်တာလား…”

ယန်ယွဲ့က “ဘယ်လိုတောင်

ယုတ္တိမတန်ရတာလဲ…”

ထိုစကားပြောပြီးနောက်

မိန်းမငယ်လေးကို လျစ်လျူရှုပြီး

မြို့အလယ်သို့ ဦးတည်လိုက်သည်။

မိန်းမပျိုလေး၏အကြည့်က

အေးစက်သွားသည်။ ဒီအချိန်မှာယန်ယဲ့

ရှေ့တွင်

အခြားအမျိုးသမီးတစ်ဦးပေါ်လာသည်။

သူမက အစိမ်းရောင်ဝတ်စုံကို

ဝတ်ဆင်ထားသည်။

သူမ၏ခါးတွင်လည်း ဓားတစ်ချောင်း

ချိတ်ဆွဲထားသည်။

အစိမ်းရောင်ဝတ်စုံဝတ်အမျိုးသမီးက

ယန်ယဲ့ကို  အနည်းငယ် ဦးညွှတ်ကာ

“ဆရာကြီးယန် ငါက လက်ယာဓားပါ။

ငါတို့က နင့်ကို

ဘယ်လိုမလေးမစားလုပ်ရဲမှာလဲ...။

နင်ဒီကိုလာမယ်လို့ ငါ့သခင်ငယ်က

သိထားတဲ့အတွက်

အထူးညှော့်သည်တော်အနေနဲ့

တိမ်ပင်လယ်ခန်းမကို

ဖိတ်ခေါ်ခိုင်းလိုက်တယ်”

ယန်ယဲ့က “မင်းရဲ့သခင်ငယ်က ငါ့ကို

သိလား...”

အမျိုးသမီးက

အနည်းငယ်ခေါင်းယမ်းလိုက်သည်။

“ဒါတော့ ငါမသိဘူး။ ဒါပေမဲ့
နင်အဲ့ဒီကိုရောက်တာနဲ့ သိလိမ့်မယ်”

ယန်ယဲ့က ခေါင်းယမ်းပြီး ပြုံးလိုက်ကာ
“ငါ့မှာ အခြားကိစ္စရှိလို့မသွားတော့ဘူး”

သူက အစိမ်းရောင်ဝတ်စုံအမျိုးသမီးကို
လှည့်ပတ်ပြီး ခပ်လှမ်းလှမ်းသို့
လျှောက်သွားသည်။  ရုတ်တရက်

သူ့ရှေ့မှ အမျိုးသမီးက
ယန်ယဲ့ရှေ့တွင်ပေါ်လာသည်။

သူမက ယန်ယဲ့ကို
အေးစက်စွာကြည့်ပြီး“ဒါဆို
နင်ဘယ်လိုတောင် ရဲတင်းနေတာလဲ...”

ဤအချိန်မှာ ယန်ယဲ့၏ပခုံးပေါ်ရှိ
နှင်းပွင့်က မျက်တောင်ခတ်လိုက်ပြီး
လက်သည်းများကို ပေါ့ပေါ့ပါးပါး

ဝှေ့ယမ်းလိုက်သည်။

ဟင်းလင်းပြင်အသံလှိုင်းတောင်တန်း၏

အနောက်ဘက်တောင်တန်းများထဲမှ

အနက်ရောင်အလင်းတန်းတစ်ခု

ထိုးထွက်လာပြီး

ကောင်းကင်ဓားစင်မြင့်အပေါ်သို့

ကျဆင်းသွားခဲ့သည်။

အလင်းတန်း ပြန့်ကျဲသွားသည်နှင့်

ရောမပုဆိန်ကြီးတစ်လက် ကိုင်ထားသော

နွားနတ်ဆိုးတစ်ကောင်ပေါ်လာသည်။

ဤအချိန်တွင် နွားနတ်ဆိုးက

ကောင်းကင်ကိုမျှော်ကြည့်ကာ

အချိန်မရွေးတိုက်ခိုက်ရန်

အသင့်ပြင်ထားပုံရသည်။

မူလစေတီအပြင်ဘက်တွင်။

ယန်ယဲ့က အမျိုးသမီးထံသို့
လျှောက်လာသည်။
“ဘေးဖယ်လိုက်စမ်း...”

အမျိုးသမီး၏ မျက်လုံးများက
အနည်းငယ် ကျဉ်းမြောင်းသွားသည်။
သူမ၏ခါးမှ ဓားက
တဆတ်ဆတ်တုန်ခါလာသည်။
ဓားအိမ်ထဲမှ ဆွဲထုတ်ခါနီးဖြစ်သည်။

ဤအချိန်မှာ နှင်းပွင့်လေးက

သူမ၏လက်သည်းများကို

ငုံ့ယမ်းလိုက်သည်။

ထိုသို့လုပ်လိုက်သည်နှင့် အမျိုးသမီး၏

ခါးပေါ်ရှိ ဓားက ဓားအိမ်ထဲမှ

ပျံထွက်လာပြီး နှင်းပွင့်လေး၏

လက်သည်းများ အကြားသို့

ရောက်ရှိသွားသည်။

နှင်းပွင့်ကစားကို စိုက်ကြည့်ရင်း

ခေါင်းယမ်းလိုက်သည်။ အမှန်တော့

ဖဲင်းက

နတ်ဘုရားတစ်ပိုင်းအဆင့်လက်နက်သာ

ဖြစ်သည်။ သို့သော် သူမအတွက်

ဘာမှစိတ်ဝင်စားစရာမဟုတ်တော့ပေ။

နှင်းပွင့်က ဖဲင်းကို ပြန်ပေးရန်

အစီအစဉ်မရှိပေ။ သူမ၏

လက်ကိုဝှေ့ယမ်းလိုက်ပြီး

မှုလစေတီထဲသို့ ပို့လိုက်သည်။

အမျိုးသမီးက ထိတ်လန့်သွားပြီး

ဒေါသတကြီးဖြစ်သွားသည်။

သူမက နှင်းပွင့်ကို လက်ညှိုးထိုးပြီး

ဒေါသတကြီး အော်ငေါက်ကာ

“ဘယ်ရောက်သွားတာလဲ…”

ယန်ယဲ့က မျက်မှောင်ကြုတ်လိုက်သည်။

ဤအချိန်တွင် နှင်းပွင့်က

မျက်တောင်ခတ်ပြီးနောက် သူမ၏

အကြည့်က အမျိုးသမီး၏ လက်မှာ

ဝတ်ဆင်ထားသော

သိုလှောင်လက်စွပ်အပေါ်သို့

ကျဆင်းသွားသည်။

ခဏအကြာတွင်

သူမ၏လက်သည်းများကို

ငှေ့ယမ်းလိုက်ရာ သိုလှောင်လက်စွပ်က

ချက်ချင်းပင်အမျိုးသမီးထံမှရှန်းထွက်

ကာ နှင်းပွင့်လေးဆီသို့

ပြေးဝင်သွားသည်။ နှင်းပွင့်လေးက

သိုလှောင်လက်စွပ်ကိုကြည့်ကာ

ခေါင်းတစ်ချက်ယမ်းရင်း

ရှုံ့ရှာနေသောအမူအရာဖြင့်

မူလစေတီထဲသို့ ပစ်ထည့်လိုက်ပြန်သည်။

ဤအချိန်တွင် ယန်ယဲ့ရှေ့မှ

အမျိုးသမီးက ဒေါသတကြီးဖြစ်လာကာ

“နင် ကိုယ့်သေတွင်းကိုယ်တူးနေတာပဲ”

စကားပြောပြီးသည်နှင့် သူမ၏လက်ကို

ဓားတစ်လက်အဖြစ်ပြောင်းကာ

ယန်ယဲ့အား လက်ညှိုးညွှန်လိုက်သည်။

“ဆူး…”

ဓားတစ်ခေျာင်းက ယန်ယွဲ့၏နဖူးကို

ထိုးသွင်းလာသည်။

ဓားကအလွန်လျင်မြန်သည်။

မြန်လွန်းသဖြင့် ယန်ယွဲ့သည်ပင်

အနည်းငယ် အံ့သြသွားရသည်။ သို့သော်

ထိုကဲ့သို့အရှိန်လောက်ဖြင့် သူ့ကို

သတ်ဖို့က မဖြစ်နိုင်ပါ။ ထို့ပြင်

ဓားအရှိန်ကမြန်နေသည့်တိုင်

ခွန်အားမလုံလောက်ပေ။

ယန်ယဲ့အတွက်တော့ သာမန်
ခွန်အားလောက်ဖြင့်ပင် ဓားကို
တားဆီးနိုင်သည်။

သို့သော် သူကထိုသို့ မလုပ်ခဲ့ပေ။
ညာခြေကိုတစ်ချက်ဆောင့်ပြီး  နေရာမှာ
ပင် ဖျတ်ခနဲ ပျောက်သွားခဲ့သည်။
တစ်ချိန်တည်းမှာပဲ လက်တစ်ဖက်က
အမျိုးသမီး၏လည်ချောင်းကို
ဖမ်းဆုပ်ထားခဲ့သည်။

အမျိုးသမီး၏မျက်လုံးများက
ပြုံးကျယ်သွားကာ
မယုံကြည့်နိုင်မှုများဖြင့်
ပြည့်နှက်နေသည်။

သူမနှင့်အသက်
အရွယ်တူလောက်သာရှိသေးသော
ဤလူငယ်က တစ်ချက်တည်းဖြင့်
အနိုင်ယူသွားခဲ့သည်။ ယန်ယဲ့က
ဘာမပြော ညာမပြောနဲ့ အမျိုးသမီးကို

လည်ပင်းကနေ ဆွဲမပြီး မြေပြင်နှင့်
ကိုင်ရိုက်ချလိုက်သည်။

မြေပြင်က ချက်ချင်းပင်
အက်ကွဲသွားသည်။
အမျိုးသမီး၏ခေါင်းက မြေကြီးထဲသို့
နစ်ဝင်သွားခဲ့သည်။ ဤအတောအတွင်း
ဓားစွမ်းအင်တစ်စင်းက ယန်ယဲ့၏
နောက်ကျောဘက်ကနေ
တိုးဝင်လာသည်။ ယန်ယဲ့က

လက်ယာဓား၏

လည်ပင်းကိုဆုပ်ကိုင်ထားရာမှ

လွှတ်ပေးလိုက်ပြီး နောက်လှည့်ကာ

လက်သီးဖြင့်ထိုးလိုက်သည်။

“အုန်း...”

ကျယ်လောင်သော

ပေါက်ကွဲသံကြီးထွက်ပေါ်လာသည်။

တစ်ချိန်တည်းမှာပဲ တစ်မြို့လုံးရှိ

မရေမတွက်နိုင်သော ကျင့်ကြံသူများကို ဆွဲဆောင်လိုက်သည်။

"ဒီလောက်ကြောက်စရာကောင်းလွန်းတဲ့ ရုပ်ခန္ဓာခွန်အား"

တစ်စုံတစ်ယောက်က တုန်လှုပ်ချောက်ချားစွာဖြင့် "လောကသခင်အဆင့်တောင်ဖြစ်ကောင်း ဖြစ်နိုင်တယ်။ သူ့ခန္ဓာကိုယ်ကို

ဒီလောက်အတိုင်းအတာအထိ

ကျင့်ကြံနိုင်တာက ကြီးမားတဲ့

ညာဏ်ကြီးရှင်တစ်ယောက်ပဲ”

မြို့ရိုးအဆုံးတွင် လက်ဝဲဘေးသမားက

သူမ၏ ညာလက်ကို

တစ်ချက်ကြည့်လိုက်သည်။ ဒီအချိန်မှာ

သူမ၏ညာလက်က အက်ကွဲသွားပြီး

သွေး တဆက်ဆက်စီးကျနေသည်။

ထိုပြင် သူမ၏ဓားကလည်း အက်ရာများ ထပ်နေခဲ့သည်။

“ဒီလောက်အစွမ်းထက်တဲ့ ရုပ်ခန္ဓာခွန်အား”

လက်ဝဲဓားသမားက ယန်ယွဲ့ကို မော့ကြည့်ကာ “ဆရာကြီးယန် ငါတို့မှာ မကောင်းတဲ့ ရည်ရွယ်ချက်မရှိဘူး”

“မင်းမရှိဘူးလား…”

ယန်ယဲ့ကပြုံးပြီး “မင်းတို့နှစ်ယောက်က ငါ့ကိုသတ်ဖို့ ကြိုးစားနေတာတောင် မကောင်းတဲ့ရည်ရွယ်ချက်မရှိဘူးလို့ပြော နေတာလား…”

စကားပြောပြီးသည်နှင့် ယန်ယဲ့သည် ချက်ချင်းဆိုသလို ပျောက်ကွယ်သွားတော့သည်။

နောက်တစ်ကြိမ်ပြန်ပေါ်လာသည်နှင့်

လက်ဝဲဘားဓါ်ရှေ့သို့ ရောက်နေခဲ့သည်

သူမ၏ မျက်လုံးများက

ကျဉ်းမြောင်းသွားကာဓားကို မြှောက်ပြီး

ရှေ့လှမ်းထိုးလိုက်သည်။

သို့သော် ယန်ယဲ့ က ဓားကို

ဆွဲကိုင်လိုက်သည်။ သူက လက်ဗလာနဲ့

ကိုင်လိုက်တာပါ။ လက်ဝဲဓားသမား၏

မျက်လုံးထဲမှ

စိတ်ပျက်အားငယ်မှုတို့ပေါ်လာသည်။

ထိုလူငယ်၏ ခွန်အားက

သူတို့နှစ်ယောက်ပေါင်းထားသည့်တိုင်

မယှဉ်နိုင်ကြောင်း သိသာပါသည်။

“အစ်ကိုယန်၊ ကျေးဇူးပြုလို့

ညှာတာပေးပါ”

သို့သော် ရုတ်တရက် ဘေးနားမှ တိုးညင်းသောအသံတစ်သံထွက်ပေါ်လာသည်။

ယန်ယဲ့က လှည့်ကြည့်လိုက်ရာ အဖြူရောင်ဝတ်ဆုံဝတ်လူတစ်ယောက် ဖြည်းညင်းစွာ လျှောက်လာသည်ကို တွေ့လိုက်ရသည်။ ထိုလူက အလွန်ချောမောလှသည်။ သူ့မျက်နှာက အပြစ်ကင်းစင်သောအသွင် အပြင်၊

သွယ်လျပြီး အရပ်ရှည်သော
ခန္ဓာကိုယ်နှင့် မျက်နှာပေါ်တွင်
အဖြူရောင် ပုဝါကို ဖုံးအုပ်ထားသည်။

သို့သော် အလွန်ပျော့ပျောင်းပုံရသည်။
မှန်သည်
ယောက်ျားတစ်ယောက်မဟုတ်ပေ။
ယောက်ျားတစ်ယောက်လို
ဝတ်ဆင်ထားသော
မိန်းပျိုတစ်ယောက်ဆိုတာ

သိသာပါသည်။ သူမက ယန်ယွဲ့ထံသို့ လျှောက်လာသော်လည်း ယန်ယွဲ့က လက်ဝဲဘေးသမားဓါးကို ဆုပ်ကိုင်ထားဆဲပါ။

သူမက ပြုံးပြီး "ဆရာကြီးယန်၊ သူမကို လွှတ်ပေးလို့ ရမလား.."

ယန်ယွဲ့က ခေါင်းခါလိုက်ပြီး "ငါ့ကိုရှင်းပြပါဦး။ မင်းမတတ်နိုင်ရင်

မင်းရဲ့ လက်အောက်ငယ်သားတွေကို

နှစ်ယောက်စလုံး

ခေါင်းဖြတ်ပေးလိုက်မယ်”

ထိုစကားကြားလိုက်သည်နှင့်

လက်ဝဲစားသမား၏ အမူအရာက

ပြောင်းသွားသည်။

အမျိုးသမီးကပြုံးပြီး “နင်က

လူတစ်ယောက်ကိုရှာဖို့

ထာဝရနယ်စပ်ကနေ လာခဲ့တာ၊ ငါနင့်ကို ကူညီပေးနိုင်လိမ့်မယ်”

ယန်ယဲ့က ဓားကို လွှတ်ပေးလိုက်ပြီး “ဘယ်လိုလဲ…”

မိန်းမလှက ပြုံးပြီး “အခြားနေရာသွားရအောင်”

ယန်ယဲ့က “ကောင်းပြီ”

ဒီအချိန်မှာ အမျိုးသမီးက မြေပြင်ပေါ်

လဲကျနေသော အမျိုးသမီးကို

ငုံ့ကြည့်ကာ

ခေါင်းယမ်းလိုက်သည်။ ထို့နောက်

လက်ဝဲဘက်ကို စိုက်ကြည့်လိုက်သည်။

ထိုနောက်နှစ်ယောက်စလုံး

ကမန်းကတန်း

ဒူးထောက်လိုက်ကာ "သေသင့်ပါတယ်"

အမျိုးသမီးက မျက်လုံးမှိတ်ပြီး “နင်တို့ရဲ့ မောက်မာထောင်လွှားတာက ပြဿနာဖြစ်တယ်။ ဒါကိုပြင်ဖို့လိုတယ်”

စကားပြောပြီးနောက် လှည့်ထွက်သွားသည်။ ယန်ယွဲ့က နောက်ကနေလိုက်လာခဲ့သည်။ သို့သော်သူက  မိန်းမလှ၏နောက်ကျော ကိုငေးကြည့်ရင်း အတော်လေး

သတိထားနေမိသည်။ သူ့အတွက်
မိန်းမလှက အန္တရာယ်ရှိတယ်ဟု
ခံစားရလို့ပါ။

နောက်ဆုံးတွင်
အဆင့်(၂)အကန့်အသတ်ချိုးဖျက်နယ်ပ
ယ်နှင့် ရင်ဆိုင်ရချိန်မှာတောင် သူ့အတွက်
ဘာအန္တာရယ်မှ ခံစားရမည်မဟုတ်ပေ။

ခဏအကြာတွင် မိန်းမလှက

တိမ်ပင်လယ်ခန်းမဟုခေါ်သော နေရာသို့

ခေါ်ဆောင်လာခဲ့သည်။

တိမ်ပင်လယ်ခန်းမသည်

ချောက်ကမ်းပါးပေါ်တွင်

တည်ဆောက်ထားခဲ့သည်။

ဤနေရာတွင် ဝါးအိမ် သုံးလုံးသာ ရှိ၏။

တစ်ယောက်ယောက်က ဝါးအိမ်ထဲကနေ ထွက်လာလျှင် တိမ်တိုက်များကို မြင်နိုင်ပေမည်။ ထိုပြင် မီတာရာချီသော ပတ်လည်ဧရိယာက အင်မော်တယ်တို့ စံမြန်းရာနေရာနှင့်ပင် တူနေသေး၏။

မိန်းမလှက ချောက်ကမ်းပါး အစွန်းရှိ ကျောက်စိမ်းတုံးပေါ်တွင် တင်ပျဉ်ခွေထိုင်လိုက်သည်။ သူမရှေ့တွင် လက်ဖက်ရည်စားပွဲတစ်ခုတင်ထားသည်

။ စားပွဲပေါ်တွင် ခွက်နှစ်ခွက်နှင့်
အသီးအနှံအချို့ တင်ထားသည်။
ဘေးနားမှာ အမျိုးသမီး
နှစ်ယောက်ရပ်နေသည်။ တစ်ယောက်က
လက်ဝဲဘက်ဖြစ်သည်။
ကျန်တစ်ယောက်က လက်ယာဘက်ဟု
ခေါ်ဆိုသည်။

မိန်းမလှက ယန်ယဲ့၏ပခုံးပေါ်ရှိ

နှင်းပွင့်ကို တစ်ချက်ကြည့်လိုက်သည်။

“ဒါက ဝိညာဉ်ဖန်ဆင်းရှင်လား…”

ယန်ယဲ့က သူမကို

တစ်ချက်ကြည့်လိုက်သည်။

“မဟုတ်သေးဘူး”

သူမက ပြုံးလိုက်ပြီး စားပွဲကို

ညာလက်နှင့် ခေါက်လိုက်သည်။

ခဏအကြာတွင် စားပွဲပေါ်၌ အနီရောင်
တလျှပ်လျှပ် တောက်ပနေသော
သစ်သီးတစ်လုံး ပေါ်လာသည်။
သစ်သီးပေါ်လာသည်နှင့် ဤနေရာတွင်
လန်းဆန်းသောရနံ့တစ်ခုထွက်ပေါ်လာသ
ည်။ လူတိုင်း၏စိတ်ဝိညာဉ်ကို
လန်းဆန်းသွားစေသည်။

အနီရောင်သစ်သီးကို မြင်သောအခါ
လက်ဝဲဘက်နှင့် လက်ယာဘက်တို့၏

မျက်လုံးထဲမှထိတ်လန့်ဟန်များ
ပေါ်လာကြသည်။

နတ်ဘုရားဝိညာဉ်သစ်သီး။

၎င်းသည် ကျင့်ကြံမှုအဆင့်နှင့်
သွေးလမ်းကြောင်းကို
တိုးမြှင့်စေနိုင်သည့်
နတ်ဘုရားရတနာဖြစ်သည်။
လူသားကျင့်ကြံသူများအတွက်သာမက

နတ်ဆိုးများအတွက်ပါ အသုံးဝင်သည်။ သိုင်းနတ်ဘုရားဂိုဏ်းမှာပင် ထိုကဲ့သို့ နတ်ဘုရားအဆင့် ဝိညာဉ်သစ်သီးများ အများကြီး မရှိပေ။

မိန်းမလှက နှင်းပွင့်ကို တစ်ချက်ကြည့်ပြီး ပြုံးကာ ပစ်ပေးလိုက်သည်။ “ဒါက နင့်အတွက်ပဲ”

လက်ဝဲဘားနှင့် လက်ယာဘားတို့

နှစ်ယောက်စလုံးသည် မြေပြင်ပေါ်သို့

မေးရိုးများ ထိကပ်လုနီးပါးပင်။

“ဒီအကောင်လေးကို ပေးနေတာလား”

နှစ်ယောက်စလုံးက နှင်းပွင့်လေးကို

စိုက်ကြည့်နေသည်။ ထိုနတ်ဘုရားအဆင့်

ဝိညဉ်သစ်သီးကိုပင်

ပေးလိုက်သောကြောင့်

အဖြူရောင်အကောင်လေးက ဘယ်လို

ထူးခြားနေသလဲ။

နောက်ဆုံးတွင်

အဆင့်(၂)လောကသခင်မှူလနတ်ဆိုးတစ်

ကောင်ပင် ထိုသစ်သီးကိုရရှိရန်

မိန်းမလှထံ၌ ဆယ်စုနှစ်

နှစ်ခုကြာသည်အထိ အစေခံလုပ်ခဲ့သည်။

သို့သော် မိန်းမလှက ချက်ချင်း

သဘောတူလိုက်ခြင်းမဟုတ်ပေ။

ယခုတော့ ထိုအဖြူရောင်

အကောင်လေးကို ကျေကျေနပ်နပ်ကြီး

ပေးလိုက်သည်။

Translated by NyiNyiSoe.

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၇၆၇ -

နတ်ဘုရားအဆင့်

လျှို့ဝှက်ဆန်းကြယ်သော

ဝိညာဉ်သစ်သီး။

အမှန်တော့ ယန်ယဲ့၏အမြင်အရ

စားပွဲအပေါ်ရှိအသီးအနှံများက

မဆိုးလှပေ။ မူလစေတီထဲမှာ

ကျန်နေခဲ့သော

နွားနတ်ဆိုး၏မျက်လုံးထဲမှာပင်

လောဘအရိပ်အယောင်များ

ပြည့်နှက်နေသည်။ သို့သော်
နှင်းပွင့်အတွက် ဘာမှမဟုတ်ကြောင်း
ကောင်းကောင်းသိနေသည်။
နောက်ဆုံးတွင် နှင်းပွင့်လေးမှာ
ဝါးသေတ္တာလွယ်ထားသော
အဘိုးကြီးဆီမှ ရရှိထားသော
အသီးတစ်မျိုးရှိနေသေး၏။

ထိုအရာက စစ်မှန်သော
နတ်ဘုရားအဆင့်မြင့်ရတနာသစ်သီးတစ်

လုံးဖြစ်သည်။ လက်ဝဲဘားက ဝင်ပြောချင်သော်လည်း မိန်းမလှက သူမကို အေးစက်စက်အကြည့်ဖြင့် တစ်ချက်ကြည့်လိုက်သည်။

ထို့နောက် ယန်ယဲ့ကို ပြုံးပြပြီး

“အစ်ကိုယန်

နင်သူတို့ကိုဘယ်လိုထင်လဲ...”

ယန်ယဲ့က လက်ဝဲဓားနှင့် လက်ယာဓားကို တစ်ချက်ကြည့်လိုက်ပြီး “သူတို့ရဲ့ ပင်ကိုယ်စွမ်းရည်က အရမ်းကောင်းတယ် ဒါပေမဲ့ သူတို့ရဲ့ ပင်ကိုယ်စရိုက်က ဆိုးတယ်။ စိတ်ဓာတ်က ပိုတောင်ဆိုးသေးတယ်”

ကောင်းမွန်သော သဘာဝစွမ်းရည်။

အမှန်တော့ လက်ဝဲခြားနှင့် လက်ယာခြား

နှစ်ယောက်စလုံးက

အသက်(၂၀)ဝန်းကျင်သာရှိသေးသော်လ

ည်း မူလတာအိုသခင်များ ဖြစ်နေပါပြီ။

ထို့ပြင် နှစ်ယောက်စလုံး၏

ခြားစိတ်ဆန္ဒက

ဖန်ဆင်းရှင်အထွတ်အထိပ်ပါ။

မူလတာအို

ခြားစိတ်ဆန္ဒနှင့် ခြေလှမ်းတစ်ဝက်လော

က်သာ ဝေးတော့သည်။

အသက်(၂၀)အရွယ်မှာတင်

ထိုအောင်မြင်မှုများက

အတော်ကြောက်စရာကောင်းလှသည်။

သူ့မှတ်ချက်ကို ကြားသောအခါ

မိန်းမလှက တခစ်ခစ်ရယ်နေသည်။

သို့သော် ခဏသာကြာသည်။

သူမကအပြင်းအထန်ချောင်းဆိုးလိုက်သ

ည်။ လက်ဝဲဘက်များနှင့် လက်ယာဘေး

နှစ်ယောက်စလုံးက

မိန်းမလှထံအလျင်အမြန်လျှောက်လာပြီး

နောက် လက်ဝဲဘားက ပုလဲဖြူတစ်လုံးကို

ကမ်းပေးလိုက်သည်။

မိန်းမလှက ခေါင်းကို အနည်းငယ်

ခါယမ်းလိုက်သည်။

သို့သော်လည်း လက်ဝဲဘားက

စိုးရိမ်တကြီးနှင့် “သခင်မလေး ဒါကို

စားလိုက်ပါ” ဟု ကမန်းကတန်း ပြောလိုက်သည်။

နှစ်ယောက်စလုံး၏ မျက်နှာပေါ်တွင် စိုးရိမ်ပူပန်မှုများကို မြင်သောအခါ မိန်းမလှကပြုံးပြီး ပုလဲဖြူကို ယူကာ မျိုချလိုက်သည်။

ထိုနောက် သူမက ယန်ယွဲ့ကို စိုက်ကြည့်ကာ “ဆရာကြီးယန်၊

ဒီအစေခံတွေကို ငါမွေးထားတာ။

သူတို့က ငါ့အစေခံတွေဖြစ်နိုင်ပေမဲ့

တကယ်တော့ ငါ့အတွက် ချစ်ခင်ရတဲ့

လူတွေလိုပဲ။ ဒါပေမဲ့ ဒါနဲ့ သူတို့ရဲ့

ကိုယ်ပိုင်အရည်အချင်းတွေကြောင့်နည်း

နည်း မာနထောင်လွှားပြီး

မောက်မာလာတယ်ဆိုတာ

ငြင်းဆန်လို့တော့မရဘူး”

သူမက ခေါင်းငုံ့ထားသော

အမျိုးသမီးငယ်နှစ်ယောက်ကို ကြည့်ပြီး

“ဆရာကြီးယန်ကို ဒီကိုလာဖို့

ဖိတ်ခိုင်းတုန်းက ငါဘာပြောခဲ့လဲ...”

လက်ဝဲဓားက ခဏာမျှတုံ့ဆိုင်းသွားပြီး

“ရိုရိုသေသေနဲ့ဖိတ်ခေါ်လာဖို့ပါ”

“တကယ်လို့ ဆရာကြီးယန်က လိုက်လာဖို့

ငြင်းရင် အတင်းမတိုက်တွန်းပါနဲ့”

“ဒါပေမဲ့ နှစ်ယောက်စလုံးက
ဘာလုပ်လိုက်သလဲ…”

မိန်းမလှက ထပ်မေးသည်။

နှစ်ယောက်စလုံးတိတ်ဆိတ်နေကြသည်။

အမျိုးသမီးက ယန်ယဲ့ကို စိုက်ကြည့်ကာ
ပြုံးပြီး “သူ့အရမ်းသန်မာတယ်ဆိုတာ

နင်တို့သိရင် ဒီလိုပဲလုပ်မှာလား…။

နင်တို့မလုပ်ဘူး

အားကြီးတဲ့သူကိုလေးစားသင့်ပေမဲ့

အားနည်းတဲ့သူတွေကိုလည်း

မလေးမစားမလုပ်သင့်ဘူး။ ဒီနေ့က

ဒီသင်ခန်းစာကို ရသွားပြီးဆိုတော့

အခြားသူတွေထက်သာလွန်တဲ့

စိတ်သဘောထားနဲ့ ထပ်ပြီး

လုပ်ဆောင်နိုင်ရင် ထွက်သွားနိုင်ပြီ”

နှစ်ယောက်စလုံး၏ မျက်နှာများ

ချက်ချင်းဖြူဖျော့သွားသည်။

ထိုနောက်မြေပြင်ပေါ် ဒူးထောက်ပြီး

အဆက်မပြတ်

ခေါင်းညိတ်လိုက်ကြသည်။

“မတ်တတ်ရပ်လိုက်စမ်း”

မိန်းမလှက သူမ၏လက်ကို ညင်သာစွာ

ဝှေ့ယမ်းလိုက်ရာ လေလှိုင်းတစ်ခုက

နှစ်ယောက်စလုံးကို
မတ်တတ်ပြန်ရပ်စေသည်။

“ဆရာကြီးယန်ကို တောင်းပန်လိုက်”

နှစ်ယောက်စလုံး တုံ့ဆိုင်းမနေဘဲ
ယန်ယဲ့၏ ရှေ့သို့ လျှောက်လာကာ
“ဆရာကြီးယန်၊ ငါတို့မှားသွားပါတယ်၊
ကျေးဇူးပြုပြီး ငါတို့ကို ခွင့်လွှတ်ပါ”

ယန်ယဲ့က နှစ်ယောက်စလုံးကို

ငုံ့ကြည့်ပြီး အနည်းငယ်

ခေါင်းညိတ်လိုက်သည်။ သို့သော်

မိန်းမငယ်လေး နှစ်ယောက်စလုံးက

သူ့ကို မော့မကြည့်ရဲပေ။

ယန်ယဲ့က ခေါင်းယမ်းပြီး

အနည်းငယ်ပြုံးကာ

မိန်းမလှကို “ငါတို့အလုပ်ကိစ္စ

ဆက်ပြောမလား...”

မိန်းမလှက ပြုံးပြီး “ဟုတ်တယ်။

ငါ့ကိုယ်ငါ မိတ်ဆက်ခွင့်ပြုပါ

ငါ့နာမည်က အားလန်လို့ခေါ်တယ်”

“အားလန်”

နာမည်က အတော်လေးကို

ကြောင်တောင်တောင်နိုင်သော်လည်း

ယန်ယဲ့က သိပ်ပြီး စဉ်းစားမနေပေ။

သူက တည့်တည့်သာပြောလိုက်သည်။

“မိန်းကလေးအားလန်၊ ငါ့မိတ်ဆွေကို

ရှာဖွေဖို့

မင်းကူညီပေးနိုင်တယ်လို့ပြောခဲ့တယ်။

ဒါက အမှန်ပဲလား…”

မိန်းမလှအာလန်ကပြုံးပြီး

“ဟုတ်ပါတယ်”

ယန်ယဲ့က "မင်းဘာပြန်လိုချင်လဲ..."

အာလန်က

သူမ၏လက်ဖက်ရည်ခွက်ထဲမှ

တစ်ခွက်ကို ယူလိုက်ပြီး

ငါ့ခန္ဓာကိုယ်ထဲမှာရှိတဲ့ ပြဿနာတွေကို

နှင်လည်း သတိထားမိတာ

သေချာပါတယ်။

တစ်ချို့အကြောင်းအရင်းတွေကြောင့်

ငါက နှစ်ပေါင်းများစွာကြာတဲ့အထိ

နေမကောင်းဖြစ်နေခဲ့တာ ဘယ်လိုပဲ
ကြိုးစားနေနေ ကုသဖို့မဖြစ်နိုင်ဘူး။
အစပိုင်းမှာ ငါ့ရောဂါကို ကုသနိုင်ဖို့
နတ်ဘုရားရတနာတစ်ပါးရရှိဖို့ဆိုတဲ့
မျှော်လင့်ချက်နဲ့ ထာဝရနယ်နိမိတ်ကို
ရောက်လာခဲ့သေးတယ်။ ဒါပေမဲ့
ငါရှာဖွေတာက အလကားဖြစ်သွားတယ်။
ပြီးတော့ ငါထွက်သွားခါနီးမှာပဲ
နင့်အကြောင်း

သတင်းတွေ ရခဲ့တယ်”

ယန်ယဲ့က “ငါ့ရဲ့
မူလခရမ်းရောင်စွမ်းအင်လား...”

မိန်းမလှအာလန်က ပြုံးပြီး “မှန်ပါတယ်။
ဒါက သဘာဝတရားရဲ့ ထိပ်တန်း
ဝိညာဉ်စွမ်းအင် (၁၀)မျိုးထဲက
တစ်ခုဖြစ်တယ်။ ဒါ့ပြင် အဲ့ဒါကို
ကုသခြင်းရဲ့ နတ်ဘုရားဝိညာဉ်စွမ်းအင်လို့

သတ်မှတ်နိုင်တယ်။

ငါမှာမူလခရမ်းရောင်စွမ်းအင်ရဖို့

နည်းလမ်းရှိရင် ငါရောဂါကို

ကုသဖို့ဖြစ်နိုင်တယ်”

ယန်ယဲ့က လက်ဖက်ရည်

တစ်ကျိုက်မော့သောက်ပြီး “ကျင်းအာကို

တွေ့အောင်သာရှာပေး။ ငါမင်းကို

ကုသပေးမယ်”

အားလန်ကပြုံးပြီး “ကောင်းပြီ”

သူမက မြေပုံတစ်ခုကို ထုတ်ယူလိုက်ပြီး ယန်ယဲ့ရှေ့မှာချပေးလိုက်ရင်း “ဒါက မြင့်မြတ်သောသိုင်းပညာကမ္ဘာရဲ့ မြေပုံပဲ။ အနီရောင်နဲ့ မှတ်ထားတဲ့နေရာတွေက ဒီတိုက်ကြီးရဲ့ တားမြစ်နေရာတွေ”

သူမက အနီရောင်နှင့် မှတ်ထားသော စက်ဝိုင်းနှစ်ခုကို ညွှန်ပြရင်း "သူမဒီနေရာတွေအထဲက တစ်နေရာမှာ ရှိနေနိုင်ခြေအရမ်းများတယ်" ဟု ဆက်ပြောသည်။

ယန်ယဲ့က "ဘာဖြစ်လို့လဲ..."

အာလန်က ပြုံးပြီး "ဒါက ငါနဲ့မရင်းနှီးတဲ့ မြင့်မြတ်သောသိုင်းပညာကမ္ဘာရဲ့

တစ်ခုတည်းသော နေရာတစ်ခုပဲ။

ရိုးရိုးသားသားပြောရလျှင်

နှင်ရောက်မလာခင်မှာ

အန်နန်ချင်ကိုရှာဖွေဖို့ ငါ့လူတွေကို

စေလွှတ်ခဲ့သေးတယ်။ ကံမကောင်းစွာဘဲ

အခြားနေရာတွေမှာ သူ့ရဲ့

အရိပ်အယောင်မရှိဘူး”

ယန်ယဲ့က ခဏတုံ့ဆိုင်းသွားပြီး “သူမ အခြားနေရာတွေမှာ မရှိတာ သေချာလား...”

အားလန်ကပြုံးပြီး “သေချာပါတယ်”

ယန်ယဲ့က မြေပုံကို ဆက်ကြည့်လိုက်သည်။ မြေပုံပေါ်ရှိ အမှတ်အသားပြထားသောနေရာများမှာ သိုင်းနတ်ဘုရားသချိုင်းနှင့်

တောင်ပိုင်းဟင်းလင်းပြင်
ကုန်းမြေတို့ဖြစ်သည်။

ယန်ယဲ့က အားလန်ကိုစိုက်ကြည့်ကာ
“ဒီနေရာတွေက ဘာတွေလဲ...”ဟု
မေးလိုက်သည်။

အားလန်က “ဒီနေရာနှစ်ခုကို
မြင့်မြတ်သောသိုင်းပညာကမ္ဘာရဲ့
လျှို့ဝှက်အဆန်းကြယ်ဆုံးနေရာတွေလို့

သတ်မှတ်နိုင်တယ်။ အထူးသဖြင့်

သိုင်းနတ်ဘုရားသ္ချိုင်းပဲ။

ရှောင်ရှန်းဝူတစ်ယောက်ပဲ

အဲ့ဒီနေရာကနေ အသက်ရှင်လျက်

ထွက်လာနိုင်တယ်။ တောင်ပိုင်း

ဟင်းလင်းပြင်ကုန်းမြေနဲ့

ပတ်သက်ရင်တော့ ငါအဲ့ဒီကို

မရောက်ဖူးပေမဲ့

ငါအဲ့ဒီအကြောင်းကို  နည်းနည်းသိထား

တယ်။ အဲ့ဒီမှာ လျှို့ဝှက်ဆန်းကြယ်တဲ့
ပညာရှင်တစ်ယောက်ရှိတယ်။ အဲ့ဒီလူက
ဘယ်လောက်သန်မာလဲ
ဘယ်အဆင့်လဲတော့ မသိနိုင်ဘူး”

“သိုင်းနတ်ဘုရားသင်္ချိုင်း”

ယန်ယွဲ့က သိုင်းနတ်ဘုရားသင်္ချိုင်းကို
အရင်ဆုံးစိုက်ကြည့်ကာ

“မိန်းကလေးအားလန်၊ ဘာကြောင့်
နတ်ဘုရားသင်္ချိုင်းလို့ ခေါ်တာလဲ…”

အာလန်က ပြုံးပြီး “ဒဏ္ဍာရီအရတော့
အဲ့ဒီနေရာမှာ သိုင်းပညာတာအိုရဲ့
အထွတ်အထိပ် စွမ်းအားရှင်ကို
မြှုပ်နှံထားတယ်။ ဒါပေမဲ့ ဒီဒဏ္ဍာရီက
ဟုတ်မဟုတ်တော့ ငါလည်း မသိဘူး”

ယန်ယဲ့က ခေါင်းညိတ်ပြီး“ဒါဆို

ငါသွားကြည့်လိုက်မယ်”

လက်ဝဲဘားနှင့် လက်ယာဘားနှင့်

မတတ်နိုင်ဘဲ ယန်ယဲ့ကို

ငေးကြည့်လိုက်သည်။

သိုင်းနတ်ဘုရားသချိုင်းကို သွားရန်

ဆုံးဖြတ်ထားသည်လား။ ၎င်းက

မြင့်မြတ်သောသိုင်းပညာကမ္ဘာ၏

အန္တရာယ်အရှိဆုံး
တားမြစ်နယ်မြေတစ်ခုဖြစ်ခဲ့သည်။

အားလန်က ရုတ်တရက် ပြောခဲ့သည်
“ဆရာကြီးယန်၊
နင်ဘာအကူအညီလိုသေးလဲ...”

ယန်ယွဲ့က ခဏလောက်စဉ်းစားပြီး
“ကျေးဇူးပြု၍လို့
သူမဘယ်မှာရှိတယ်ဆိုတာ ဆက်ပြီး

စုံစမ်းပေးပါ။ တစ်ခုခုထူးခြားရင် ငါ့ကို
အကြောင်းကြားပေး”

အားလန်ကပြုံးပြီး “ကောင်းပြီလေ”

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး
နှင်းပွင့်ကို ပွေ့ချီလျက်
ထွက်သွားရန်ပြင်လိုက်သည်။ သို့သော်
နှင်းပွင့်က လက်ယားအားကို ရုတ်တရက်

စိုက်ကြည့်ပြီးနောက် သူမဆီသို့

ပြေးသွားခဲ့သည်။

နှင်းပွင့်လေးက

သူမ၏လက်ဖဝါးလေးကို

မြှောက်လိုက်ရာ

သူမ၏လက်သည်းများအကြားတွင်

ပုဆိန်လေးတစ်လက်ပေါ်လာသည်။

ဒီအကောင်လေးက

တိုက်ခိုက်ချင်နေတာလား...။

ယန်ယဲ့သည် အံ့အားသင့်သွားသော်လည်း

သိပ်မကြာဘဲ

ရယ်မောလိုက်သည်။ အကြောင်းမှာ

နှင်းပွင့်လေးက မတိုက်ခိုက်ဘဲ

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်ကိုမြှောက်

ပြီး လက်ယာဓားကို ထိုးချိန်လျက်

ပြန်သိမ်းလိုက်သည်။

လက်ယာဓားက

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်ကိုမြင်

သောအခါ ထိတ်လန့်သွားသည်။

“နတ်ဘုရားရတနာ”

လုံးဝကို

နတ်ဘုရားရတနာတစ်ပါးဖြစ်သည်။

သို့သော် ၎င်းက အဆုံးမဟုတ်ပေ။

နှင်းပွင့်လေးက

သူမ၏လက်သည်းတစ်ဖက်ကို

လှန်လိုက်သည်နှင့်

ရွှေစေတီငယ်တစ်ဆူပေါ်လာသည်။

ရှေးဦးမူလစေတီ။

“နောက်ထပ် နတ်ဘုရားရတနာလား…”

လက်ယာဓားက လုံးဝကို
အံ့အားသင့်နေခဲ့သည်။

၎င်းက အဆုံးမဟုတ်သေးပါ။
နှင်းပွင့်လေးက သူမ၏ လက်များကို
အဆက်မပြတ် ဝှေ့ယမ်းလိုက်ရာ
ဘူးသီးနက်၊ ဖိနှိပ်ခြင်း တံဆိပ်တော်၊
စကြဝဠာမှတ်တမ်း၊ မူလနတ်ဓား၊
ဝိညဉ်စွမ်းအင်လွှဲပြောင်းခြင်းကြေးမုံတို့
ပေါ်လာတော့သည်။

"ဒါ နတ်ဘုရား ...ရ... ရတနာတွေ..."

မှန်သည်။ အားလုံးက

နတ်ဘုရားအဆင့်ရတနာများဖြစ်သည်။

လက်ယာဓားက အံ့အားသင့်သွားသည်။

သူမက တစ္ဆေတစ်ကောင်ကို

မြင်လိုက်ရသလိုပင်။

သူမတစ်ယောက်တည်းသာမဟုတ်

မိန်းမလှအာလန်ပင်လျှင်

အလွန်အံ့အားသင့်သွားသည်။

အကြောင်းမှာ နတ်ဘုရား ရတနာများ

အလွန်များပြားလှသောကြောင့်ပင်။

သို့သော် ထိုအကောင်ငယ်လေးက

သာမန်လိုသဘောထားနေသဖြင့် သူမကို

အံ့ဩစေခဲ့သည်။

နှင်းပွင့်လေးက လက်ယာဓားကိုပြုံးပြပြီး

နတ်ဘုရားရတနာများကို မူလစေတီထဲသို့

ပြန်သိမ်းလိုက်၏။ ထို့နောက်

ယန်ယဲ့၏ပခုံးပေါ် ပြန်တက်သွားသည်။

ယန်ယဲ့က သူမ၏ခေါင်းကို ပွတ်သပ်ကာ

“ငါ့ရဲ့နှင်းခဲလေး”

Translated by NyiNyiSoe

May Be:

.အဆိုးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

# အပိုင်း ၂၇၆၈ -

နောက်ဆုံးတွင်

လက်ယာဓားက ထိတ်လန့်နေရာကနေ

သတိပြန်ဝင်လာသည်။

ထို့နောက် အားလန်ကို စိုက်ကြည့်ကာ

“သခင်မလေး သူမမှာ

သိုင်းနတ်ဘုရားဂိုဏ်းတွေထက်တောင်
နတ်ရတနာတွေအများကြီးရှိတယ်”

မြင့်မြတ်သောသိုင်းပညာတိုက်ကြီး၏
နံပါတ်တစ် အင်အားစုအနေနှင့်
စည်းစိမ်ဥစ္စာနှင့် ပတ်သက်လျှင်
ထိုအကောင်ငယ်လေးကို ယှဉ်လို့မရပေ။

နတ်ဘုရားရတနာများ။

လက်ယာဓားက

အလွန်တုန်လှုပ်သွားသည်။

ဤမျှများပြားသော နတ်ရတနာများကို

မြင်ဖူးတာက ပထမဆုံး အကြိမ်ပင်။

အားလန်က ခေါင်းယမ်းပြီး

ပြုံးလိုက်သည်။ “နင်သူမရဲ့

ပင်ကိုယ်စရိုက်အမှန်ကိုမသိဘူး။

နင်သိရင် မေးရိုးက မြေကြီးကို

ထိလောက်သွားတယ်။ အဲဒီ

မြင့်မြတ်တဲ့ရတနာတွေနဲ့ နှိုင်းယှဉ်လျှင် သူမက စစ်မှန်တဲ့ အရှားပါးဆုံး တည်ရှိမှုပဲ၊ နတ်ရတနာတစ်သောင်းတောင်မှ သူမနဲ့ မယှဉ်နိုင်ဘူး”

အားလန်က စကားပြောနေရင်း “နင်ဒီကို ရောက်လာမှတော့ ဘာလို့ ကိုယ့်ကိုယ်ကို မပြတာလဲ…”

ခဏကမျှတိတ်ဆိတ်သွားပြီးနောက်
အနီးအနားတွင်
အဘိုးကြီးတစ်ဦးပေါ်လာသည်။

အဘိုးကြီးက သူမအားစိုက်ကြည့်ကာ
ရုတ်တရက် “နင်က ဒီမှာက
ယန်ယဲ့အတွက်လား...” ဟု
ပြောလိုက်သည်။

အဘိုးကြီးက “ဟုတ်တယ်”

အားလန်က ခေါင်းညိတ်ပြီး “ငါသူနဲ့
သဘောတူညီချက်လုပ်ပြီးပြီ ဒါလေးပါပဲ
။ သူနဲ့ ထာဝရနယ်နိမိတ်ရဲ့
အင်အားစုတွေ
အကြားက  ရန်ငြိုးဖွဲ့စစ်ပွဲထဲကို ဝင်ပါဖို့
စိတ်မဝင်စားဘူး။
ဝိညာဉ်ဖန်ဆင်းရှင်အတွက်
တိုက်ပွဲဝင်ဖို့အတွက်လည်း
ရည်ရွယ်ချက်မရှိပါဘူး”

အဘိုးကြီးက “မင်းသူနဲ့
ဘာသဘောတူညီချက်ရခဲ့လဲ…”
ဟုမေးသည်။

အားလန်က
သူ့ကိုတစ်ချက်ကြည့်လိုက်ပြီး “နင်သိဖို့
မလိုဘူး”

အဘိုးကြီး၏မျက်လုံးများက
အနည်းငယ် ကျဥ်းမြောင်းသွားကာ
ဤနေရာတွင် ပြင်းထန်သော
ဖိအားလှိုင်းတစ်ခုပေါ်လာသည်။

အားလန်က သူမ၏လက်ဝါးကို
မြှောက်ပြီး စားပွဲပေါ်
အသာပုတ်လိုက်သည်။ ထိုခဏလေးမှာပဲ
စားပွဲပေါ်ရှိ ကျောက်စိမ်းခွက်က

အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲသွား
ပြီး အဘိုးကြီးထံပစ်လွှတ်လိုက်သည်။

“ဘန်း…”

ပေါက်ကွဲသံ ပဲ့တင်ထပ်ပြီး အဘိုးကြီးဟာ
အဝေးသို့ လွင့်ထွက်သွားခဲ့သည်။
သူ့ကိုယ်သူ ရပ်လိုက်သည်နှင့်
လက်ဖဝါးကို ငုံ့ကြည့်လိုက်ရာ
သွေးတဆက်ဆက်စီးကျနေသော

ဒဏ်ရာတစ်ခုရှိနေသည်။
လုံးလုံးနက်သွားပါက လက်တစ်ဖက်လုံး
ပြတ်သွားနိုင်သည်။

အဘိုးကြီးက သူ၏ညာဘက်လက်သီးကို
ဖြည်းညင်းစွာ
ဆုပ်လိုက်ပြီး မျက်လုံးထဲတွင်
ကြောက်ရွံ့ထိတ်လန့်သွားဖြင့် အားလန်ကို
မော့ကြည့်လိုက်သည်။

ဤအချိန်တွင် သူမက ဖြည်းညင်းစွာ ထရပ်လိုက်ကာ ဝါးအိပ်ထဲမှ ထွက်လာသည်။

“ငါ့ကို နောက်တစ်ခါထပ်ပြောခွင့်ပြုပါ။ ယန်ယဲ့နဲ့ ထာဝရနယ်နိမိတ်အကြားက ပဋိပက္ခထဲကို ဝင်ပါဖို့ ရည်ရွယ်ချက်မရှိဘူး။ ဒါပေမဲ့ နင်တို့အားလုံးက သူနဲ့ငါ့အကြားက လုပ်ငန်းကိစ္စကိုလည်း ဝင်ပြီး

မစွက်ဖက်သင့်ဘူး။

ငါတို့လုပ်ငန်းမပြီးမချင်း သူ့ကို

မနှောက်ယှက်ပါနဲ့ မဟုတ်ရင်

နင်တို့ထာဝရနယ်နိမိတ်ရဲ့ အင်အားစုတွေ

မြင့်မြတ်သောသိုင်းပညာတိုက်ကြီးထဲကို

ခြေချရဲတဲ့ မည်သူကိုမဆို နောက်တစ်နေ့

နေထွက်တာကို မြင်တွေ့ရမှာမဟုတ်ဘူး”

အဘိုးကြီးက “ဒါက

ခြိမ်းခြောက်မှုလား…”ဟု မေးသည်။

အားလန်က ရပ်လိုက်ပြီး ပြုံးကာ
“မှန်တယ် ဒါက ခြိမ်းခြောက်မှုပဲ”

စကားပြောပြီးနောက် သူမက
ပေါ့ပေါ့ပါးပါးချောင်းဆိုးလိုက်ပြီး “သူ့ကို
လွှတ်လိုက်”

အမိန့်ပေးလိုက်သည်နှင့်တစ်ပြိုင်နက်
အဘိုးကြီး၏နောက်ကွယ်တွင်

သန်မာသော

သက်လတ်ပိုင်းအမျိုးသားနှစ်ဦး

ပေါ်လာသည်။ နှစ်ယောက်စလုံးက

လောကသခင်များဖြစ်သည်။

အဘိုးကြီး၏အမူအရာက သိသိသာသာ

ပြောင်းလဲသွားသည်။

ဤအခိုက်အတန့်တွင်

သက်လတ်ပိုင်းအမျိုးသားနှစ်ဦး၏

စိတ်အာရုံအသိများက အဘိုးကြီးအပေါ်

ကျရောက်နေသည်။ အကယ်၍
အဘိုးကြီးသော ငြင်းပယ်ပါက
ချက်ချင်းတိုက်ခိုက်မည်မှန်း
သိသာပါသည်။

အဘိုးကြီးက ဝါးအိမ်ကို
ခဏစိုက်ကြည့်ကာ ထွက်သွား၏။
ဝါးအိမ်ထဲတွင် အားလန်က
ဝါးပင်အပေါ်တွင်
တင်ပျဉ်ခွေထိုင်နေသည်။

လက်ယာဓားနှင့် လက်ဝဲဓားက သူမနှင့် မလှမ်းမကမ်းတွင် ရပ်နေခဲ့သည်။

အားလန်က

တိုးတိုးလေးပြောလိုက်သည်။ “သူမကို ဆက်ရှာဖို့ပြောလိုက်၊ တိုက်ကြီးရဲ့ လျှို့ဝှက်အင်အားစုတွေနဲ့အခြား စွမ်းအားရှင်တွေကို အကူအညီပေးဖို့ တောင်းဆိုပါ။ ငါသူတို့ကို ခိုင်းတာလို့ ပြောလိုက်”

လက်ယာဘေးက ခဏာမျှတုံ့ဆိုင်းသွားပြီး

“သခင်မလေး ယန်ယွဲ့ရဲ့ခွန်အားက

လုံးဝမဆိုးပါဘူး ဒါပေမဲ့

သူကနင့်အတွက် လုံးဝမကိုက်ညီဘူး။

သူ့မှာ မူလခရမ်းရောင်စွမ်းအင်

ရှိတယ်ဆိုမှတော့ ဒါကို

အားသုံးပြီးတောင်းဆိုနိုင်တယ်။ ဘာလို့

အချိန်တွေအများကြီး

ဖြုန်းနေရတာလဲ...”

အားလန်က တခစ်ခစ်ရယ်ရင်း “သူက

သာမန်လူမဟုတ်ဘူး။ သူ့ကိုလိုက်သတ်ဖို့

ထာဝရနယ်နိမိတ်ရဲ့

အင်အားစုအားလုံးကို

ရန်သူဖြစ်အောင်လုပ်တာက သူ့က

အနိုင်ကျင့်ဖို့ လွယ်တဲ့သူလို့

နင်ထင်လို့လား...”

ထာဝရနယ်နိမိတ်။

နှစ်ယောက်စလုံး တုန်လှုပ်သွားကြသည်။

သူတို့က ထာဝရနယ်နိမိတ်ကို

သဘာဝကျကျသိထားကြသည်။

မြင့်မြတ်သောသိုင်းပညာတိုက်ကြီး၏

ပညာရှင်များ အားလုံးသွားချင်နေသည့်

နေရာတစ်ခုဖြစ်သည်။

အခုအချိန်အထိ အချိန်အတော်ကြာ
တိတ်ဆိတ်နေခဲ့သော လက်ဝဲဓားက
ရုတ်တရက် မေးလိုက်သည်။

“သခင်မလေး ဘာလို့သူ့ကို
သတ်ချင်နေကြတာလဲ...”

အားလန်ကပြုံးပြီး
“ဒီအဖြူရောင်လေးကြောင့်”

“အဲ့ဒီအိမ်မွေးသားရဲလေးက”

လက်ယာဓားက

“နည်းနည်းချစ်ဖို့ကောင်းတာ အပြင်

သူ့အတွက် ဘာမှထူးခြားတာမရှိဘူး”

အားလန်က

တခစ်ခစ်ရယ်မောနေသော်လည်း

ချက်ချင်းဆိုသလို

တဟွတ်ဟွတ်ချောင်းဆိုးလိုက်သည်။

အမျိုးသမီးနှစ်ယောက်က
သောက်ဆေးကို ကမန်းကတန်း
ကမ်းလိုက်သော်လည်း သူမ၏လက်ကို
ဖွေ့ယမ်းလိုက်သည်။

“သူမက နည်းနည်းလေးတင်
ချစ်စရာကောင်းတာ မဟုတ်ဘူး။ သူမက
အနာဂတ်မှာ စစ်မှန်တဲ့ အစွမ်းကို ပြခဲ့ရင်
မြင့်မြတ်သောသိုင်းပညာတိုက်ကြီးကို
ချက်ချင်း ဖျက်ဆီးပစ်နိုင်တယ်။

ဒါကြောင့်သူက

သာမန်လူတစ်ယောက်မဟုတ်သလို

အဲ့ဒီအဖြူရောင် အကောင်လေးကလည်း

သာမန်မဟုတ်ဘူး။ အနာဂတ်မှာ

မလိုလားအပ်တဲ့ ပြဿနာတွေကို

ရှောင်ရှားနိုင်ဖို့ သူနဲ့ ပူးပေါင်းလုပ်တာက

အကောင်းဆုံးပါ”

လက်ဝဲခြားက

ထပ်ပြီးမေးချင်သော်လည်း အားလန်က

သူ့လက်ကို ဝှေ့ယမ်းပြီး
“ငါခိုင်းတဲ့အတိုင်းပဲ သွားလုပ်ကြ”

နှစ်ယောက်စလုံးနောက်ထပ်
စကားမပြောဘဲ အနည်းငယ် ဦးညွတ်ကာ
ထွက်သွားသည်။ ယန်ယဲ့သည်
တိမ်ပင်လယ်ခန်းမမှ
ထွက်ခွာလာပြီးနောက်
သိုင်းနတ်ဘုရားသချိုင်းသို့
ဦးတည်လိုက်သည်။

တိမ်တိုက်ထဲတွင် နှင်းပွင့်က
ယန်ယဲ့၏ပခုံးပေါ်တွင်ထိုင်ပြီး
သူ့ခေါင်းကို မျက်နှာလေးနှင့်
အသာအယာပွတ်သပ်နေသည်။

ယန်ယဲ့က သူမကို ငုံ့ကြည့်ကာ
ခေါင်းယမ်းပြီး ပြုံးလိုက်သည်။
ထိုနှင်းခဲလေးက ပို၍ပို၍
ညက်ကောင်းလာပုံရသည်။ သို့သော်

ယန်ယဲ့သည် ကောင်းကင်ကို

မော့ကြည့်လိုက်သည်။ သူ၏

မျက်လုံးထဲတွင် စိုးရိမ်မှု

အရိပ်အယောင်များ ရှိနေသည်။

သူက အန်နန်ကျင်း၏ ပင်ကိုယ်စရိုက်ကို

ကောင်းကောင်းသိနေပါသည်။ သူ့ကို

ဆက်သွယ်နိုင်ပါက သေချာပေါက်

လုပ်ဆောင်မှာပါ။ ဒါဆို

သူမဘာလုပ်နေတာလဲ...။ ငါ့ကို ဆက်သွယ်လို့မရဘူးလား...။ ဒါမှမဟုတ် ငါ့ကို ဆက်သွယ်လို့ မအားလောက်အောင် အလုပ်ရှုပ်နေတာများလား...။ ယန်ယဲ့က ခေါင်းယမ်းကာ သူ့အတွေးများကို ထိန်းပြီး အရှိန်မြှင့်လိုက်သည်။

တစ်နာရီခန့်အကြာတွင် ရပ်တန့်သွားသည်။

ဤအခိုက်အတန့်တွင် သူသည်
အကန့်အသတ်မဲ့သော
တောင်တန်းတစ်ခုတည်းသို့
ဝင်ရောက်လာခဲ့သည်။
အကန့်အသတ်မရှိသော ပင်လယ်
သမုဒ္ဒရာထဲသို့ ဆင်းသွားသလိုပင်။
ယန်ယွဲ့သည် ဓားပျံကို စီးနင်းလျက်
ထပ်ပြီး ပျံသန်းခြင်းသော်လည်း
တောင်တန်းအထက်တွင် မမြင်နိုင်သော

စွမ်းအားတစ်ခု ရှိနေသဖြင့်
ရပ်တန့်လိုက်ရသည်။

အမှန်တော့ ထိုအရာက သူ့ကို
မတားဆီးနိုင်ပါ။ သို့သော် သူက
အင်အားသုံး မဖျက်ဆီးချင်ပေ။
နှင်းပွင့်က ယန်ယွဲ့၏ပခုံးအထက်မှ
ထိုင်နေရင်း ဘယ်ညာကြည့်နေသည်။
မလိုလားအပ်သော ပြဿနာများကို

ရှောင်ဖို့အတွက် ယန်ယဲ့က မူလနဂါးကို ဆင့်ခေါ်လိုက်ပါသည်။

နတ်နဂါးဖိအားက တောင်တန်းများရှိ နတ်ဆိုးများစွာကို ဟန့်တားထားနိုင်သည်။ မှန်သည် သူထင်သည့်အတိုင်းပင်။ လမ်းတစ်လျှောက်လုံးတွင် အနီးအနားသို့ ခြင်တစ်ကောင်မျှပင် ကပ်မလာပေ။ တောင်တန်းတစ်လျှောက်

နှစ်နာရီနီးပါးအကြာသွားနေပြီးနောက်

ယန်ယွဲ့သည် နောက်ဆုံးတွင်

ရပ်လိုက်သည်။ သူ့ရှေ့တွင်

ဧရာမဂူသင်္ချိုင်းကြီးတစ်ခု ရှိနေခဲ့သည်။

၎င်းဂူသင်္ချိုင်း၏ထိပ်ပိုင်း၌ စာလုံးနှစ်လုံး

ရှိသည်။

သိုင်းနတ်ဘုရားသင်္ချိုင်း။

ယန်ယဲ့က အနားကို လျှောက်သွားသည်။
ဂူသင်္ချိုင်းက သိပ်ပြီး မကြီးမားလှပေ။
ထိုပြင် ၎င်းနှင့်ပတ်သက်ပြီး
ထူးထူးခြားခြား မရှိပါ။ သို့သော် ၎င်းမှ
ပျော့ပြောင်းသော စွမ်းအင်
တစ်မျိုးမျိုးကို ခံစားမိနိုင်သည်။

ယန်ယဲ့က နှင်းပွင့်ကို ငုံ့ကြည့်လိုက်သည်။
ဤအချိန်မှာ သူမလေးက အနားသို့
ပြေးကပ်သွားပြီး ပေါ့ပါးစွာ

ပုတ်လိုက်သည်။ သင်္ချိုင်းဂူက လုံးဝ

မရွှေ့သဖြင့်

ယန်ယဲ့ကို  ပြန်စိုက်ကြည့်နေသည်။

ယန်ယဲ့က ပခုံးတွန့်လိုက်သည်။

“ငါဘာမှမသိဘူး”လို့ ပြောနေတာပါ။

ထိုအခါနှင်းပွင့်လေးက ခဏအကြာ

စဉ်းစားနေပုံရသည်။ ထို့နောက်

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်ကို

ဆွဲထုတ်ပြီး ဂူသင်္ချိုင်းကို

ရှယ်လိုက်သည်။

လိုက်ရင်ခေါ်၊ မလိုက်ရင်

အတင်းအကျပ်ခေါ်။

ထိုနည်းလမ်းက ယန်ယွဲ့ဆီကနေ

မှတ်သားထားသည့်အရာပင်။

ဤအချိန်တွင် ဂူသင်္ချိုင်းက

တုန်လှုပ်သွားကာ အထဲမှ

စွမ်းအင်အတက်အကျများ

ထွက်ပေါ်လာသည်။

နှင်းပွင့်က မျက်တောင်ခတ်လိုက်ပြီး

ယန်ယဲ့ကို မော့ကြည့်လိုက်ကာ

လက်သည်းများ ဝှေ့ယမ်းပြသည်။

“သင်္ချိုင်းဂူက ဘာလိုချင်လဲ…”

ဟုမေးနေတာပါ။

“သူတို့ဘာလိုချင်တာလဲ…”

ယန်ယဲ့က သိုင်းနတ်ဘုရားသချိုင်းကြီး အသက်ဝင်နေသောကြောင့် မျက်နှာပေါ်တွင် ထူးဆန်းသော အမူအရာ ရှိနေသည်။

သူက ခဏတုံ့ဆိုင်းသွားသည်။ “ငါတို့နဲ့ လိုက်လာဖို့ ဆန္ဒရှိလားလို့ မေးကြည့်”

နှင်းပွင့်က လှုပ်ခါနေသော

သိုင်းနတ်ဘုရားဂူသချိုင်းကို ငုံ့ကြည့်ကာ

ပေါ့ပါးစွာ ပွတ်သပ်လိုက်သည်။

ထိုနောက် သူ့ကိုယ်သူ့

ညွှန်ပြလိုက်သည်။ ရှင်းရှင်းပြောရလျှင်

သူနဲ့လိုက်ဖို့ ဆန္ဒရှိသလားလို့

မေးနေတာပါ။

ဤအချိန်တွင် သူမလေးက တစ်ခုခုကို

တွေးနေပုံရပြီး ပေါ့ပါးစွာ

မှုတ်ထုတ်လိုက်သည်။ သူမ၏ပါးစပ်ထဲမှ

သန့်စင်သော ဝိညာဉ်စွမ်းအင်ကြိုးမျှင်

ထွက်လာပြီး

သိုင်းနတ်ဘုရားဂူသင်္ချိုင်းထဲသို့

တိုးဝင်လာသည်။ ထိုအခါ ဂူသင်္ချိုင်းကြီး

တစ်ခုလုံး ပြင်းထန်စွာ

တုန်လှုပ်သွားခဲ့သည်။

အချိန်အတော်ကြာ

တိတ်ဆိတ်သွားပြီးနောက် ဂူသင်္ချိုင်းထဲမှ

စွမ်းအင် အတက်အကျလှိုင်းများ ထွက်ပေါ်လာသည်။ နှင်းပွင့်က ယန်ယဲ့ကို မော့ကြည့်ကာ အနည်းငယ် ပြုံးပြပြီး ဂူသချိုင်းကြီးကို ထိလိုက်သည်။ ထိုခဏလေးမှာပဲ ယန်ယဲ့ဆီကို ရောက်သွားသည်။

ယန်ယဲ့က အနည်းငယ် ပြုံးလိုက်သည်။ အမှန်ပင် သူတို့နှင့် လိုက်လာဖို့ ဆန္ဒရှိခဲ့သည်။ သို့သော် ယန်ယဲ့က

ထိကိုင်လိုက်စဉ် အေးစက်သွားသလို ခံစားလိုက်ရသည်။ သူ၏ ညာလက်ဖြင့် ဆုပ်ကိုင်ပြီး  မတော့မည့် အချိန်တွင် အနည်းငယ်ပင် လှုပ်မရကြောင်း အံ့အားသင့်စွာ သတိပြုမိခဲ့သည်။  ဤအခိုက်အတန့်တွင် သူမျက်နှာက လေးနက်သောအမူအရာ ဖုံးလွှမ်းသွားသည်။

“အရမ်းလေးလံတယ်”

ယန်ယဲ့က

ခဏာမျှတိတ်ဆိတ်သွားပြီးနောက်

သူ့လက်နှစ်ဖက်ဖြင့်

ဆုပ်ကိုင်လိုက်သည်။ သူ၏

ဆန်းကြယ်ချီစွမ်းအင်ကို

အသုံးပြုထားသည့်အပြင်

မူလခရမ်းရောင်စွမ်းအင်ကိုပါ

ထည့်ပေါင်း ထားခဲ့သည်။ ဂူသချိုင်းက

တဖြည်းဖြည်း ရွေ့လျားလာသည်။

တစ်ချိန်တည်းမှာပင်
မြေပြင်မှရွေ့လာသည်။

သိုသော် ယန်ယဲ့၏ မျက်နှာက
နီမြန်းလာသည်။ ထိုပြင် သူ့လက်မောင်း
နှစ်ဖက်ရှိ သွေးကြောများက
မြွေငယ်လေးများကဲ့သို့
ပေါက်ထွက်နေသည်။ အသက်ရှူ
သုံးရှိုက်စာခန့်
အကြာတွင်တော့ ယန်ယဲ့က ဂူသချိုင်းကို

လွှတ်ချလိုက်သည်။ ဂူသင်္ချိုင်းတစ်ခုလုံး မြေပြင်ပေါ်သို့ ပျက်ကျသွားသည်။

“ဘုန်း…”

မြေပြင်သည် ပြင်းထန်စွာ တုန်ခါသွားကာ ပတ်ဝန်းကျင်ရှိ မြဲမြံသော တောင်တန်းများ အဆက်မပြတ် လှုပ်ခါလာသည်။ တစ်စုံတစ်ယောက်က

ပြင်းပြင်းထန်ထန်

ထိုးနှက်လိုက်သလိုပင်။

ရတနာတစ်ပါး။

ယန်ယွဲ့က သူ့လက်နှစ်ဖက်ကို

ကြည့်လိုက်ရာ

နီရဲနေခဲ့သည်။ အားအလွန်အကျွံသုံးမိလို့

ဖြစ်တာပါ။ သူက

သိုင်းနတ်ဘုရားဂူသချိုင်းကို

နောက်တစ်ကြိမ် စိုက်ကြည့်ရာ မျက်လုံးထဲတွင် စိတ်လှုပ်ရှားမှုများ ရှိနေသည်။

ထိုသချိုင်းက သာမန်မဟုတ်ပေ။

ယန်ယဲ့က တစ်ခုခုကိုတွေးနေပုံရပြီး နှင်းပွင့်ကို စိုက်ကြည့်ရင်း "ဒါက တခြားသူနဲ့ ဆိုင်သလားမေးပါ"

သူသည် ဤကဲ့သို့ နတ်ဘုရား

ရတနာများကို လိုချင်ပါသော်လည်း

ကိုယ်ပိုင် စည်းမျဉ်းတော့ ရှိသည်။

တစ်စုံတစ်ယောက်နဲ့ သက်ဆိုင်ပါက

သူနဲ့အတူ လိုက်ဖို့ ဆန္ဒရှိနေလျှင်ပင်

မယူပါ။ သူသည်

ရန်သူများကို  အကြောက်အရွံ့မဲ့စွာထားနို

င်သော်လည်း သာမန်အခြေအနေအရ

ထိုသို့ ပြုမူမည် မဟုတ်ပေ။

နှင်းပွင့်လေးက မျက်တောင်ခတ်ကာ ဂူသင်္ချိုင်းကို စူးစိုက်ကြည့်ပြီးနောက် သူမ၏လက်သည်းများကို ညင်သာစွာ ဖွဲ့ယမ်းလိုက်သည်။ ခဏအကြာတွင် သူမလေးက ယန်ယွဲ့ကို စိုက်ကြည့်ကာ လက်ဟန်ခြေဟန်ပြသည်။ ဆိုလိုတာက ယခင်က သိုင်းနတ်ဘုရားဂူသင်္ချိုင်းကို အဘိုးကြီးတစ်ယောက်က ပိုင်ဆိုင်ခဲ့သည်။ သို့သော်ယခုတော့

အဘိုးကြီးမရှိတော့ပေ။ ကျွန်ုပ်နေရာတွင်

ချန်ထားခဲ့သည်မှာ နှစ်ပေါင်းများစွာ

ကြာပြီဖြစ်သည်။ အဘိုးကြီးက

ပြန်မလာတော့ပေ။ တစ်နည်းအားဖြင့်

သိုင်းနတ်ဘုရားဂူသချိုင်းက လက်ရှိတွင်

ပိုင်ရှင်မရှိပါ။

ယန်ယဲ့က ပြုံးပြီး သိမ်းရန်ပြင်လိုက်စဉ် ဝမ်အရှုးမလေးက သူ့ဘေးနားမှာ ပေါ်လာသည်။

ယန်ယဲ့နှင့် နှင်းပွင့်ကို စူးစိုက်ကြည့်ကာ သိုင်းနတ်ဘုရား ဂူသင်္ချိုင်းကို လက်ညှိုးထိုးပြသည်။

ထိုနောက် ယန်ယဲ့ကို ပြန်လှည့်ကြည့်ပြီး

“အစ်ကိုကြီးယန် ငါအဲ့တာကို

လိုချင်တယ်”

ယန်ယဲ့က အံ့သြသွားသည်။

နှင်းပွင့်လေးကလည်း

မျက်တောင်ခတ်ကာ ယန်ယဲ့ကို

စိုက်ကြည့်နေသည်။

ယန်ယွဲ့က ခဏတုံ့ဆိုင်းသွားပြီး “ဝမ်လေး ဒါကတော်တော်လေးလံတယ်”

လေးလံတာလား...။

ဝမ်အရှူးမလေးက

မျက်တောင်ခတ်ပြီး ဂူသချိုင်းကို

ငုံ့ကြည့်ကာ လက်တစ်ဖက်ဖြင့်

ဆုပ်ကိုင်လိုက်သည်။ ထိုနောက်တွင်

ယန်ယွဲ့သည်

စကားမပြောနိုင်လောက်အောင်ပင်
အံ့ဩသွားလေတော့သည်။

ဝမ်အရှုးမလေးက ဂူသင်္ချိုင်းတစ်ခုလုံးကို
လွှဲယမ်းရင်း "အစ်ကိုကြီးယန်
ဒီလောက်လည်း မလေးပါဘူး"

ယန်ယွဲ့က ရှက်ရွံ့စွာပြုံးလိုက်သည်။
"ဟုတ်တယ်။ မဟုတ်ဘူး

မင်းသဘောကျနေမှတော့
မင်းအပိုင်ဖြစ်သွားပြီ”

သူမကပြုံးပြီး “ကျေးဇူးတင်ပါတယ်”

“ဝမ်လေး”

တစ်ချိန်တည်းမှာပင် ယန်ယွဲ့က
ထပ်မေးလိုက်သည်။ “ဘာလို့
ဒီလိုအရာကို လိုချင်တာလဲ...”

ဝမ်အရှုးမလေးက ဂူသချိုင်းကို လက်ဖြင့်

ပုတ်ပြီး “မိုက်မဲတဲ့နွားမှာ

လက်နက်ရှိတယ်။ ဒါအပြင်

အရင်ကမြင်ဖူးသလိုမျိုး ထူးခြားတဲ့

ခံစားချက်ကို ပေးနေတယ်”

“မြင်ဖူးတာလား...”

ယန်ယဲ့က မျက်မှောင်ကြုတ်ပြီး “ဝမ်လေး ဘာကိုဆိုလိုတာလဲ…”

သို့သော် ဝမ်အရှူးမလေးက ခေါင်းခါလိုက်ပြီး “ငါလည်းမသိပါဘူး”

ယန်ယဲ့က ဘာပြောရမှန်းမသိတော့ပေ။ ဤအချိန်တွင် နှင်းပွင့်လေးက ဝမ်အရှူးမလေးဆီသို့ ပြေးသွားပြီး

ခေါင်းပေါ်က ဂျိုးနှစ်ချောင်းကို

ပွတ်သပ်လိုက်သည်။

ယန်ယဲ့သည် ထိုဂျိုများကို စိုက်ကြည့်ကာ

“ဝမ်လေး အဲ့ဒါတွေက ဘာတွေလဲ...”

သူမက ခေါင်းယမ်းလိုက်ပြန်သည်။

“ငါလည်း မသိဘူး“

ဝမ်အရှုးမလေးက ဘာမှမသိဘူးဟုသာ

ပြောနေသောကြောင့် ယန်ယဲ့က

ပါးစပ်ထောင့်များ လှုပ်ယမ်းသွားသည်။

ထိုနောက် ဝမ်အရှုးမလေးက

မူလစေတီထဲသို့ ပြန်ဝင်သွားခဲ့သည်။

ယန်ယဲ့သည် နှင်းပွင့်လေးကို

ပွေ့ချီလျက်သာ အနက်ပိုင်းထဲသို့

လျှောက်သွားသည်။ သို့သော်လည်း

အဝေးသို့ပင် မရောက်လိုက်ပေ၊

မမြင်နိုင်သော စွမ်းအားလှိုင်းများက

သူ့အပေါ်ကို ဖိချလိုက်သည်။

တစ်ချိန်တည်းမှာပင်

တောင်တန်းအနက်ပိုင်းထဲမှ

အသံတစ်သံထွက်လာသည်။ “မင်း ငါ့ရဲ့

သင်္ချိုင်းဂူကိုတောင် လုယက်သွားပြီ။

မင်းက တော်တော်ဆိုးတဲ့ ကလေးပဲ။

ဟမ်.. ဟိုအရင်က ကလေးမလေး

ဘယ်လိုတောင် မမျှော်လင့်ထားမိတဲ့

သွေးမျိုးဆက်လဲ…”

“မဟုတ်ဘူး…မင်းရဲ့သွေးမျိုးဆက်က

ပိုတောင်ထူးခြားသေးတယ်"

“ဟား…ဟား…ဟား… မင်းက တကယ်ပဲ

သွေးမျိုးဆက်ကို

ဆင့်ကဲပြောင်းလဲပစ်နိုင်ခဲ့တယ်။

စိတ်ဝင်စားစရာပဲ”

ယန်ယဲ့သည် အံ့အားသင့်သွားခဲ့သည်။

Translated by NyiNyiSoe.

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၇၆၉ -

"သွေးမျိုးဆက်ကို

ဆင့်ကဲပြောင်းလဲလိုက်တယ်"

ယန်ယဲ့က မျက်မှောင်ကြုတ်လိုက်သည်။
နှင်းပွင့်ကို သူ့ရင်ခွင်ထဲမှာ ပွေ့ချီလျက်
ရှေ့ကိုဆက်လျှောက်သွားသည်။

အချိန်တော်တော်ကြာပြီးနောက်
သူ့ရှေ့တွင်
အဖြူရောင်ဝတ်စုံဝတ်ထားသော
အဘိုးကြီးတစ်ယောက်ကို
တွေ့လိုက်ရသည်။ အဘိုးကြီးက

လက်နှစ်ဖက် နောက်ပစ်လျက်
ရပ်နေသည်။ သူ၏မုတ်ဆိတ်ရှည်များက
ရင်ဘက်ကို ထိလုနီးပါး
ရှည်လျားလွန်းသည်။

ဤအခိုက်အတန့်မှာ အဘိုးကြီးက
နှင်းပွင့်ကို စိုက်ကြည့်နေသည်။

ယန်ယဲ့က အဘိုးကြီးကို
တစ်ချက်ကြည့်လိုက်ပြီး အနည်းငယ်

လက်သီးဆုပ်ကာ “အကြီးအကဲ

စိတ်အနှောင့်အယှက်

ဖြစ်စေမိတဲ့အတွက် တောင်းပန်ပါတယ်”

အဘိုးကြီးကပြုံးပြီး “တကယ်ကို

ဝိညာဉ်ဖန်ဆင်းရှင်ပဲ”

သူက ယန်ယွဲ့ကို စိုက်ကြည့်ရင်း

“ကမ္ဘာကြီးက အံ့သြစရာပဲ ဒီလောကမှာ

ဝိညာဉ်ဖန်ဆင်းရှင်ကိုတွေ့ဖို့မမျှော်လင့်ထားဘူး”

ယန်ယဲ့က အံ့သြသွားပြီး “ဒီလောကမှာ ဝိညာဉ်ဖန်ဆင်းရှင်မရှိရတာလဲ…”

အဘိုးကြီးကပြုံးပြီး “ဒါက မေးခွန်းကောင်းပဲ၊ မှန်တယ် ဘယ်အရာမှ အကြွင်းမဲ့ဆိုတာ မရှိဘူး။ ဝိညာဉ်ဖန်ဆင်းရှင်က

ဒီနေရာမှာပေါ်လာခဲ့တာ မရှိပေမဲ့
အနာဂတ်မှာ ဖြစ်မလာဘူးလို့
မဆိုလိုဘူး။ မင်းအတွက်
ပထမဆုံးအကြိမ်ဖြစ်နိုင်တယ်”

ယန်ယဲ့က နှင်းပွင့်၏ခေါင်းကို
ပွတ်သပ်လိုက်ပြီး“ငါ့အမြင်အရတော့
သူက နှင်းပွင့်လေးပဲ၊
ဝိညာဉ်ဖန်ဆင်းရှင်မဟုတ်ဘူး”

အဘိုးကြီးကပြုံးပြီး "ဒါဟာ ကမ္ဘာကြီးက စိတ်တစ်ခုတည်းနဲ့တော့မဟုတ်ဘူး"

ယန်ယဲ့ကပြုံးပြီး "ဒါက ငါနဲ့ဘာဆိုင်လို့လဲ..."

အဘိုးကြီးက ယန်ယဲ့ကို အချိန်အကြာကြီး စိုက်ကြည့်နေကာ "ခြားနားတဲ့ လမ်းကို လျှောက်ရတာက အရမ်းခက်တယ်" ဟုပြောခဲ့သည်။

ယန်ယဲ့ကပြုံးပြီး “ဘာပဲဖြစ်ဖြစ် ဒါဟာ

ငါရွေးတဲ့လမ်းပဲ ဘယ်လောက်ပဲ

ခက်ခဲနေပါစေဦးတော့

ဒူးထောက်ကျနေရင်တောင်

ရအောင်လုပ်မှာပါ”

အဘိုးကြီးက သက်ပြင်းချကာ

ခဏမျှတုံ့ဆိုင်းနေပြီး “ဂျူနီယာလေး

မေးခွန်းတစ်ခုမေးပါရစေ

ငါ့ကိုအမှန်တိုင်းဖြေပါ။ မင်းနေထိုင်တဲ့
ကမ္ဘာကြီးမှာ တစ်နေ့မှာ
ကပ်ဘေးကြီးတွေ့ရရင်
ရှေ့ထွက်မှာလား...”

ယန်ယဲ့က ငြိမ်သက်နေသည်။

အဘိုးကြီးက “ဖြေရခက်နေသလား...”
ဟုမေးလိုက်သည်။

ယန်ယဲ့က ခေါင်းခါလိုက်ပြီး

“အကြီးအကဲ

ငါကတစ်ကိုယ်ကောင်းဆန်တဲ့လူတစ်

ယောက်ပါ”

အဘိုးကြီးက ပြုံးပြီး “ဒီလောကမှာ

ဘယ်သူက တစ်ကိုယ်ကောင်းမဆန်တဲ့သူ

ရှိလို့တုန်း မင်းရဲ့ ဓားတာအိုကိုပြောတာ

ငါမေးတာက မင်းဟာနှလုံးသားမဲ့ပြီး

သစ္စာမဲ့တာမဟုတ်ဘူး။ ဒီလိုမှမဟုတ်ရင်

ဒီဝိညာဉ်ဖန်ဆင်းရှင်က
မင်းနဲ့အတူနေဖို့ကိုရွေးချယ်မှာ
မဟုတ်ဘူးလေ။ မင်းရဲ့
ဓားတာအိုကလည်း ဒီအဆင့်အထိ
တိုးတက်နိုင်မှာမဟုတ်ဘူး”

သူကနှင်းပွင့်ကို တစ်ချက်ကြည့်လိုက်ပြီး
“ဒီသချိုင်းကျောက်ကို
အဖိုးတန်ရတနာတစ်ခုနဲ့
ငါ့မိတ်ဆွေဟောင်းတစ်ယောက်က

ဖန်တီးထားတာ၊ သူက

နှစ်ပေါင်း၁၀၀နီးပါး သက်တမ်းရှိတဲ့

ဖရိုဖရဲ ရတနာကို အသုံးပြုပြီး

ဖန်တီးထားတာပဲ”

ယန်ယဲ့က အနည်းငယ် ရှက်ရွံ့သွားသည်။

သူက အရမ်းကြီး

အရှက်ကင်းမဲ့နေသည်တော့ မဟုတ်ပေ။

ပြန်ပေးဖို့ ပြင်လိုက်သည်။

သို့သော် အဘိုးကြီးက ရုတ်တရက် “အခု မင်းကိုငါပေးလိုက်မယ်”

“ဟမ်”

ယန်ယွဲ့က အဘိုးကြီးကို စိုက်ကြည့်နေသည်။

အဘိုးကြီးက ပြုံးပြီး “ကံကြမ္မာကောင်းက

ငါတို့ကိုပေါင်းစည်းပေးခဲ့တယ်။ အဲ့ဒါက မင်းအတွက်လုံလောက်တဲ့ အဖြေပဲလား…”

ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။ သူကမယုံပေ။

ယန်ယဲ့က ခဏတုံ့ဆိုင်းသွားပြီး “ဘာလို့လဲ…” ဟု မေးလိုက်သည်။

အဘိုးကြီးက “ဒီလောကမှာ ဘယ်သူကမှ

တစ်ကိုယ်ကောင်းမဆန်တတ်တာ

ရှိသလဲ…။ ဒါပေမဲ့ များသောအားဖြင့်

လူတွေက ကိုယ်ကျိုးမဖက်တက်ဘူး။

မင်းရဲ့ စိတ်ခံစားမှုတွေက စစ်မှန်တယ်၊

ကြင်နာတယ်၊ အစွန်းရောက်တယ်၊

ဒါပေမဲ့ နောက်ဆုံးမှာတော့

အဲ့ဒါတွေကတစ်ကိုယ်ကောင်းဆန်တဲ့

စိတ်ခံစားမှုတွေချည်းပဲ ဒါတွေကို

အသေးအဖွဲ့စိတ်ခံစားမှုတွေလို့

ယူဆနိုင်တယ်။ ဝိညာဉ်ဖန်ဆင်းရှင်က

ဘာကြောင့် ဒီလောကအစွမ်းထက်ပြီး

အရာခပ်သိမ်းက နှစ်သက်တာလဲ

မင်းသိလား…။ ဘာကြောင့်လဲဆိုတော့

သူတို့ရဲ့ စိတ်ခံစားမှုတွေက

ကြီးကျယ်ခမ်းနားတဲ့

(စိတ်ခံစားမှုတွေဖြစ်လို့ပါပဲ)။

အရာခပ်သိမ်းကို ချစ်မြတ်နိုးတယ်၊

ဒါကြောင့် အရာခပ်သိမ်းက သူမကို

သဘာဝအတိုင်း ချစ်ကြတယ်”

ယန်ယဲ့ကပြုံးပြီး “အကြီးအကဲ

ငါသူ့ရဲ့ကောင်းမဖြစ်နိုင်ဘူး”

ထိုအကြီးအကဲက

ခဏလောက်စဉ်းစားပြီး

“မင်းရဲ့ဓားတာအိုကို ပိုပြီး

မသန်မာလာချင်ဘူးလား…”

ယန်ယွဲ့ကပြုံးပြီး “ဟုတ်တယ် ငါအဲ့ဒါကို တကယ်လိုချင်တယ်။ ဒါပေမဲ့ ဒီလောကမှာ ဘယ်အရာကမှ နည်းလမ်းနှစ်မျိုးနဲ့မရနိုင်ဘူးလို့ ငါထင်တယ်။ ပြီးပြည့်စုံမှုကိုလည်း ငါလိုက်မရှာဘူး။ ငါ့အမြင်အရတော့ အရေးကြီးတာက ငါ့မှာ လိပ်ပြာသန့်သန့်နဲ့ ချစ်ရသူတွေ၊ မိတ်ဆွေတွေ နဲ့ အခြား ဘယ်သူမဆို

ပြတ်သားတဲ့စိတ်သဘောထားရှိဖို့က အရေးကြီးတယ်။ မင်းပြောတဲ့ စိတ်ခံစားချက်က အဓိပ္ပါယ်အများကြီးရှိမယ်ထင်တယ်။ ကံမကောင်းစွာဘဲ၊ ဒါဟာ ငါ့အတွက် မသင့်တော်ဘူး။ ဘာလို့လဲဆိုတော့ ငါမဟုတ်တဲ့ ငါမဖြစ်ချင်ဘူး”

သူက ခဏလောက် တုံ့ဆိုင်းနေပြီး ဆက်ပြောလိုက်သည်။

“ငါကပိုသန့်မာလာဖို့အတွက်
ဘယ်တော့မှ မသန့်မာဘူးလို့
ပြောချင်တယ်။ အဲ့ဒါကအများကြီး
အဓိပ္ပါယ်ရှိတယ်လို့ ထင်တယ်”

“အကြီးအကဲ ဘယ်လိုထင်လဲ…”

ကြည်လင်သော စိတ်သဘောထား။

အဘိုးကြီးကပြုံးပြီး

“သန်မာကြီးထွားလာဖို့အတွက်

ခွန်အားတွေကို အရမ်းကြီး မမြှင့်တင်နဲ့။

မင်းရဲ့ မိတ်ဆွေက သာမန်မဟုတ်ဘူး”

ယန်ယဲ့ကပြုံးပြီး

နှုတ်ဆိတ်နေလိုက်သည်။

အဘိုးကြီးက အနည်းငယ်ပြုံးပြီး “မင်းလို

ဂျူနီယာမျိုးဆက်တစ်ယောက်က

ငါနဲ့အတူ တာအိုသဘောတရားကို

ဆွေးနွေးလိမ့်မယ်လို့ ငါဘယ်တုန်းကမှ

မမျှော်လင့်ထားဘူး”

ယန်ယဲ့က ပြုံးပြီး

“ငါ့လောက်အားနည်းတဲ့သူနဲ့ ဆွေးနွေးဖို့

မင်းဘယ်တုန်းကမှ

မမျှော်လင့်ထားဘူးလို့ ပြောချင်တာ

ဟုတ်တယ်မလား…”

အဘိုးကြီးက ပြုံးပြီး “ငါတို့က

မျိုးဆက်မတူဘူး။ ဒီကလေးမလေးကို

မင်းလိုအရွယ်မှာ ဖိနှိပ်နိုင်မယ်လို့

ငါအာမမခံနိုင်ဘူး နှစ်ယောက်စလုံးက

ထူးထူးခြားခြား ညဏ်ကြီးရှင်တွေပါ။

သူတို့ပြောသလိုပဲ။ အချိန်တာအိုက ပိုပြီး

ကြီးကျယ်ခမ်းနားတဲ့

ညဏ်ကြီးရှင်တွေကို

မွေးထုတ်ပေးတယ်။ ဒါကြောင့် သူတို့က

နောင်နှစ်ပေါင်းများစွာ အထိ
လမ်းပြပေးနိုင်တယ်”

“ကလေးမလေး”

ယန်ယွဲ့က သူ၏လက်သီးများကို
တင်းတင်းဆုပ်လိုက်သည်။ “အကြီးအကဲ
သူကဘယ်လိုပုံစံလဲ…”

အဘိုးကြီးက ယန်ယဲ့ကို စိုက်ကြည့်ကာ သူ၏ ညာလက်ကို ဝှေ့ယမ်းလိုက်သည်။ ထိုခဏလေးမှာပဲ ဝိညာဉ်စွမ်းအင်ဖြင့် ပေါင်းစည်းထားသော ပုံတူတစ်ခုက ယန်ယဲ့၏ရှေ့တွင်ပေါ်လာသည်။

"အန်နန်ကျင်း"

ယန်ယဲ့က သူ၏ထိတ်လန့်မှုများကို ထိန်းကာ "အကြီးအကဲ သူမအခု

ဘယ်ကိုရောက်နေလဲ…”ဟု မေးလိုက်သည်။

အဘိုးကြီးက “မင်းသူ့ကိုရှာဖို့ ဒီကိုလာတာလား…” ဟုမေးသည်။

ယန်ယွဲ့က ခေါင်းညိတ်လိုက်သည်။

အဘိုးကြီးက "သူမက တောင်ဘက်ဟင်းလင်းပြင်ကုန်းမြေကို သွားတယ်"

တောင်ဘက်ဟင်းလင်းပြင်ကုန်းမြေ။

ယန်ယွဲ့က ခဏတုံ့ဆိုင်းသွားပြီး "အကြီးအကဲ သိုင်းနတ်ဘုရားသင်္ချိုင်းဆိုတဲ့နာမည်ကို အဲ့ဒီဂူသင်္ချိုင်းကျောက်တုံးပေါ်မှာ

ရေးထားတယ်။ အဲ့ဒီနာမည်က

ဘယ်ကလာတာလဲ...”

အဘိုးကြီးကပြုံးပြီး “ငါ့မှာ

သိုင်းဘိုးဘေးလို့

နာမည်ပြောင်ရဖူးတယ်”

သိုင်းပညာဘိုးဘေးကြီး။

ယန်ယွဲ့က “သူမက အကြီးအကဲကို
သူ့ဆရာအဖြစ်
သတ်မှတ်ထားတာလား…”

အဘိုးကြီးက ခေါင်းယမ်းလိုက်သည်။
“မဟုတ်ဘူး”

ယန်ယွဲ့က အံ့သြသွားပြီး “ဘာလို့လဲ…”

အဘိုးကြီးကပြုံးပြီး "သူမက အခြားသူကိုရွေးလိုက်တာ"

ယန်ယဲ့က "တောင်ပိုင်းဟင်းလင်းပြင်ကုန်းမြေကလူလား..."

အဘိုးကြီးက ခေါင်းညိတ်သည်။ "သူမရဲ့ တိုက်ခိုက်ရေးစွမ်းအင်က အရမ်းကောင်းသလို

ပင်ကိုယ်စွမ်းရည်ကလည်း အရမ်းကို
မြင့်မားတယ်။ တကယ်လို့ သူမက
ငါ့တပည့်ဖြစ်လာဖို့ ဆန္ဒရှိနေရင် ငါဟာ
သဘာဝအတိုင်း ငြင်းဆန်မှာမဟုတ်ဘူး။
ဒီလောကမှာ ဘယ်သူမှ သူမထက်
ငါ့နေရာကို ဆက်ခံဖို့
သင့်လျော်တာမရှိဘူး။ ကံမကောင်းစွာဘဲ
သူမက အခြားတစ်ယောက်ကို
ရွေးချယ်လိုက်တယ်”

သူက

တောင်ဘက်ဟင်းလင်းပြင်ကုန်းမြေရှိရာ

ကို လှမ်းကြည့်လိုက်သည်။

“တကယ့်ကို သနားစရာပဲ”

အန်နန်ကျင်း၏ တည်နေရာကို

သိပြီးနောက် ယန်ယွဲ့က ဆက်နေဖို့

ရည်ရွယ်ချက်မရှိပေ။

သို့သော်လည်း သူ့မှာ မေးခွန်းတစ်ခု ရှိနေသဖြင့် သူက “အကြီးအကဲ သွေးမျိုးဆက်ကို ပြောင်းပြန်လှန်တယ်လို့ ပြောနေတာ အဲ့ဒါဘာကိုဆိုလိုတာလဲ…”

သွေးမျိုးဆက် ဆင့်ကဲပြောင်းလဲခြင်း။

အဘိုးကြီးက “လူတစ်ယောက်ရဲ့ ခွန်အားက

အဆင့်တစ်ခုအထိရောက်တဲ့အခါ

သူတို့ရဲ့သွေးမျိုးဆက်ကို

ဆင့်ကဲပြောင်းလဲပစ်နိုင်တယ်။

ဒီပြောင်းလဲမှုဟာ နတ်ဆိုးသားရဲတွေရဲ့

သွေးမျိုးဆက် ခွန်အားနဲ့တူတယ်။

ဒါပေမဲ့ မင်းရဲ့ သွေးမျိုးဆက်ကို

ပြောင်းပြန်လှန်ဖို့က

လွယ်ကူတာတော့မဟုတ်ဘူး။ ဒါကို

အောင်မြင်အောင် စွမ်းဆောင်နိုင်တဲ့

ဘယ်သူမဆို အားနည်းတာမဟုတ်ဘူး။
မင်းအတွက်ကတော့ မင်းရဲ့သွေးမျိုးဆ
က်က ဆင့်ကဲပြောင်းလဲနေတယ်။
တစ်နည်းပြောရရင် မင်းက မင်းရဲ့
ဘိုးဘေးအဆက်ဆက်ထက်
သာလွန်သွားပြီ။ ဒါမှမဟုတ်
ဘိုးဘေးတွေအားလုံးထက်
သာလွန်တယ်လို့ ပြောရမယ်။ မင်းကို
သူတို့ပေးခဲ့တဲ့ သွေးမျိုးဆက်ထက်

ကျော်လွန်ပြီးတော့
ကိုယ်ပိုင်သွေးမျိုးဆက်ကို
ပိုင်ဆိုင်ထားပြီးလေ”

“အဲ့ဒါက ဘာလဲ…”

“အဲ့ဒါက အနာဂတ်မှာ အပြည့်အဝ
ဖြစ်တည်လာတာနဲ့ သိသာလိမ့်မယ်”

သွေးမျိုးဆက်။

ယန်ယွဲ့က

လေးနက်တည်ကြည်စွာပြောခဲ့သည်။

“ဘယ်သူမဆို

ကိုယ်ပိုင်ကြိုးစားအားထုတ်မှုနဲ့

မူလသွေးမျိုးဆက်ထက်

သာလွန်နိုင်တာလား။

နတ်ဆိုးတွေတောင်လား...”

အဘိုးကြီးကပြုံးပြီး “သီအိုရီအရ

ဟုတ်တယ် ဒါပေမဲ့ အရမ်းခက်ခဲတယ်။

နတ်ဆိုးတွေအတွက်ဆို ပိုတောင်

ခက်သေးတယ်။ နတ်ဆိုးမျိုးနွယ်ရဲ့

ကြီးမြတ်တဲ့ နတ်ဆိုးဘိုးဘေးတွေကို

သွေးမျိုးဆက်အသစ်နဲ့ မွေးဖွားလာပေမဲ့

အဲ့ဒါတွေက နောက်ပိုင်းမှာ

ပျက်စီးသွားတယ်။ အရမ်းနည်းတဲ့

တစ်ချို့နတ်ဆိုးတွေလောက်ပဲ

ဘိုးဘေးအဆက်ဆက်ရဲ့

သွေးမျိုးဆက်ကို ကျော်လွှားနိုင်တယ်။

ဒါပေမဲ့လည်း အောင်မြင်တာနဲ့

သူတို့က  အဆင့်တစ်ခုကို

တက်သွားလိမ့်မယ်။

လူသားတွေအတွက်လည်း အတူတူပဲ။

အခုတော့မင်းက ကဏ္ဍပေါင်းစုံမှာ

ဖြည်းဖြည်းချင်း တိုးတက်နေပြီး

အကျိုးကျေးဇူးရလာနေပြီးပေါ့”

“ငါ့ရဲ့ သွေးမျိုးဆက်ခွန်အား…”

ယန်ယဲ့က ခဏမျှတိတ်ဆိတ်သွားပြီး

(အကြောင်းပြချက်တစ်ခုကို

စဉ်းစားမိလိုက်သည်။

သူ၏ကျင့်ကြံမှုအဆင့်ကို ဖိနှိပ်ဖို့

ဆုံးဖြတ်ခဲ့တာပါ။

သူ၏မူလသွေးမျိုးဆက်က

စတင်ပြောင်းလဲလာသည့်

အကြောင်းအရင်းမှာ ကျင့်ကြံမှုအဆင့်ကို ဖိနှိပ်ဖို့ ဆုံးဖြတ်ခဲ့သောကြောင့်လား...။

ယန်ယဲ့က ခေါင်းခါသည်။ သူက တွေးနေတာကို ရပ်လိုက်သည်။ ထို့နောက် "အကြီးအကဲ ဝမ်အရှူးမလေးရဲ့ မျိုးနွယ်အကြောင်း ပြောပြဖူးတယ်။ အဲ့ဒါက ဘာသွေးမျိုးဆက်လဲ...။ လောကနတ်ဆိုးရဲ့ သွေးမျိုးဆက်လား..."

“ဝမ်လေး”

အဘိုးကြီးက “ငါ့သင်္ချိုင်းကျောက်ကို ယူသွားတဲ့ ကလေးမလေးလား…” ဟုမေးသည်။

ယန်ယွဲ့က ခေါင်းညိတ်လိုက်သည်။

အဘိုးကြီးက ရယ်မောရင်း “သူမက လောကနတ်ဆိုးရဲ့ သွေးမျိုးဆက်တော့

မဟုတ်ဘူး။ သူမရဲ့ သွေးမျိုးဆက်က

အဲ့ဒီထက် ပိုကောင်းတယ်။ လောကမှာ

အကြီးမြတ်ဆုံးနတ်ဆိုးအင်ပါယာတောင်

သူမရှေ့မှာ ဒူးထောက်နေရလိမ့်မယ်”

ယန်ယဲ့က အံ့သြသွားမိသည်။

အဘိုးကြီးက ရုတ်တရက် “သူ့ရဲ့

နောက်ခံအကြောင်း အခုမမေးနဲ့

အချိန်တန်မှာ သိလိမ့်မယ်။ သူမကို

လေးစားလို့ မပြောဖို့ ငြင်းလိုက်တာ။
သူမက အခု လုံးဝမနိုးထသေးဘူး။
သူမနိုးထလာတာနဲ့ ပြောပြချင်တဲ့ ကိစ္စက
သူ့ကိစ္စပဲ။ ငါမင်းကို အခုပြောရင် သူငါ့ကို
စိတ်ဆိုးသွားနိုင်တယ်”

ယန်ယဲ့က ခဏတုံ့ဆိုင်းသွားပြီး
ခေါင်းညိတ်လိုက်သည်။

သူက
ဝမ်အရှုးမလေး၏နောက်ခံအကြောင်းမ
မေးတော့ဘဲ လက်သီးဆုပ်ကာ “ဒါဆို
နှုတ်ဆက်ပါတယ်”

ဤအတောအတွင်း အဘိုးကြီးက
ရုတ်တရက် ပြောလိုက်သည်။ “မင်းမှာ
ဓားအိမ်တစ်ခုရှိတယ်ထင်တယ်။ ငါ့ကို
ခဏလောက်ထုတ်ပြပါလား…”

ယန်ယဲ့က ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် မြောက်ပိုင်းဓားဂိုဏ်းအောက်ရှိ လျှို့ဝှက်ဆန်းကြယ်သောပညာရှင်ထံမှရလာသော ဓားအိမ်ကို ထုတ်ယူပြီး အဘိုးကြီးထံပစ်ပေးလိုက်သည်။

အဘိုးကြီးက အချိန်အတော်ကြာ စိုက်ကြည့်ရင်း “အဲ့ဒီလူကို မင်းတွေ့ဖူးတယ်လို့ ငါထင်တယ်”

သူက ဓားအိမ်ကို

ယန်ယဲ့ထံပြန်ပေးလိုက်ပြီး “သူက

အရမ်းအစွမ်းထက်တဲ့

ဓားသမားတစ်ယောက်ပဲ လုံးဝကို

အစွမ်းထက်တယ်။ သူက ငါတို့ခေတ်မှာ

မရှေမတွက်နိုင်တဲ့ ဓားသမားတွေကို

နှင်းချေခဲ့တယ်။ မင်းက သူ့ရဲ့

အစွမ်းသတ္တိကို ယုံကြည်ပါ။

သူ့ကိုအရှက်ခွဲဖို့ မကြိုးစားနဲ့”

စကားပြောပြီးသည်နှင့် အဘိုးကြီးက နေရာမှာပင် ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့က ဓားအိမ်ကို တစ်ချက်ကြည့်ပြီး ခဏမျှ ငြိမ်သက်သွားပြီးနောက် အဝေးသို့ ပျောက်ကွယ်သွားသည်။ သူ့စိတ်ထဲတွင် မေးခွန်းများစွာရှိနေသည်။ မြောက်ပိုင်း ဓားဂိုဏ်းအောက်ရှိလူက မည်သူနည်း။ ယခုလေးတင် တွေ့ခဲ့သော အဘိုးကြီးက

မည်သူနည်း။ ဝါးသေတ္တာလွယ်ထားသော
အဘိုးကြီးက မည်သူနည်း။

ထိုလူအိုကြီးများက ဘယ်ခေတ်က
မွေးဖွားခဲ့သနည်း။ သူသည်
သန်မာလာသည်နှင့်အမျှ
သိမ်ငယ်သည်ဟု ခံစားရလာသည်။
ယန်ယဲ့ထွက်သွားပြီး သိပ်မကြာခင်မှာဘဲ
အနက်ရောင်ဝတ်စုံဝတ်အဘိုးကြီးတစ်
ယောက်က သိုင်းနတ်ဘုရားဂူရှိရာသို့

ရောက်လာသည်။ အဘိုးကြီးက

ယန်ယွဲ့၏အနောက်ကို လိုက်လာသော

အဘိုးကြီးပင်။ သူက

တိမ်ပင်လယ်ခန်းမမှ

ထွက်သွားပြီးနောက်

ယန်ယွဲ့နှင့်ပတ်သက်သော

အချက်အလက်များကို စုံစမ်းခဲ့သည်။

ယောဘုယျအားဖြင့် ထာဝရနယ်စပ်၏

အင်အားစုများသည် ယန်ယွဲ့ဟာ

ကံကြမ္မာကောင်းချီးများကို
ပိုပြီးတွေ့ဆုံမှာကို မလိုလားပေ။
အဘိုးကြီးက အဆင့်၂
လောကသခင်ဖြစ်သည်။

သူသည် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီးနောက်
အဝေးဆီသို့ လှမ်းကြည့်ကာ
“ကိုယ့်ကိုယ်ကို ပြပါ”

ရှင်းရှင်းပြောရလျှင် သူက
ဝတ်ရုံဖြူအဘိုးကြီးအကြောင်းပြောနေ
တာပါ။

ရုတ်တရက်
ဖိအားလှိုင်းတစ်ခုပေါ်လာသည်။

“အုန်း…”

အဘိုးကြီးက ရုတ်တရက်

ဒူးထောက်ကျသွားသည်။ သူ၏ကြွက်

သားများပင် မလှုပ်ရှားနိုင်တော့ဘဲ

တစ်ကိုယ်လုံး မြေပြင်ပေါ်တွင်

ပြားပြားဝပ်သွားသည်။

Translated by NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၇၇၀ -

သူ ဘယ်လိုပဲ ပြန်ပြီးခုခံနေပါစေ

အနက်ရောင်ဝတ်စုံအဘိုးကြီးဟာ

ဖိအားအောက်ကနေ

ရုန်းမထွက်နိုင်ပါ။ ဤအခိုက်အတန့်တွင်

သူက ထိတ်လန့်သွားသည်။ ထိုကဲ့သို့ပင်

၄နာရီခန့်ကြာသွားပြီး နောက်မှသာ

ဖိအားက တဖြည်းဖြည်း
ပြန့်ကျဲသွားခဲ့သည်။

ထို့နောက်အဘိုးကြီးက ချက်ချင်းထကာ
ထွက်ခွာသွားခဲ့သည်။ သူသည်
တောင်တန်းထဲမှ ထွက်လာသည်နှင့်
သိုင်းနတ်ဘုရားဂူသင်္ချိုင်းနယ်မြေကို
ပြန်လှည့်ကြည့်ကာ မျက်လုံးထဲတွင်
ကြောက်ရွံ့မှု
တဖြည်းဖြည်းပေါ်လာသည်။

သို့မဟုတ်ကြောက်ရွံ့တုန်လှုပ်နေခဲ့သည်
ဟု ပြောရပေမည်။

၎င်းက ထာဝရမြစ်မှာ
သူကြုံတွေ့ခဲ့ရသည့်
ကြောက်မက်ဖွယ်ရာဖိအားပင်။
အဘိုးကြီးက ကြာကြာမနေရဲတော့ဘဲ
နေရာမှာပင်
ပျောက်ကွယ်သွားတော့သည်။

အဘိုးကြီးထွက်ပြေးသွားသည်နှင့်

ယန်ယဲ့သည်

တောင်ပိုင်းဟင်းလင်းပြင်ကုန်းမြေသို့

ချက်ချင်းသွားခဲ့သည်။ နောက်ဆုံးတွင်

သူသည် အန်နန်ကျင်း၏

တည်နေရာကိုသိလိုက်ရပြီးဖြစ်သည်။

ယန်ယဲ့သည် ဓားပျံကို စီးနင်းလျှက်

လျင်မြန်စွာ ပျံသန်းနေခဲ့သည်။

သူဖြတ်သန်းသွားသည့်နေရာတိုင်းတွင်

တိမ်တိုက်များ ပွင့်ထွက်သွားသည်။
သိပ်မကြာလိုက်ပေ ခရီးဆုံးသို့
ရောက်လာခဲ့သည်။

ပျက်စီးခြင်း။

ကမ္ဘာကြီးတစ်ခုလုံး မီးခိုးရောင်မြူများ
ဖုံးလွှမ်းနေကာ ကောင်းကင်ကိုပင်
မမြင်နိုင်လောက်အောင်ပါ။

ယန်ယဲ့သည် ရှေ့ကို

ဆက်လျှောက်သွားသည်။ သူသည်

ထိုဒေသတွင် သက်ရှိ

အရိပ်အယောင်ကိုပင် မခံစားခဲ့ရပေ။

ပတ်ဝန်းကျင်သည်

ကြောက်မက်ဖွယ်ကောင်းလောက်အောင်

တိတ်ဆိတ်နေသည်။

လေပြေလေညင်းတောင် မရှိပေ။

အချိန်တော်တော်ကြာပြီးနောက်

ယန်ယဲ့သည် အဝေးက

ချောက်ကမ်းပါးပေါ်ရှိ

အိမ်လေးတစ်လုံးကို တွေ့လိုက်သည်။

ယန်ယဲ့က ခြေတစ်ချက်ဆောင့်လိုက်ပြီး

ချောက်ကမ်းပါး အစွန်းဘက်သို့

သွားလိုက်သည်။ သို့သော် မမြင်နိုင်သော

စွမ်းအားတစ်ခုက သူ့အပေါ်သို့

ချက်ချင်းဖိချလာသည်။

အလင်းတန်းများကွဲအက်သွားပြီး

ယန်ယဲ့သည် မြေပြင်ပေါ်သို့
ပြုတ်ကျလာသည်။

ယန်ယဲ့သည် ဆက်မသွားသေးဘဲ
ဝါးအိမ်ထဲသို့ လှမ်းကြည့်လိုက်သည်။
ထိုနောက် ပျံသန်းမည့်အစား
လမ်းလျှောက်သွားရန်သာ
ရွေးချယ်လိုက်သည်။

အချိန်တော်တော်ကြာပြီးနောက်
ယန်ယဲ့သည် ချောက်ကမ်းပါး
အောက်ခြေသို့ ရောက်လာခဲ့သည်။
ဤအခိုက်တွင် မထင်မှတ်ထားသော
အရာတစ်ခုဖြစ်လာသည်။ မြေပြင်သည်
အက်ကွဲသွားပြီး
အောက်မှဓားစွမ်းအင်များ
ထွက်ပေါ်လာသည်။
ဖြစ်ပျက်သွားသည့်အရာတိုင်းက

လျှင်မြန်လှသည်။ လျှင်မြန်လွန်းသဖြင့် ယန်ယဲ့သည် ၎င်း၏အမြန်နှုန်းသို့မဟုတ် တည်ရှိနေမှုကို နားမလည်နိုင်ခဲ့ပေ။

"ဆူး..."

ဓားစွမ်းအင်က ယန်ယဲ့၏ ဝမ်းဗိုက်ကို ထိမှန်သွားပြီး ယခင်က သူရပ်နေခဲ့သည့်နေရာကို ပြန်တွန်းထုတ်ခံလိုက်ရသည်။

သူ့ကိုယ်သူ ရပ်လိုက်သည်နှင့်

ယန်ယဲ့သည် သူ့ဗိုက်ကို

ငုံ့ကြည့်လိုက်သည်။ သူ့ဗိုက်မှာ

အနည်းငယ် နက်သော

ဒဏ်ရာအပေါက်တစ်ခုရှိနေသည်။

နောက်ကျောအထိကို

တည့်တည့်ပေါက်သွားခဲ့တာပါ။

ဓားစွမ်းအင်က

သူ့တစ်ကိုယ်လုံးကိုထိုးဖောက်သွားခြင်းပ

င်။ ယန်ယွဲ့သည် ချောက်ကမ်းပါးကို

မျှော်ကြည့်ပြီးနောက် ရှေ့ကို

ဆက်သွားသည်။

တောင်ထိပ်ပိုင်းတွင် ။

စက်ဝိုင်းပုံစံ သစ်သားခုံပေါ်တွင်

ပိတ်ချောဝတ်ရုံအဘိုးကြီးတစ်ဦး

ထိုင်နေခဲ့သည်။ သူ့ရှေ့တွင်

သစ်သားစားပွဲဝိုင်းတစ်ခုရှိနေကာ

စစ်တုရင်ဘုတ်ပြားတစ်ခု

တင်ထားလေသည်။ ထိုပြင် သူ့ရှေ့တွင်

အဖြူရောင်

ဝတ်စုံဝတ်အဘိုးကြီးတစ်ယောက်လည်း

ထိုင်နေခဲ့လသည်။

အဖြူရောင်ဝတ်စုံဝတ်အဘိုးကြီးက

ယခင်က ယန်ယွဲ့နှင့်တွေ့ဆုံခဲ့ဖူးသော

သိုင်းပညာဘိုးဘေးကြီးဖြစ်သည်။

သိုင်းပညာဘိုးဘေးကြီးက

အနက်ရောင်အပိုင်းအစတစ်ခုကို
ချလိုက်သည်။

“သူဒီကို
တက်လာနိုင်မယ်လို့မင်းထင်လား…”
ဟုမေးလိုက်သည်။

ပိတ်ချောဝတ်ရုံအဘိုးကြီးက
လျစ်လျူရှုပြီး “ဒါဆို

သူဘာတတ်နိုင်မလဲ…။ ဒီတော့
သူမတတ်နိုင်ရင် ဘာဖြစ်မလဲ…”

သိုင်းပညာဘိုးဘေးကြီးကပြုံးပြီး “သူ့မှာ
အလားအလာအရမ်းကောင်းတယ်”

အခြားအဘိုးကြီးက “အဲ့ဒီမိန်းကလေးက
အကောင်းဆုံးဘဲ” ဟု ဂရုမစိုက်ဘဲ
ပြန်ပြောလိုက်သည်။

သိုင်းပညာဘိုးဘေးကြီးက ဆက်ပြောသည်။ “တရားစီရင်ခြင်းဓားက သူ့ကိုရွေးချယ်ခဲ့တယ်”

အခြားအဘိုးကြီးက အနည်းငယ် မျက်မှောင်ကြုတ်ကာ  သူလုပ်နေတာကို ရပ်လိုက်ပြီး ယန်ယဲ့ကို ငုံ့ကြည့်လိုက်သည်။

အချိန်အတော်ကြာအောင်

နှုတ်ဆိတ်နေပြီးမှ သူက

“သူရွေးချယ်လိုက်တဲ့လူရဲ့

အရည်အချင်းကို ကြည့်ရအောင်”

စကားပြောပြီးနောက်

သူ့ဘယ်ဘက်လက်ဝါးကို ဆန့်ပြီး

အသာပုတ်လိုက်သည်။

“အဲ့ဒီလူရွေးချယ်ခဲ့တဲ့အတွက်
အခက်အခဲက အနည်းဆုံးတော့
နှစ်ဆဖြစ်ရမယ်”

သူ့လက်ဖဝါးကို
ဖိချလိုက်သည်နှင့် မြေပြင်အောက်ကနေ
နောက်ထပ်အလင်းတန်းတစ်ခု
ထိုးထွက်လာသည်။
ဤတစ်ကြိမ်အလင်းတန်းက

နောက်ဆုံးတစ်ကြိမ်ထက် အနည်းဆုံး နှစ်ဆပိုမြန်သည်။

အလင်းတန်းက ယန်ယဲ့၏ ခန္ဓာကိုယ်ကို ထပ်မံထိုးဖောက်သွားသည်။
သူ့ရင်ဘက်မှ သွေးများစီးကျလာသည်။
ယန်ယဲ့၏မျက်နှာက
မမြင်နိုင်လောက်အောင် ဖြစ်လာသည်။

ချောက်ကမ်းပါးအပေါ်၌

သိုင်းပညာဘိုးဘေးကြီးက ရယ်မောရင်း

“ဒီကလေးမလေးက

သူ့ချစ်သူဖြစ်နိုင်တယ်။

သူမဒေါသထွက်သွားမှာကို

မင်းမကြောက်ဘူးလား...”

ပိတ်ချောဝတ်ရုံအဘိုးကြီးက

“အားနည်းတဲ့သူတွေက

သူမနဲ့မထိုက်တန်ပါဘူး”

ဟုပြန်ပြောသည်။

“သူရှိနေတာကို ငါမဆန့်ကျင်ပါဘူး။

ဒါပေမဲ့  သဘောထားပျော့ညံ့တဲ့သူကို

ရွေးချယ်တာတော့ ဆန့်ကျင်တယ်”

“ပျော့ညံ့တဲ့သူဖြစ်တာက မမှားဘူး

ဒါပေမဲ့ အလယ်အလတ်ရှိတဲ့သူက

ထူးချွန်တဲ့သူနဲ့ ပေါင်းသင်းတာက

မှားတယ်။ သူမကို သိုင်းပညာလမ်းစဉ်မှာ ဝန်ထုပ်ဝန်ပိုး မဖြစ်စေချင်ဘူး”

သိုင်းပညာဘိုးဘေးကြီးကပြုံးပြီး“သူမက သူ့အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လာရင် ဘယ်လိုလုပ်မလဲ...”

အဘိုးကြီးက လျှောင်ပြောင်ရယ်မောရင်း “ဒါဆို လုပ်ပိုင်ခွင့်ရှိလား...”

အဖြူရောင်ဝတ်စုံဝတ်အဘိုးကြီးက ခေါင်းယမ်းကာ စကားမပြောဘဲ ပြုံးနေလိုက်သည်။

ဤအချိန်တွင် ယန်ယဲ့က ရပ်တန့်ကာ ဆက်မလျှောက်တော့ပေ။ သေချာသည်မှာ တစ်စုံတစ်ယောက်က သူ့ကို တားဆီးနေသည်။ သို့သော် ထိုလူက သူ့ကို သတ်ဖို့ မကြိုးစားခဲ့ပေ။

၎င်းသည်

စမ်းသပ်မှုတစ်ခုဖြစ်နိုင်ချေရှိသည်။

စမ်းသပ်မှုတစ်ခုလား...။

ထိုနေရာကို တက်ရန် တစ်ခုတည်းသော နည်းလမ်းမှာ ဓားစွမ်းအင်ကို ရှောင်တိမ်းရန် သို့မဟုတ် ချေဖျက်ရန် ဖြစ်သည်။ ယန်ယွဲ့သည်

ခဏမျှတိတ်ဆိတ်သွားပြီးနောက်မှာ ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ပြန်သည်။

သို့သော် နှစ်လမ်းလောက်အကြာတွင် သူ၏အမူအရာက သိသိသာသာ ပြောင်းလဲသွားသည်။ သူ့ဓားကို ဓားအိမ်ထဲမှ ဆတ်ခနဲ ဆွဲထုတ်လိုက်သည်။ သို့သော် တစ်ချိန်တည်းမှာပင် ဓားစွမ်းအင်က သူ့ကို ထိမှန်သွားသည်။

“အုန်း…”

ယန်ယွဲ့သည် နောက်တစ်ကြိမ် လွင့်ထွက်သွားပြန်သည်။ ဒီတစ်ခါတော့ အတော်ဝေးဝေးအထိပင် လွင့်ပျံထွက်သွားသည်။ သူ့ကိုယ်သူ ရပ်တန့်လိုက်ပြီး ယန်ယွဲ့သည် သူ့ရင်ဘက်ကို ငုံ့ကြည့်ကာ ရှေ့ကိုမော့ကြည့်လိုက်သည်။

ဓားစွမ်းအင်က အရှိန်မြန်လွန်းသဖြင့်
သူ့တို့ပြန်မှုအရှိန်ထက်ပင်
ကျော်လွန်သွားသည်။ ယန်ယဲ့သည်
အချိန်အတော်ကြာ
တိတ်ဆိတ်သွားသည်။ ဤအချိန်မှာ
သူ၏ဒဏ်ရာများက
ပျောက်ကင်းလုနီးပါးပါ။

နောက်တစ်ကြိမ် ရှေ့သို့
လျှောက်သွားပြန်သည်။ သို့သော်လည်း
ဓားစွမ်းအင်ပေါ်လာချိန်မှာတော့  ရှေ့ကို
ခြေတစ်လှမ်းတောင် မလှမ်းတော့ပေ။
တစ်ချိန်တည်းမှာပဲ သူ့ထံမှ
လျှို့ဝှက်ဆန်းကြယ်သော
စွမ်းအားစက်ကွင်းတစ်ခုပေါ်လာသည်။

အနန္တဓားနယ်မြေ။

ဓားနယ်မြေကို

အသက်သွင်းလိုက်သည်နှင့်

တစ်ပြိုင်နက် ဓားစွမ်းအင်က

နှေးကွေးသွသည်။

နှေးကွေးသွားသော်လည်း

ယန်ယွဲ့အတွက် အလွန်မြန်နေသေး၏။

သို့သော်လည်း ယခုအချိန်တွင်

ယန်ယွဲ့သည် တန်ပြန်တိုက်ခိုက်နိုင်ပါပြီ။

သူ၏ခါးကို ဆတ်ခနဲတွဲထုတ်ပြီး ပိုင်းချလိုက်သည်။

“ဆူး…”

ခါးစွမ်းအင်နှစ်စင်းပြေးထွက်သွားသည်။

“အုန်း…”

ယန်ယဲ့သည် မီတာ (၃၀) အကွာအထိ

ပြန်ဆုတ်သွားသည်။

သူ၏ပါးစပ်ထောင့်မှ သွေးများ

ဖြည်းညင်းစွာ စီးကျလာသည်။

ဤအတောအတွင်း

ချောက်ကမ်းပါးပေါ်ရှိ

အဘိုးကြီးနှစ်ယောက်က အောက်ကို

ငုံ့ကြည့်နေသည်။

ဓားနယ်မြေ။

ပိတ်ချောဝတ်ရုံအဘိုးကြီးက “ဓားတာအို အောင်မြင်မှုတွေက မဆိုးပါဘူး။ သူ့ရဲ့ ဓားနယ်မြေက အနာဂတ်မှာ ဘာတွေဖြစ်လာမလဲဆိုတာ ငါသိချင်တယ်”

သိုင်းပညာဘိုးဘေးကြီးက အနည်းငယ်ခေါင်းညိတ်ပြီး

“ဘာပဲဖြစ်ဖြစ် အဲ့ဒါက ရှားပါးတဲ့ မြင်ကွင်းပဲ”

ပိတ်ချောဝတ်ရုံအဘိုးကြီးက “တစ်ခုကို ပိုင်ပိုင်နိုင်နိုင်မဆိုလိုပါဘူး။ တစ်ခုကို ဘယ်လိုသုံးရမယ်ဆိုတာ သိရင် အစွမ်းထက်လာမှာမဟုတ်ဘူး။ သူဒီမှာမထနိုင်ရင် သူနဲ့ အဲ့ဒီမိန်းကလေးအကြားက ကံကြမ္မာကို

ငါလက်နဲ့ကိုယ်တိုင်

ဖြတ်တောက်ပေးမယ်”

ဤအချက်ကို ပြောပြီးနောက်

ခဏရပ်လိုက်ပြီး“ အားနည်းသူက သူမနဲ့

မထိုက်တန်ဘူး“ ဟု ဆက်ပြောသည်။

သိုင်းပညာဘိုးဘေးကြီးက

တိတ်ဆိတ်သွားသည်။

ယန်ယဲ့သည်

ရှေ့ဆက်တိုးရန်ပြင်လိုက်စဉ်

ချောက်ကမ်းပါးပေါ်မှ အသံတစ်သံ

ပဲ့တင်ထပ်လာသည်။

“မင်းဒီကို နှစ်နာရီအတွင်း

မရောက်နိုင်ရင် ထွက်သွားလို့ရပြီ”

“နှစ်နာရီ”

အချိန်အကန့်အသတ်ရှိခဲ့သည်။

ယန်ယဲ့က မော့ကြည့်ပြီး

“သူမဒီမှာရှိလား…” ဟုမေးလိုက်သည်။

အန်နန်ကျင်းမရှိပါက သူက ဂရုမစိုက်ဘဲ

လှည့်ထွက်သွားပါလိမ့်မည်။

ချောက်ကမ်းပါးအပေါ်ကို လုံးဝတက်မ

ည်မဟုတ်ပေ။

ခဏာမျှတိတ်ဆိတ်သွားပြီးနောက်
အသံက "မှန်တယ်။ သူမရှိနေတယ်"ဟု
ပြန်ဖြေသည်။

ဒီတစ်ခါတော့ သူက မတွန့်ဆုတ်ဘဲ
ညာခြေကို တစ်ချက်ဆောင့်ကာ
အလင်းတန်းတစ်ခုအဖြစ်ပြောင်းလိုက်
ပြီး ချောက်ကမ်းပါးပေါ်သို့
ပြေးတက်သွားသည်။

ပိတ်ချောဝတ်ရုံအဘိုးကြီးက

လှောင်ပြောင်ရယ်မောပြီး

“အတင်းပြေးတက်ဖို့ကြိုးစားနေတာလား

...။ မင်းကရဲတင်းတယ်၊ ဒါပေမဲ့ မင်းရဲ့

စွမ်းအားက မင်းဒေါသနဲ့ တန်းတူလားလို့

ငါတွေးမိတယ်”

စကားပြောပြီးနောက် သူ၏ညာလက်ကို

ဝှေ့ယမ်းလိုက်သည်။ မြေပြင်အောက်မှ

ဓားစွမ်းအင် တစ်စင်းထွက်လာပြီး

ယန်ယဲ့ကို

ပစ်လွှတ်လိုက်သည်။ ယန်ယဲ့၏မျက်လုံး

ထဲတွင် ရက်စက်သော

အမူအရာတောက်ပလာပြီး သူ့ဓားကို

ဆွဲထုတ်လိုက်သည်။

ဓားလှိုင်းလေးဆင့်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့က

ဓားနယ်မြေကို

လေးချက်ဆင့်ထုတ်ဖော်လိုက်သည်။ သူ၏အပြင်းထန်ဆုံးတိုက်ခိုက်မှုတစ်ဖြစ်လဲ အဆုံးအစွန်းသော ဝှက်ဖဲဖြစ်သည်။

နောက်ဆုံး ဓားလှိုင်း ဆင်းလာသည်နှင့် တစ်ပြိုင်နက် ဓားစွမ်းအင်ဟာ ကွဲထွက်သွားသည်။ ယန်ယဲ့သည် ချောက်ကမ်းပါးပေါ်တွင် ပေါ်လာသည်။ သို့သော် သူ၏မျက်နှာသည် အနည်းငယ်

ဖြူဖျော့နေခဲ့သည်။ သူ၏ညာလက်က
အနည်းငယ် ကွဲအက်နေခဲ့သည်။
ကံကောင်းထောက်မစွာ ၎င်းက သိပ်တော့
ပြဿနာမဟုတ်ပေ။

ဒီအချိန်မှာ သူ၏ခွန်အားက
သိသိသာသာ တိုးတက်လာခဲ့သဖြင့်
ဓားနယ်မြေကို
လေးချက်ဆင့်ထုတ်ဖော်လိုက်သည့်တိုင်
ပြဿနာမဟုတ်ပေ။ သို့သော်

သူ့တစ်ကိုယ်လုံး

အားအင်ကုန်ခန်းသွားသလိုပင်။

ယန်ယွဲ့ကလေပူကို မှုတ်ထုတ်လိုက်ပြီး

အဘိုးကြီးနှစ်ယောက်ဆီ

လျှောက်သွားသည်။

သူ့အကြည့်က

သိုင်းပညာဘိုးဘေးကြီးအပေါ်ကျဆင်း

သွားခဲ့ပြီး လက်သီးဆုပ်ကာ

အနည်းငယ်ပြုံးပြီး “အကြီးအကဲ
မင်းလည်း ဒီမှာရောက်နေတာကို”

သိုင်းပညာဘိုးဘေးကြီးက ပြုံးပြီး
“အပျော်ရှာဖို့ ရောက်လာတာပါ”

ယန်ယဲ့က ခေါင်းညိတ်ပြပြီး
အခြားဘိုးဘေးကြီးကို စိုက်ကြည့်ကာ
“အကြီးအကဲ သူမက ငါမိတ်ဆွေပါ။

ငါက ဒီကိုသူ့အတွက်လာခဲ့တာ ငါသူမကို
တွေ့ချင်တယ်”

အန်နန်ကျင်းက ဒီနေရာတွင်
သင်ယူနေသောကြောင့်
သူမနှင့်ပတ်သက်သည့် မည်သူမဆို
လေးစားသောကြောင့် အဘိုးကြီးအား
တရိုတသေပြောလိုက်ခြင်းဖြစ်သည်။

အဘိုးကြီးက ယန်ယဲ့ကိုကြည့်လိုက်ပြီး

“ထိုင်ပါ”

ယန်ယဲ့က မငြင်းဘဲ ဘေးမှာ

ဝင်ထိုင်လိုက်သည်။

ဤအတောအတွင်း

ပိတ်ချောဝတ်ရုံအဘိုးကြီးက “သူမ

အခုဒီမှာ မရှိသေးဘူး။ ဒါပေမဲ့ မင်းသူ့ကို

ဒီမှာက စောင့်နေနိုင်တယ်”

ယန်ယဲ့က “သူမဘယ်မှာလဲ...”

ဟုမေးလိုက်သည်။

အဘိုးကြီးက မပြောသော်လည်း

သိုင်းပညာဘိုးဘေးကြီးက ရုတ်တရက်

“အပြင်လောကရဲ့ ငရဲကမ္ဘာလား...”

“ငရဲကမ္ဘာလား...”

ယန်ယဲ့က အံ့ဩသွားသည်။

“အဲ့ဒီနေရာက ဘာလဲ…”

သိုင်းပညာဘိုးဘေးကြီးက ပြုံးပြီး

“ထူးခြားတဲ့နေရာ”

ယန်ယဲ့က “ဘယ်လိုထူးခြားတာလဲ…”

သိုင်းပညာဘိုးဘေးကြီးကပြုံးပြီး

“အဲ့ဒီမှာ ဉာဏ်ကြီးရှင်တွေက

ခွေးတွေလိုပေါ်များတယ်။ ကလေး ဒီမှာမင်းရဲ့ အဆင့်တူမှာ ဘယ်သူမှ မရှင်နိုင်ပေမဲ့ အဲ့ဒီမှာ တစ်ရက်တောင် အသက်ရှင်နိုင်မှာ မဟုတ်ဘူး”

သူက ကောင်းကင်အဝေးကို မော့ကြည့်ပြီး “ဉာဏ်ကြီးရှင်တွေလား…”

“ကမ္ဘာပေါ်မှာ မရေမတွက်နိုင်တဲ့ စကြဝဠာတွေရှိသလို

ညာဏ်ကြီးရှင်တွေလည်း

မရေမတွက်နိုင်အောင်ပါပဲ

ဒါပေမဲ့  အခြားကမ္ဘာတွေအားလုံးရဲ့

ညာဏ်ကြီးရှင်တွေက ငရဲကမ္ဘာရဲ့

ညာဏ်ကြီးရှင်တွေနဲ့ယှဉ်ရင်

နိမ့်ကျသွားတယ်“

ယန်ယဲ့က “ငါအဲ့ဒီကို သွားလို့ရမလား…”

သိုင်းပညာဘိုးဘေးကြီးက ခေါင်းခါလိုက်သည်။ “မဟုတ်ဘူး”

ယန်ယဲ့က “ငါသေတာကို မကြောက်ဘူး”

သိုင်းပညာဘိုးဘေးကြီးက “အဲ့ဒါတော့မဟုတ်ဘူး။ မင်းကို အဲ့ဒီနေရာကို ပို့ဖို့ တန်ကြေးက ငါတို့ ပေးဆောင်ဖို့ မတတ်နိုင်ဘူး။

ဒီကလေးမလေးကို အဲ့ဒီပို့ပေးဖို့အတွက်

သူ့မှာ ရှိသမျှအကုန်အကျခံခဲ့တယ်”

ယန်ယဲ့သည်

တစ်ခုခုကိုတွေးမိသည့်အလား

စကြဝဠာမှတ်တမ်းကို

ထုတ်ယူလိုက်သည်။

ထိုနောက် သူ့အကြည့်က

စကြဝဠာမှတ်တမ်းပေါ်ရှိ နေရာတစ်ခုသို့

ရောက်သွားခဲ့သည်။

ငရဲကမ္ဘာ။

အမှန်တော့ စကြဝဠာမှတ်တမ်းပေါ်တွင်
ငရဲကမ္ဘာ၏ နည်နေရာကို
အမှတ်အသားပြုထားခဲ့သည်။

“စကြဝဠာမှတ်တမ်း”

ပိတ်ချောဝတ်ရုံအဘိုးကြီးက ရုတ်တရက် မေးလိုက်သည်။ “မင်းဒါကို ဘယ်လိုရခဲ့တာလဲ…”

ယန်ယဲ့က အဘိုးကြီးကို စိုက်ကြည့်ရင်း “အကြီးအကဲတစ်ယောက်ဆီကနေ လက်ဆောင်ရခဲ့တာ”

အဘိုးကြီးက “ဝါးသေတ္တာလွယ်ထားတဲ့ အဲ့ဒီအဘိုးကြီးလား…” ဟု မေးသည်။

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

Translated by NyiNyiSoe.

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၇၇၁ -

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

သူ့ရှေ့မှ အဘိုးကြီးနှစ်ယောက်ဟာ အကြည့်ချင်းဖလှယ်ကြသည်။ ထို့နောက် နှစ်ယောက်စလုံး၏ မျက်လုံးထဲမှာ ထိတ်လန့်တကြားအမူအရာများ ပေါ်လာကြသည်။

ပိတ်ချောဝတ်စုံဝတ်အဘိုးကြီးက အချိန်အတော်ကြာ တိတ်ဆိတ်သွားပြီး ယန်ယဲ့ကို စိုက်ကြည့်နေသည်။

ဒီအချိန်မှာ ယန်ယဲ့၏လက်က

စကြာဝဠာမှတ်တမ်းပေါ်ရှိ

ငရဲကမ္ဘာပေါ်သို့ ကျဆင်းလာသည်။

သို့သော် သူ့လက်ဖြင့် ထိလိုက်ချိန်တွင်

ယန်ယဲ့၏အမူအရာက

ချက်ချင်းပြောင်းလဲသွားသည်။

တစ်ချိန်တည်းမှာပဲ သူ့စိတ်ထဲတွင်

အေးစက်စက်အသံတစ်သံ

ထွက်ပေါ်လာသည် "ရဲတင်းလိုက်တာ။

ခွင့်ပြုချက်မရှိဘဲနဲ့ ငရဲကမ္ဘာကို

ဝင်လာရဲတာလား”

ထိုအသံနှင့်အတူ

မမြင်နိုင်သောစွမ်းအင်လှိုင်းတစ်ခုဟာ

ယန်ယဲ့အပေါ်ကိုဖိချလာသည်။သူ့ခန္ဓာကို

ယ်က ချက်ချင်းအက်ကွဲလာသည်။

သွေးများ ပတ်ဝန်းကျင်အနှံ့

ဖြန်းခနဲထသွားသည်။

ယန်ယဲ့ သည် အသံကြောင့်

မူလစိတ်ဝိညာဉ်ပင်

ကွဲထွက်လုမတတ်ပါ။

သူသည်

တော်တော်လေးထိတ်လန့်သွားသည်။

တစ်ချိန်တည်းမှာပဲ

မူလစေတီကိုဆက်သွယ်ကာ

သူ၏အသိစိတ်ကိုချက်ချင်းကာကွယ်

ထားလိုက်သည်။

ပိတ်ချောဝတ်စုံဝတ်အဘိုးကြီးက ညာဖက်လက်ဝါးကို ရုတ်တရက်တွန်းထုတ်လိုက်ရာ ယန်ယွဲ့သည် နေရာမှာပင် အေးခဲသွားသည်။

ခဏတိတ်ဆိတ်သွားပြီးနောက် "အိုး၊ ဒါက အကြီးအကဲ ဝူနီ..."

အဘိုးကြီးက “အဲဒါက ညဏ်မမှီတဲ့ ဂျူနီယာလေးပဲ” ဟု ဂရုမစိုက်ဘဲ ပြန်ဖြေလိုက်သည်။

"အဆင်ပြေပါတယ်" အသံထွက်ပေါ်လာပြီးနောက် ယန်ယဲ့အား ဖိနှိပ်ထားသောစွမ်းအင်လှိုင်းများ ချက်ချင်းပျောက်ကွယ်သွားသည်။

ပျောက်ကွယ်သွားသည်နှင့် တပြိုင်နက်

ယန်ယွဲ့သည် ပေါ့ပါးသွားသလို

ခံစားလိုက်ရသော်လည်း သူ့မျက်နှာက

ဖြူဖျော့သွားသည်။

အကြီးအကဲဝူနီ ဟုခေါ်သော

အဘိုးကြီးက ယန်ယွဲ့ကို စိုက်ကြည့်ကာ

"ဒီကမ္ဘာကြီးဟာ ဘယ်သူမဆို

သွားလို့ရတဲ့

နေရာမဟုတ်ဘူး"ဟုပြောလိုက်သည်။

ယန်ယဲ့က အဘိုးကြီးဝူနီ အား လက်သီးဆုပ်ပြီး "ငါ့ကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ် အကြီးအကဲ "

သူပြောပြီးသည်နှင့် ခါးသက်သက်ရယ်မောလိုက်တော့သည်။ ဒီတစ်ခါတော့ သူဝါးနိုင်တာထက်ကို ပိုကိုက်မိသွားတာပါ။ ဒီအချိန်မှာ တစ်ဖက်ရှိလူက

စကြာဝဠာမှတ်တမ်းကနေတစ်ဆင့်
တိုက်ခိုက်နိုင်ကြောင်းပါ
သိရှိသွားခဲ့သည်။ အဘိုးကြီး
ဝူနီသာမကယ်ရင်တော့ သူဟာ
တစ်ခါတည်းလျှောသွားနိုင်ပါသည်။

အဘိုးကြီးဝူနီ က ယန်ယဲ့ရှေ့မှ
စကြာဝဠာမှတ်တမ်းကို
တစ်ချက်ကြည့်လိုက်ပြီး

"ဒီမှတ်တမ်းက မင်းထင်ထားတာထက် ပိုတန်ဖိုးကြီးတယ်။ ဒါ့အပြင် ဒီကမ္ဘာမှာ သူတို့သုံးယောက်ထက် မပိုပါဘူး။ မင်းမှာ စစ်မှန်တဲ့စွမ်းအားနဲ့ ရဲရင့်တယ်ဆိုရင်တော့ အနာဂတ်မှာ သူတို့ကိုရှာဖွေနိုင်မှာပါ"

ယန်ယဲ့ က ခေါင်းယမ်းပြီး ပြုံးလိုက်သည် "ဒီကမ္ဘာမှာ ငါလက်လှမ်းမမီသေးတဲ့ အရာတွေ အများကြီးရှိသေးတယ်"

ဝူနီ က "ကမ္ဘာကြီးဟာ အဆုံးမရှိဘူး"
ဟူ၍ ဘာမှမဖြစ်သလို
ပြန်ပြောလိုက်သည်။

ယန်ယဲ့က ခဏတုံ့ဆိုင်းသွားပြီး
“အကြီးအကဲ၊ ကမ္ဘာကြီးက
အဆုံးဆိုတာမရှိဘူးမဟုတ်လား။
ဒါဆိုရင် စကြဝဠာရဲ့အစပိုင်းကို
တစ်စုံတစ်ယောက်က ရောက်ဖူးသလား"

ဝူနီ က ယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး "ငါလည်း

မသိဘူး"

ယန်ယဲ့က

စကားမပြောနိုင်လောက်အောင်ပင်။

ဤအချိန်တွင် သိုင်းပညာဘိုးဘေးကြီး

က ရုတ်တရက်ပြောခဲ့သည်

"ဝါးသေတ္တာလွယ်ထားတဲ့ လူအိုကြီးက နည်းနည်းတော့သိနိုင်တယ်”

စစ်တုရင်အပိုင်းအစတစ်ခုကို ကိုင်ထားသော အဘိုးကြီးဝူနီ၏လက်က အနည်းငယ်တုန်ရီသွားသည်။ သို့သော် ဘာမှတော့ပြန်မပြောပေ။

ဝါးသေတ္တာလွယ်ထားတဲ့ အဘိုးကြီးလား။

ယန်ယဲ့၏စိတ်ထဲတွင်

ဝါးသေတ္တာလွယ်ထားသော

လူအိုကြီးတစ်ယောက်၏ပုံရိပ်ပေါ်လာသ

ည်။ အဘိုးကြီးက အမှန်တကယ်ပင်

လျှို့ဝှက်ဆန်းကြယ်လှသည်။

သူထုတ်ပြခဲ့သော အရာအချို့ကပင်

နတ်ဘုရားရတနာများသာဖြစ်သည်။

ဝါးသေတ္တာထဲမှာ

အခြားသောနတ်ဘုရားရတနာများရှိနေနို
င်ပါသည်။

ဝါးသေတ္တာ ။

ယန်ယဲ့သည် နှင်းပွင့်လေးအတွက်
နောင်တရမိသည် ။

ထိုနေ့က နှင်းပွင့်လေး
မပျော်မရွှင်ဖြစ်နေသည်ကို ပြန်တွေးရင်း

ယန်ယဲ့ဟာ ပြုံးလိုက်၏။ သူက သူ့အတွေးများကို ထိန်းပြီး ဝူနီကို စိုက်ကြည့်ရင်း "အကြီးအကဲ၊ သူမ ဘယ်တော့ပြန်လာမှာလဲ"

အဘိုးကြီးဝူနီ က "သူ့ကိုယ်သူ အနိုင်ဂပြီလို့ ထင်တဲ့အခါ သူပြန်လာမှာပါ။ သေချာပါတယ်၊ သူမ ဘယ်တော့မှ ပြန်မလာနိုင်တာလဲဖြစ်နိုင်တယ်”

ယန်ယဲ့ က "ဒါက အန္တရာယ်ရှိတယ်

မဟုတ်လား"

အဘိုးကြီးဝူနီက ခေါင်းညိတ်လိုက်သည်။

ယန်ယဲ့က အန်နန်ကျင်းကို

ယုံကြည်ထားသောကြောင့်

အခြားဘာမှထပ်မပြောခဲ့ပေ။

ဤအတောအတွင်း ယန်ယဲ့ သည်
ချောက်ကမ်းပါးထိပ်၌
ကျင့်ကြံရင်းစောင့်ဆိုင်းနေခဲ့သည်။

ယန်ယဲ့ သည် နေ့စဉ်နေ့တိုင်းလိုလို
ကျင့်ကြံခဲ့သည်။ သူသည်
အရူးတစ်ယောက်လို ကျင့်ကြံခဲ့သည်။

ကျင့်ကြံနေရင်းဖြင့်
နားမလည်သောအရာနှင့်ကြုံတွေ့ရလျှင်

အဘိုးကြီးဝူနီ ကို

သွားသွားမေးတတ်သည်။ အစပိုင်းတွင်

အဘိုးကြီးက စိတ်မဝင်စားပေ၊

သို့သော်လည်း ယန်ယဲ့က

ခဏခဏမေးမြန်းနေသဖြင့်

အခါအားလျော်စွာ လမ်းညွှန်ပေးခဲ့သည်။

ယန်ယဲ့ သည် ဤကာလအတွင်း

သိသိသာသာ

အမြတ်ထွက်ခဲ့သည်ဟုဆိုရပေမည်။

ချောက်ကမ်းပါးထိပ်ပိုင်း ။

ယန်ယဲ့သည် ဘူးသီးနက်ကို
ခါးမှာချိတ်ဆွဲထားရင်း
ချောက်ကမ်းပါးအစွန်းတွင်
မတ်တပ်ရပ်နေခဲ့သည်။

ဤအချိန်တွင် သူသည် ဘူးသီးနက်ဖြင့်
အဆက်မပြတ် လေ့ကျင့်နေခဲ့သည်။
လက်ရှိမှာတော့ ယန်ယဲ့ဟာ ကီလိုမီတာ

၅၀၀ အကွာရှိ

အကန့်အသတ်ချိုးဖျက်နယ်ပယ်ကို

ချက်ချင်းသတ်နိုင်၏။ သို့သော်လည်း

အဆင့် ၁ ကိုသာဖြစ်သည်။

အဆင့် ၂

အကန့်အသတ်ချိုးဖျက်နယ်ပယ်နှင့်ပတ်

သက်၍တော့ သူ့မှာ

ခွန်အားအလုံအလောက် မရှိသေးပေ။

အဆင့် ၂ ကို သတ်ချင်ပါက

သူ၏လက်ရှိခွန်အားနှင့် အမြန်နှုန်းကို

ထပ်ပြီးမြှင့်တင်ရပါမည်။

ချောက်ကမ်းပါးစွန်းတွင် ယန်ယဲ့သည်

မျက်လုံးများကိုမှိတ်ကာ

တင်ပျဉ်ခွေထိုင်နေခဲ့သည်။

ဤအတောအတွင်း နှင်းပွင့်လေးက

သူ့ပခုံးပေါ်တွင် ပေါ်လာသည်။

သူမလေးက ဤအချိန်တစ်လျှောက်လုံး

အိပ်စက်နေခဲ့တာပါ။ နောက်ဆုံးတွင်
အိပ်ယာနိုးလာပုံရသည်။

ယန်ယဲ့က ကျင့်ကြံနေတာကို
မြင်သောအခါ

သူမ၏လက်သည်းများဖြင့် သူ့ခေါင်းကို
ပွတ်သပ်လိုက်သည်။ ထို့နောက်တွင်တော့
ယန်ယဲ့အား
ထပ်ပြီးမနှောင့်ယှက်တော့ပေ။

ပုခုံးပေါ်ကနေ ခုန်ချပြီး

စစ်တုရင်ကစားနေသော

အဘိုးကြီးနှစ်ယောက်ရှိရာကို

လျှောက်သွားသည်။

စစ်တုရင်ကစားပွဲတစ်ခုပြီးအောင်လုပ်ဖို့

က တစ်လလောက်

အချိန်ယူလေ့ရှိပါသည်။

နှင်းပွင့်လေးက ဘုတ်ပြားနံဘေးတွင်

ရပ်ကာ

အနက်ရောင်အပိုင်းအစများကိုတစ်လှည့်

အဖြူအပိုင်းအစများကို

တစ်လှည့်စီကြည့်လိုက်သည်။

အဘိုးကြီးနှစ်ယောက်ဟာ

ကစားပွဲ၏အရေးကြီးအခိုက်အတန့်မှာ

ရောက်နေသဖြင့် နှင်းပွင့်လေးကို

ဂရုမစိုက်အားကြပေ။

နှင်းပွင့်လေးက

ခဏကြာစိုက်ကြည့်နေပြီးနောက်

ပျင်းရိလာပုံရသည်။

သူမ၏အကြည့်စူးစူးများက အဝေးကို

ရုတ်တရက် လှမ်းကြည့်လိုက်သည်။

ခဏအကြာတွင်

ချောက်ကမ်းပါးအနောက်ဘက်က

ဧရိယာဆီသို့ ခုန်ဆင်းသွားသည်။

ထိုနေရာကိုရောက်သောအခါ

မြက်ခင်းထဲတွင်

အနက်ရောင်သားရဲတစ်ကောင်

လဲလျောင်းနေသည်ကိုတွေ့လိုက်ရသည်။

သားရဲက ချီလင် နှင့်တူသည်။

၎င်း၏ခေါင်းပေါ်တွင်

အလွန်ရှည်လျားသော

ဦးချိုတစ်ချောင်းပါရှိသည်။ ထို့အပြင်

၎င်း၏ခြေလက်များက

သံတိုင်များနှင့်တူသည်။ အမြီးပိုင်းက

စပါးအုံးမြွေကဲ့သို့

အလွန်ရှည်လျားသည်။ သို့သော်လည်း

အထူးခြားဆုံးမှာ

သားရဲခြေသည်းများပင်ဖြစ်သည်။

ခြေသည်းတစ်ချောင်းစီဟာ

အလွန်ရှည်လျားသည်။ ချွန်မြနေသဖြင့်

မည်သည့်အရာမဆို

ကိုက်ဖြတ်နိုင်ပုံရသည်။

နှင်းပွင့်လေးက သားရဲကို ငေးကြည့်ရင်း မျက်တောင်ခတ်ကာ ခုန်ချသွားလိုက်သည်။ သားရဲက အိပ်ပျော်နေတာပါ။

နှင်းပွင့်လေးက တစ်ခုခုကို တွေးနေပုံရပြီး အသီးတစ်ခြမ်းကို ရုတ်တရက် ထုတ်ယူလိုက်သည်။ ဝါးသေတ္တာလွယ်ထားသော အဘိုးကြီး ပေးခဲ့သော သစ်သီးပါ။

နှင်းပွင့်က အသီးတစ်ခြမ်းကို

ထုတ်ယူလိုက်သည်နှင့်

အိပ်စက်နေသောသားရဲဟာ

မျက်လုံးများကို

ချက်ချင်းဖွင့်လိုက်သည်။ ၎င်း၏အကြည့်

က ချက်ချင်းပင်

အသီးပေါ်ကျသွားသည်။ သို့သော်

ခဏအကြာတွင် နှင်းပွင့်ကို

စိုက်ကြည့်ပြီးနောက်
အံ့အားသင့်သွားပုံပါ။

နှင်းပွင့်လေးက မျက်တောင်ခတ်ပြီး
အသီးခြမ်းကို သားရဲရှေ့မှာ
ပစ်ချလိုက်ရင်း ပြုံးပြလိုက်သည်။

သားရဲ က သစ်သီးခြမ်းကို
တစ်ချက်ကြည့်လိုက်သည်။ ထို့နောက်
နှင်းပွင့်ကို စိုက်ကြည့်ကာ

ပါးစပ်ကိုဟလိုက်သည်။ ၎င်းက

နှင်းပွင့်လေး နှင့်စကားပြောနေတာပါ။

သားရဲများက လူသားဘာသာဖြင့်

ပြောနိုင်သော်လည်း နှင်းပွင့်လေးက

လူသားမဟုတ်ပေ။ ထို့ကြောင့် သားရဲ က

သားရဲဘာသာဖြင့်သာ

ဆက်သွယ်ပြောလိုက်ပုံရသည်။

အသီးက သူ့အတွက်

တကယ်ဟုတ်လားလို့မေးနေတာပါ။

နှင်းပွင့်လေးက

ခေါင်းညိတ်ပြလိုက်သည်။

သားရဲက ခဏမျှ တုံ့ဆိုင်းသွားပုံရကာ

အသီးခြမ်းကို ဗိုက်ထဲသို့

စုပ်ယူလိုက်သည်။ ထို့နောက်

ချက်ချင်းထရပ်လိုက်သည်။

ဝုန်း…

သားရဲ ထရပ်လိုက်သည်နှင့် တပြိုင်နက် ပတ်ဝန်းကျင်သည် ပြင်းထန်စွာ တုန်ခါလာသည်။

ဤအချိန်တွင် ဝူနီက စစ်တုရင်အပိုင်းအစကိုကိုင်ထားရင်း နှင်းပွင့်လေး ဆီသို့

တစ်ချက်လှမ်းကြည့်လိုက်ပြီး

"ဒီအကောင်လေးက ဘာလုပ်နေတာလဲ"

သိုင်းပညာဘိုးဘေးကြီး က

ပေါ့ပေါ့ပါးပါး ရယ်ပြီး “နောက်ထပ်

ဘာရှိသေးလဲ။ ကစားနေတာလေ.”

စကားပြောပြီးနောက်

အပိုင်းအစတစ်ခုကို

ဘုတ်ပြားပေါ်တင်လိုက်သည်။

ဝူနီက ခေါင်းညိတ်လိုက်သည်။ သူက
တခြားစကားမပြောဘဲ
အပိုင်းတစ်ပိုင်းကိုလည်း ချလိုက်တယ်။

အသီးတစ်ခြမ်းကို မျိုချလိုက်ပြီးနောက်
သားရဲက ကျေးဇူးတင်စိတ်အပြည့်ဖြင့်
နှင်းပွင့်ကို စိုက်ကြည့်နေလေသည်။

ဤအချိန်တွင် နှင်းပွင့်လေးက ဇင်းဆီသို့ ပျံတက်သွားသည်။

ထို့နောက်ခေါင်းပေါ်ရှိ ချိုကို ညွှန်ပြလိုက်သည်။ ...ကိုင်လို့ရလားလို့ မေးနေတာ ။

သားရဲက ခဏတာ တုံ့ဆိုင်းသွားပြီး ခေါင်းညိတ်လိုက်သည်။

နှင်းပွင့်လေးက ပြုံးလိုက်ပြီး
ပေါ့ပေါ့ပါးပါး ကိုင်လိုက်သည်။

ထိုကဲ့သို့ပင် သူတို့က
မိတ်ဆွေများဖြစ်လာသည်ဟု
ယူဆနိုင်သည်။

ခဏအကြာတွင် နှင်းပွင့်က
မျက်တောင်ခတ်ပြီး
သူမ၏လက်သည်းများကို လျင်မြန်စွာ

ငွေ့ယမ်းလိုက်တော့သည်။ သားရဲကို သူမနှင့်အတူ ကစားရန် မူလစေတီထဲသို့ ဖိတ်ခေါ်နေတာပါ။ မူလစေတီက မည်မျှကြီးမားကြောင်းပါပြောပြနေ၏။

သားရဲက ခပ်လှမ်းလှမ်းမှ အဘိုးကြီးနှစ်ယောက်ကို လှမ်းကြည့်ကာ ချီတုံချတုံ ဖြစ်နေသည်။ သို့သော် နှင်းပွင့်လေးက ချိုကိုကိုင်ကာ ယန်ယဲ့ဆီသို့ဆွဲခေါ်လာလေသည်။

အဘိုးကြီးနှစ်ယောက်စလုံးက

သတိထားမိသည့်တိုင်

မကန့်ကွက်ကြပေ။ ခွင့်ပြုလိုက်တာပါ။

သိပ်မကြာလိုက်ဘဲ နှင်းပွင့်လေးက

သားရဲ့နှင့်အတူ

မူလစေတီထဲကိုပြန်ရောက်သွားသည်။

အထဲကို ရောက်သည့်အခါ

မူလနတ်ဆိုးနွား၊ မူလနဂါး နှင့်

မူလနတ်ဆိုးကျား တို့အား

ဆင့်ခေါ်လိုက်လေသည်။

ဤအတောအတွင်း သားရဲက

ပတ်ဝန်းကျင်ကို စစ်ဆေးနေပုံရသည်။

သို့သော် မူလနတ်ဆိုးများကို

မြင်လိုက်ချိန်မှာတော့

သားရဲမျက်လုံးများက

ချက်ချင်းကျဉ်းမြောင်းသွားလေတော့သ

ည်။

ရန်လိုသော

အငွေ့အသက်တစ်ခုပင်ရလိုက်လေသည်

။

မှန်သည်၊ မူလနဂါးကို မြင်သောအခါ

သားရဲ၏မျက်လုံးအစုံမှ

ရန်လိုသောအငွေ့အသက်များ

ထွက်ပေါ်လာသည်။

ရန်လိုသော စိတ်သဘောထားဟာ

သဘာဝအတိုင်း ထွက်ပေါ်လာတာပါ။

မူလနဂါး က သားရဲကို

တစ်ချက်သာကြည့်လိုက်ပြီး

၎င်း၏အကြည့်ကို အဝေးသို့

ရွှေ့လိုက်သည်။

ၚင်းအတွက် နှင်းပွင့်လေး အပြင်

ဝမ်အရှုးမလေး ကလွဲ၍

အခြားဘယ်သူ့ကိုမှ မကြောက်ရွံ့ခဲ့ပေ။

နွားနတ်ဆိုးက

ကိုယ့်ကိုယ်ကိုနှိမ့်ချနေပါဟူ

အထပ်ထပ်ပြောထားသောကြောင့်သာ။

မဟုတ်ရင်တော့ လက်ရှိမှာ

ထိုသားရဲကိုတိုက်ခိုက်နေလောက်ပါပြီ။

မူလနဂါးများက ဘယ်အရာကိုမှ

မကြောက်ရွံ့ပေ။

နှင်းပွင့်လေးက ဤနေရာ၏ လေထုကို

ရှင်းရှင်းလင်းလင်း သတိပြုမိပုံရသည်။

သူမ၏လက်သည်းများကို

ဝှေ့ယမ်းလိုက်ကာ အားလုံးက

မိတ်ဆွေများဖြစ်ကြောင်း

ပြောလေသည်။

နွားနတ်ဆိုးက အရင်ဦးဆုံး

လှုပ်ရှားလာသည်။ သားရဲဆီသို့

လျှောက်သွားကာ

နှုတ်ဆက်သည့်ပုံစံဖြင့် အနည်းငယ်

ခေါင်းညိတ်ပြသည်။ ထို့နောက်

နှင်းပွင့်၏နောက်မှာ ရပ်နေလေသည်။

မူလနတ်ဆိုးကျား ကလည်း

နှင်းပွင့်ကိုမျက်နှာသာပေးပုံပါ။ သားရဲကို

ခေါင်းညိတ်ပြလိုက်သည်။

နောက်ဆုံးတော့ မှုလနဂါးတစ်ကောင်သာ ကျန်တော့၏။

နှင်းပွင့်လေးက မှုလနဂါးကို စူးစိုက်ကြည့်လိုက်သည်။ နဂါးလေးက အကူအညီမဲ့နေသောအမူအရာဖြစ်သွားသည်။ သူသည် နှင်းပွင့်လေးကို မျက်နှာသာမပေးရင်တော့ ဘုံရန်သူဖြစ်လာပေမည်။ မှုလနဂါးက တုံ့ဆိုင်းမနေရဲတော့ဘဲ

သားရဲကိုစိုက်ကြည့်ကာနှုတ်ဆက်ပုံစံဖြင့် ခေါင်းညိတ်လိုက်သည်။

မူလနဂါးက

မျက်နှာသာပေးနေသောကြောင့်

သားရဲဟာ သဘာဝရန်ငြိုးကို

ထုတ်မပြတော့ဘဲ အနည်းငယ်

ခေါင်းညိတ်လိုက်ပါသည်။

"နှင်းပွင့်လေး..." ဤအချိန်တွင်
ဝမ်အရှုးမလေး၏အသံ
ရုတ်တရက်ထွက်ပေါ်လာသည်။

မူလနဂါးလေးက
တုန်လှုပ်ခြောက်ခြားကာ နေရာမှာတင်
ပျောက်ကွယ်သွားတော့သည်။
ဝမ်အရှုးမလေးက
ထိုသခ်ျိုင်းကျောက်တုံးကို
ကိုင်ထားလေရာ

ပိုလို့တောင်ကြောက်စရာကောင်းသွား၏

။

တစ်ချိန်တည်းမှာပင် ဝမ်အရှူးမလေးကို

မြင်သည်နှင့်တပြိုင်နက်

သားရဲ၏မူအရာက

ချက်ချင်းပြောင်းလဲသွားသည်။ ၎င်း၏

ကြောက်စရာအကောင်းဆုံးသော

သဘာဝရန်သူအား ရင်ဆိုင်နေရသလိုမျိုး

အမွေးအမျှင်များထောင်မတ်နေလေသ

ည်။

ဝမ်အရှုးမလေးက သတိပြုမိသော်လည်း

စိတ်မဝင်စားပုံပါ။

သားရဲကိုစူးစိုက်ကြည့်ရင်း

နှင်းပွင့်လေးကို ကြည့်ပြီး “ဒါက

နင့်ရဲ့လူသစ်ပဲလား။ ဟမ်၊ မဆိုးပါဘူး။

တိုက်ခိုက်ရတာ

တော်တော်ကောင်းပါတယ်။ အိုး...

မှန်တယ် ... နှင်းခဲလေး၊ ငါ
အရမ်းဗိုက်ဆာနေပြီလို့ အစ်ကိုကြီး
ယန်ကို ပြောပေးနိုင်မလား။ ငါတကယ်
ဗိုက်ဆာနေတာ။ အခု မိုက်မဲတဲ့နွားကို
စားချင်တယ်လို့တောင် ခံစားရတယ်"

နွားနတ်ဆိုး၏တစ်ကိုယ်လုံးမှ
ချွေးများအဆက်မပြတ်စီးကျလာတော့
သည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၇၇၂ -

သူမက နွားနတ်ဆိုးကိုတောင်

စားချင်နေပြီ လား။

နှင်းပွင့်လေးက

မျက်တောင်ခတ်နေသည်။ ဒီပြဿနာက

အရမ်းပြင်းထန်တယ်လို့ ခံစားမိပုံပါ။

နွားနတ်ဆိုးကို

တစ်ချက်ကြည့်လိုက်ရာငင်းက အနားကို

တဖြည်းဖြည်းတိုးကပ်လာသည်။

ထို့နောက် နွားနတ်ဆိုး၏အမူအရာက

စိတ်သက်သာရာရသွားပုံပေါ်သည်။

နှင်းပွင့်လေးက ဝမ်အရှူးမလေးကို

ပခုံးပုတ်ကာ နှစ်သိမ့်ပေးနေသည်။

ထို့နောက် မူလစေတီထဲမှ

ပြန်ထွက်သွားခဲ့သည်။

ဤကိစ္စကို အလွန်ပြင်းထန်သည်ဟု

ခံစားမိသောကြောင့် ယန်ယွဲ့အား

ပြောပြရန်ရည်ရွယ်လိုက်ပုံပါ။

မူလစေတီအပြင်ဖက် ။

ယန်ယဲ့သည် တောင်ထိပ်တွင် ရပ်နေ၏။

ရုတ်တရက် မျက်လုံးပွင့်လာပြီး

ကီလိုမီတာ ၅၀၀ အကွာတွင်

ဓားစွမ်းအင်တစ်စင်း

လင်းလက်သွားသည်။

ထိုနေရာရှိ တောင်ထိပ်ဟာ

ထက်ပိုင်းပြတ်ထွက်သွားသည်။

တစ်ချိန်တည်းမှာပင် တောင်ကြီးသည်

ဘာမှမဖြစ်ဘဲ ပြိုကျသွားသည်။

ဓားအလင်းတန်းက

အလွန်လျင်မြန်သောကြောင့်ပင်။

ယန်ယွဲ့၏လေ့ကျင့်မှုက

သိသိသာသာပင်တိုးတက်ခဲ့သည်။

ယန်ယွဲ့က ပြုံးလိုက်သည်။ သူ၏

ဓားပျံများက ယခင်ကထက် အနည်းငယ်

ပို မြန်လာပါသည်။

အနည်းငယ်သာရှိသေးသော်လည်း

ကြောက်စရာကောင်းလှသည်။

ဤအချိန်တွင် နှင်းပွင့်လေးက

သူ့ရှေ့မှာပေါ်လာသည်ကို

မြင်လိုက်ရသည်။ သူမလေးက

လက်သည်းများကို

အမြန်ဝှေ့ယမ်းလိုက်သည်။

ခဏအကြာတွင် ယန်ယဲ့က

မျက်မှောင်ကြုတ်လိုက်သည်။

သူ ခဏလောက် တုံ့ဆိုင်းသွားပြီး

ဝမ်အရှူးမလေး ကို ခေါ်လိုက်သည်။

ဝမ်အရှူးမလေးက ပြုံးကာ "အစ်ကိုကြီး

ယန်၊ အခု ငါ့အတွက် စားစရာရှိလား"

ယန်ယဲ့ သည် အံ့အားသင့်သွားသည်။

ဝမ်အရူးမလေး အပြင်ထွက်လာသဖြင့်
အဘိုးကြီးနှစ်ယောက်ဟာ
စစ်တုရင်ကစားနေတာကို
ရပ်သွားကြသည်။ နှစ်ယောက်စလုံးက
ဝမ်အရူးမလေးကို စိုက်ကြည့်နေသည်။

ယန်ယဲ့က ဝမ်အရူးမလေးကိုလက်ဆွဲကာ
အဘိုးကြီးနှစ်ယောက်ထံ လျှောက်လာပြီး

“အကြီးအကဲတို့၊ သူက

နတ်ဆိုးတွေကိုစားချင်နေတာ။

ငါဘာလုပ်သင့်သလဲ"

အမှန်တော့ သူသည် ဝမ်အရှုးမလေး၏

တောင်းဆိုချက်နဲ့ ပတ်သက်ပြီး

ဘာလုပ်ရမှန်းမသိလို့ပါ။

ကလေးမလေးက

လူသားမဟုတ်သောကြောင့်

နတ်ဆိုးများကိုစားတာဟာ

သူမ၏သဘာဝဖြစ်သည်။

သူမ၏ဝါးမျိုချင်စိတ်ကို

အတင်းအကြပ်ဖိနှိပ်ထားရန်

တောင်းဆိုနေတာက

ကြာလာလျှင်အဆင်မပြေနိုင်ပါ။

အဘိုးကြီးဂူနီ က ဝမ်အရှူးမလေးကို

အနည်းငယ် ခေါင်းညိတ်ပြပြီး

"ဘာလုပ်သင့်လဲ။ ဒီတော့ သူစားဖို့

နတ်ဆိုးသားရဲတွေ

ယူလာပေးလိုက်ပေါ့ကွ"

ယန်ယဲ့က

ဘာပြောရမှန်းပင်မသိတော့ပေ။

အဘိုးကြီးဂူနီ၏ စကားကြောင့်

ဝမ်အရှူးမလေးဟာ

မျက်လုံးများတောက်ပလာလေသည်။

ဤအတောအတွင်း ဝူနီ က

ဆက်ပြောသည်

“အစတုန်းကတော့ သူမ မင်းနဲ့

အတူရှိမနေသင့်ဘူးလို့ ခံစားမိတယ်။

ဘာ့ကြောင့်လဲဆိုတော့ ဒါဟာ

သူမရဲ့သဘာဝကိုဖိနှိပ်ထားရလို့။ ဒါပေမဲ့

ဒါဟာ ကောင်းတဲ့အရာတစ်ခုလို့

ငါထင်ပါတယ်။ သူမရဲ့ သဘာဝကို

လုံးလုံးလျားလျား

လွှတ်ပေးလိုက်မယ်ဆိုရင်

နတ်ဆိုးမျိုးနွယ်အတွက်

ကပ်ဘေးဖြစ်လာလိမ့်မယ်။ ဒါ့ပြင်

သူမက လက်ရှိ ခွန်အားအဆင့်မှာ

ဒီလိုလုပ်ခဲ့မယ်ဆိုရင် သူမအတွက်

ကပ်ဘေးတောင်ဖြစ်နိုင်သေးတယ်”

ဝူနီ က တစ်ခုခုကို တွေးနေပုံရပြီး

နှင်းပွင့်လေးအား အလျင်စလို

စိုက်ကြည့်ရင်း "အသေးလေး၊

ငါ့ရဲ့သိုင်းချီလင် ဘယ်မှာလဲ"

သိုင်းချီလင် ။

နှင်းပွင့်လေးက

မျက်တောင်ခတ်နေသည်။ ဆိုလိုတာက

ဘာမှမသိဟုပြောနေတာပါ။

ဝူနီ က နှင်းပွင့်ကို စိုက်ကြည့်ရင်း

"မသိချင်ယောင်ဆောင်မနေနဲ့။

မင်းနဲ့ကစားနေတဲ့

အဲဒီနတ်ဆိုးကောင်အကြောင်း

ငါပြောနေတာ"

နှင်းပွင့်လေးက ပတ်ပတ်လည်ကို

လှမ်းကြည့်နေသည်။ သူမ

ဘာစီစဉ်နေမှန်းတော့မသိနိုင်ပေ။

အဘိုးကြီးဝူနီ က သူ့လက်ကို
ရုတ်တရက်ဝှေ့ယမ်းလိုက်သည်။
မူလစေတီထဲရှိ သိုင်းချီလင် က
အပေါ်ကိုမော့ကြည့်ကာ
အပြင်ထွက်လာလေသည်။

သိုင်းချီလင် ကိုမြင်မှသာ အဘိုးကြီးဝူနီ
က သက်သာသွားပုံရသည်။
ဝမ်အရှုးမလေးက

ယန်ယဲ့နှင့်အတူရှိနေတာကို

သူမေ့လုနီးပါးပါ။

ဤအတောအတွင်း နှင်းပွင့်လေးက

သိုင်းချီလင် ကို

ရုတ်တရက်လက်ညှိုးထိုးပြပြီး

သူ့ကိုယ်သူ ညွှန်ပြလိုက်သည်။

ဆိုလိုသည်မှာ သိုင်းချီလင်က

သူမအပိုင်ဖြစ်သည်။

အဘိုးကြီးဝူနီ က နှင်းပွင့်ကို

တစ်ချက်ကြည့်လိုက်ပြီး "အသေးလေး၊

အဲဒါ မင်းပိုင်တယ်လို့ ဘယ်အခြေခံနဲ့

ပြောတာလဲ။ အရှက်မဲ့ပြီး လုယက်ဖို့

ကြိုးစားနေတာလား"

နှင်းပွင့်လေးက သိုင်းချီလင်ကို

ညွှန်ပြကာ

ကိုယ်ပိုင်ရွေးချယ်မှု လုပ်နိုင်သည်ဟု ထောက်ပြခဲ့သည်။ ထို့နောက် ကျန်နေသောအသီးတစ်ခြမ်းကို ထုတ်ယူလိုက်ပြီး သိုင်းချီလင် အား စိုက်ကြည့်နေ၏။ သိုင်းချီလင် သာ သူမကိုရွေးချယ်လျှင် အသီးတစ်ခြမ်းရမှာဟု ပြောနေတာ။

သိုင်းချီလင် က အတော်လေး ချီတုံချတုံဖြစ်နေလေသည်။

အဘိုးကြီးဝူနီ ကတော့ မျက်နှာပေါ်တွင်

ထူးဆန်းသည့်အမူအရာများ ရှိနေ၏။

ဤအချိန်တွင် နှင်းပွင့်လေးက

ပါးစပ်ဟကာ သိုင်းချီလင်ဆီသို့

ပေါ့ပေါ့ပါးပါး မှုတ်ထုတ်လိုက်သည်။

သူမ၏ပါးစပ်လေးထဲမှ

သန့်စင်သောဝိညာဉ်စွမ်းအင်ကြိုးမျှင်တ

စ်ချောင်းထွက်လာပြီး သိုင်းချီလင်ထံ

တိုးဝင်လာသည်။ သိုင်းချီလင် က

တုန်လှုပ်သွားသည်။

အလွန်သာယာသောခံစားချက်ကိုရလိုက်

ပုံပါ။

ဝိညာဉ်စွမ်းအင်ဖြင့်

မူလဝိညာဉ်ကိုအဆင့်မြှင့်တင်ခြင်း ...။

သိုင်းပညာဘိုးဘေးကြီးနှင့်

အဘိုးကြီးဝူနီလည်း

အကြည့်ချင်းဖလှယ်လိုက်သည်။ ခဏာမျှ

ငြိမ်သက်သွားပြီးနောက်

သိုင်းပညာဘိုးဘေးကြီးသည "သူမနဲ့အတူ

နေရတာက ငါတို့နဲ့နေရတာထက်

ပိုကောင်းတယ်။ ဒါ့အပြင် သိုင်းချီလင်

က

အဲဒီမိန်းကလေးကိုရွေးချယ်ခဲ့တာမဟုတ်

လား။ ဒီအသေးလေးနဲ့နေတာက

သူတို့နဲ့အတူတူနေသလိုပဲလေ"

အဘိုးကြီးဝူနီ က အကြာကြီး

ငြိမ်သက်သွားသည်။ ထို့နောက်

သိုင်းချီလင်ကို

စိုက်ကြည့်ရင်း "မင်းရွေးချယ်တဲ့လူက

သူတို့နဲ့ အတူရှိနေမှာပါ။ ဒါကြောင့်

မင်းသူတို့နဲ့ အတူရှိနေရင်

မြင်တွေ့နေရမှာပါ"

သိုင်းချီလင် က ဝမ်းသာသွားပုံရသည်။ အဘိုးကြီး ဝူနီရှေ့မှာ သူ့ကိုယ်သူ ဦးညွှတ်လိုက်သည်။ ခဏအကြာမှာ ပြန်ထပြီး နှင်းပွင့်၏ နံဘေးကို ရောက်သွားခဲ့သည်။

နှင်းပွင့်လေးက ပြုံးပြီး အသီးတစ်ခြမ်းကို သိုင်းချီလင် ဆီပေးလိုက်လေသည်။

ဤအချိန်တွင် ဂူနီက ရုတ်တရက် မေးလိုက်သည် “ဒီအသီးက ဝါးသေတ္တာနဲ့အဘိုးကြီး ပေးလိုက်တဲ့လက်ဆောင်ပဲ... ဟုတ်တယ်မလား”

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး "အကြီးအကဲ၊ အဲဒါ ဘာအသီးလဲ"ဟုမေးလိုက်သည်။

ဝူနီ က "ဖရိုဖရဲသစ်ပင်ရဲ့အသီး။

လက်ရှိမှာတော့ မျိုးသုဉ်းသွားပြီ။

အဲဒီအဘိုးကြီးအပြင်

ဘယ်သူ့မှာမှမရှိဘူး။ နတ်ဆိုးတွေနဲ့

ဝိညာဉ်တွေအတွက်

အရမ်းအသုံးဝင်တယ်။

အမိကကတော့ သူတို့ရဲ့ သွေးကြောတွေကို

အဆင့်မြှင့်တင်ပေးနိုင်တာပဲ။ ဒါက

သွေးမျိုးဆက်ကို

မပြောင်းလဲနိုင်ပေမယ်လို့

အံ့သြစရာကောင်းနေသေးတယ်။

ပြီးတော့ အဆင့်တစ်ခုကို

ရောက်သွားတာနဲ့ ကြိုးစားလိုက်ရင်

ကိုယ်ပိုင်သွေးမျိုးဆက်ကို

ဆင့်ကဲပြောင်းလဲနိုင်တယ်။

တိုတိုပြောရရင် ဒီအသီးက

သူတို့ရဲ့ ကိုယ်ပိုင်သွေးမျိုးဆက်တွေကို

ဆင့်ကဲပြောင်းလဲနိုင်အောင်

ကူညီပေးနိုင်တာဖြစ်လို့ လောကရဲ့

နတ်ဘုရားဝိညာဉ်သစ်သီးတွေထဲမှာတော

င် အဆင့် ၂ နေရာမှာ ရှိတယ်”

ဒီအချိန်မှာ နှင်းပွင့်လေးက

သူမ၏လက်သည်းတစ်ဖက်ကိုမြှောက်

လိုက်သည်။ အဆင့် ၁ မှာရှိနေတာက

ဘာအသီးလဲလို့မေးနေတာပါ။

ဝူနီ က နှင်းပွင့်ကို
တစ်ချက်ကြည့်လိုက်ပြီး "မင်းနောင်မှာ
သိလိမ့်မယ်"

နှင်းပွင့်၏မျက်နှာသေးသေးလေးက
မကျေမနပ်ဖြစ်သွားသည်။

ထိုကဲ့သို့ပင်၊
နှင်းပွင့်၏လှည့်ကွက်ကြောင့် ယန်ယဲ့ဟာ
နောက်ထပ် မူလနတ်ဆိုး သိုင်းချီလင် ကို

ရရှိသွားခဲ့သည်။ ၎င်းသည် မွေးကင်း

သိုင်းချီလင်

ပေါက်စလေးသာဖြစ်နေသည်။ သို့သော်

အဆင့် ၂ လောကသခင်ဖြစ်၏။

အန်နန်ကျင်းအတွက် အဘိုးကြီးဝူနီ

အထူးလက်ဆောင်ပေးထားသော

နတ်သားရဲဖြစ်သည်။ သို့သော်လည်း

ယန်ယဲ့က သူ့အပိုင်အဖြစ်

သတ်မှတ်လိုက်သည်။ နောက်ဆုံးတွင်

အန်နန်ကျင်းက

သူ့အပိုင်ပင်မဟုတ်ပါလား။

ဤအချိန်တွင် ဝူနီက ယန်ယဲ့ကို

စိုက်ကြည့်ကာ “မင်းရဲ့ ဓားပျံက

အခုအချိန်မှာ မင်းအတွက်

မလုံလောက်ဘူး။ ဒါပေမဲ့ ပိုမြန်ရင်

ပိုအားကောင်းနိုင်တယ်”

ယန်ယဲ့က ဝမ်းသာအားရနဲ့ "အကြီးအကဲ၊ ကျေးဇူးပြုပြီး ငါ့ကို လမ်းညွှန်ပေးပါ"

ဝူနီ က "ဓားနယ်မြေ နဲ့တွဲသုံးလိုက်"

ဓားနယ်မြေ

ယန်ယဲ့ က မျက်မှောင်ကြုတ်လိုက်သည်။ ခဏအကြာတွင် သူ့နှုတ်ခမ်းပေါ်မှ

အပြုံးတစ်ခု ပေါ်လာပြီး
"ကျေးဇူးတင်ပါတယ်'

စကားပြောပြီးသည်နှင့်
တိမ်တိုက်များပေါ်သို့
ခုန်တက်လိုက်သည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည်
သူ၏မျက်လုံးများကို
မှိတ်ထားလိုက်သည်။ ဒီအချိန်မှာ

သူ၏ခန္ဓာကိုယ်က ချက်ချင်းပင်
ထူးဆန်းစွာပြောင်းလဲသွားသည်။

ဓားနယ်မြေနဲ့
လူတစ်သားတည်းပေါင်းစပ်ခြင်း ။

ခဏအကြာတွင်
သူ၏ခါးမှာချိတ်ဆွဲထားသည့်
ဘူးသီးနက်ဟာ
တုန်ခါလာသည်။ထို့နောက်

ဓားစွမ်းအင်တစ်စင်း ပြေးထွက်သွားပြီး ကီလိုမီတာ ၅၀၀ အကွာရှိ တောင်ထိပ်တစ်ခုကို ထိမှန်သွားသည်။

အရှိန်က အရမ်းကိုမြန်ဆန်ခဲ့သည်။

ယန်ယွဲ့၏မျက်လုံးများက စိတ်လှုပ်ရှားမှုများဖြင့် ပြည့်နှက်နေသည်။ ၎င်းသည် ယခင်က

သူအောင်မြင်ခဲ့သည့်ထက်ပင် ၃၀% နီးပါး ပိုမြန်ပါသည်။

လက်ရှိတွင် အတွေးတစ်ချက်ဖြင့် ကီလိုမီတာ ၅၀၀ အကွာက အဆင့် ၂ ချိုးဖျက်ခြင်းသခင်ကို သတ်နိုင်ပါသည်။

ယန်ယွဲ့သည် ရက်အနည်းငယ်ကြာ လေ့ကျင့်ပြီးနောက် ချောက်ကမ်းပါးထိပ်မှပြန်ဆင်းလာသည်

။ သူသည် သိုင်းနတ်ဘုရားမြို့တော်သို့ ပြန်လာခဲ့သည်။

တိမ်ပင်လယ်ခန်းမ ။

သူသည် အားလန် ဟုခေါ်သော မိန်းမပျိုနှင့် သဘောတူညီချက်ကို သဘာဝအတိုင်း မေ့လျော့နေခြင်းမရှိပေ။ အားလန် က သူ့အား

အန်နန်ကျင်း၏တည်နေရာအကြောင်း သတင်းအချက်အလက်ပေးခဲ့သည်မဟုတ်ပါလား။ အပြန်အလှန်အားဖြင့် သူက အားလန်၏ဒဏ်ရာများကို ကုသပေးသင့်သည်။

တိမ်ပင်လယ်ညှော့ခန်းမ ။

လက်ယာဓားနှင့် လက်ဝဲဓားက ယန်ယွဲ့ကို နှုတ်ဆက်ကြသည်။

လက်ယာစား က ယန်ယဲ့အား အနည်းငယ်

ဦးညွှတ်ကာ “ဆရာကြီး ယန်၊

ခဏစောင့်ပါ။ သူမ

ခဏကြာရင်ရောက်လာလိမ့်မယ်"

ယန်ယဲ့ က ခေါင်းညိတ်ပြပြီး ဘေးမှာ

ဝင်ထိုင်လိုက်သည်။ ယန်ယဲ့

ထိုင်နေသည့်နေရာကိုမြင်သောအခါ

လက်ဝဲစားကမျက်မှောင်ကြုတ်လိုက်သ

ည်။

တစ်ခုခုပြောရန်ပြင်လိုက်သော်လည်း

လက်ယာအား က သူမကိုတားလိုက်သည်။

သူတို့ရှေ့က လူငယ်ဟာ

ဆက်ဆံရလွယ်တဲ့လူမဟုတ်မှန်း

သိသာပါသည်။ တတ်နိုင်ရင်

ထိုလူငယ်ကို

မစော်ကားမိအောင်နေတာကသာ

အကောင်းဆုံးဖြစ်၏။

နှင်းပွင့်လေးက

ယန်ယဲ့၏ပခုံးပေါ်မှာထိုင်နေရင်း

လက်ယာဓားနှင့်

လက်ဝဲဓားတို့အားစိုက်ကြည့်နေသည်။

ထို့နောက် အရိုးချောင်းတစ်ချောင်းကို

ထုတ်ယူကာ လျှာဖြင့်သပ်နေလေသည်။

ဤအချိန်တွင် ဝါးအိမ်ထဲမှ

သက်လတ်ပိုင်းအမျိုးသားတစ်ဦး

ထွက်လာသည်။ လက်ယာဓားနှင့်
လက်ဝဲဓားက ထိုလူအား အနည်းငယ်
ဦးညွှတ်လိုက်သည်။
သက်လတ်ပိုင်းအမျိုးသားက
ဘာမှမပြောဘဲ
ခေါင်းကိုသာညိတ်လိုက်သည်။

သူထွက်သွားခါနီးတွင်တော့ ယန်ယဲ့ကို
ရုတ်တရက် စိုက်ကြည့်လိုက်သည်။
ယန်ယဲ့ကို မြင်သောအခါ

အနည်းငယ်ထိတ်လန့်သွားပြီး ခဏမျှ
တုံ့ဆိုင်းသွားကာ “မင်းက ယန်ယွဲ့ လား”
ဟု မေးလိုက်သည်။

ယန်ယွဲ့ က ထိုလူကို စိုက်ကြည့်ရင်း
“မင်းက ဘယ်သူလဲ”

ယန်ယွဲ့ ဝန်ခံလိုက်သည်ကိုမြင်သောအခါ
သက်လတ်ပိုင်းအမျိုးသားက ပြုံးကာ
လက်သီးဆုပ်ပြရင်း “ငါက

သိုင်းနတ်ဘုရားဂိုဏ်းရဲ့ ဂိုဏ်းသခင်ပါ။

မင်းကို ဒီမှာတွေ့ဖို့ ငါ

မမျှော်လင့်ထားဘူး။ မင်း အားတဲ့အခါ

ငါ့ဂိုဏ်းကို လာလည်ပါ။

ငါတို့ရဲ့ဧည့်ဝတ်ကျေပွန်မှုကို

ခံစားလို့ရတယ်”

သိုင်းနတ်ဘုရားဂိုဏ်း၏ ဂိုဏ်းသခင် ။

ယန်ယဲ့က

သက်လတ်ပိုင်းအမျိုးသားကိုတစ်ချက်

ကြည့်လိုက်ပြီး “ကောင်းပါပြီ”

သက်လတ်ပိုင်းအမျိုးသားက ပြုံးပြီး

“ဒါဆို ငါ့မှာ တခြားကိစ္စတွေ

ရှိသေးတယ်။ နှုတ်ဆက်ပါတယ်”

သူက နှင်းပွင့်ကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ

ပျောက်ကွယ်သွားခဲ့သည်။

သိုင်းနတ်ဘုရားဂိုဏ်း ...။

ယန်ယဲ့ သည် ဝါးအိမ်လေးအား

တစ်ချက်ကြည့်လိုက်သည်။ "အားလန်"

ဟုခေါ်သော အမျိုးသမီးက

အမှန်တကယ်ပင်

လျှို့ဝှက်ဆန်းကြယ်နေခဲ့သည်မဟုတ်

လား။ သူ့စိတ်ထဲ

တော်တော်လေးသိချင်သွားမိသည်။

ဤအချိန်တွင် အားလန် က

ဝါးအိမ်ထဲမှထွက်လာပြီး ယန်ယွဲ့ရှေ့မှာ

ဝင်ထိုင်လိုက်သည်။ ထို့နောက်

တောင်းပန်လိုသောအမူအရာဖြင့် ပြုံးပြီး

"နင့်ကို စောင့်ခိုင်းရတာ

တောင်းပန်ပါတယ်"

ယန်ယွဲ့က ခေါင်းခါလိုက်သည်

"ဒါကအဆင်ပြေပါတယ်"

“နင် သိုင်းနတ်ဘုကားသချိုင်းကို

ရောက်ခဲ့ပြီလား” အားလန် က

ရုတ်တရက်မေးလိုက်သည်။

ယန်ယွဲ့ က ခေါင်းညိတ်လိုက်ပြီး

"ဟုတ်တယ်၊ ငါ သူ့အကြောင်း

အချက်အလက်တွေ ရခဲ့တယ်"

အားလန် က အနည်းငယ်
ခေါင်းညိတ်ပြပြီး "ကြားရတာ
ကောင်းပါတယ်"

ယန်ယဲ့က ပြုံးပြီး "မိန်းကလေးအားလန်ငွ
ငါတို့ သဘောတူညီချက်အရ ငါ မင်းကို
ကုပေးရမယ်။ ဒါဆို မင်းရဲ့လက်ကို
တစ်ချက်လောက်ဆန့်ထုတ်ပေးပါ"

အားလန် က ပြုံးပြီး

သွယ်လျသောလက်ကလေးတစ်ဖက်ကို

ဆန့်လိုက်သည်။ ယန်ယဲ့က

သူ၏ညာဖက်လက်ကိုဆန့်ပြီး

အားလန်၏လက်ဝါးပေါ်တင်လိုက်သည်။

တစ်ချိန်တည်းမှာပဲ သူ၏လက်ဝါးမှ

မူလခရမ်းရောင်စွမ်းအင်များ

ထွက်လာကာ

အားလန်၏လက်ဝါးမှတစ်ဆင့်စီးဝင်

သွားတော့သည်။

မူလခရမ်းရောင်စွမ်းအင်များ

စီးဝင်လာသည်နှင့်

အားလန်၏ဖြူဖပ်ဖြူရော်မျက်နှာလေး

က တဖြည်းဖြည်း နီရဲလာသည်။

လက်ယာဓားနှင့် လက်ဝဲဓားတို့ဟာ
ဒီမြင်ကွင်းကိုကြည့်၍ ချက်ချင်းပင်
စိတ်လှုပ်ရှားလာသည်။

သို့သော်လည်း ယန်ယဲ့သည်
ရုတ်တရက်မျက်မှောင်ကြုတ်လိုက်သည်
။ အားလန်၏

ခန္ဓာကိုယ်သည် အောက်ခြေမရှိသော

တွင်းပေါက်တစ်ခုလို

ဖြစ်နေသောကြောင့်ပါ။

ဤအခိုက်အတန့်တွင်

ကောင်းကင်အဝေးတစ်နေရာမှ

ပြင်းထန်သောအရှိန်အဝါတစ်ခု

ပျံ့လွင့်လာသည်။

အဆင့် ၃

အကန့်အသတ်ချိုးဖျက်နယ်ပယ်၏

အရှိန်အဝါ ပင်ဖြစ်သည်။

အဆင့် ၃ ချိုးဖျက်ခြင်းသခင် ။

ပြင်းထန်သောအရှိန်အဝါက

တိမ်ပင်လယ်ခန်းမကို

လွှမ်းခြုံထားသည်။ တစ်ချိန်တည်းမှာပဲ

အဝေးကနေ အသံတစ်သံထွက်လာသည်

"ယန်ယဲ့၊ မင်းဟာ
ငါတို့အစောင့်အရှောက်တွေထဲက
တော်တော်များများကိုသတ်လိုက်တာပဲ။
အခု ဒီရန်ငြိုးကို အဆုံးသတ်ဖို့
အချိန်တန်ပြီ”

ယန်ယဲ့၏မျက်လုံးများက
အနည်းငယ်ကျဉ်းမြောင်းသွားသည်။
ထာဝရနယ်နိမိတ်၏
အစောင့်ရှောက်များက

ဤနေရာအထိတောင်

ရောက်လာခဲ့သည်လား။

ယန်ယဲ့က သူ့လက်ကို ပြန်ရုတ်ခါနီးတွင်ပဲ

“ဆက်လုပ်ပါ”

အားလန် က

သူမ၏ညာဖက်ခြေထောက်ကို

တစ်ချက်ပုတ်ကာ "အားဒေါင်"

ဟုအော်လိုက်သည်။

ဘမ်း...

မြေပြင်သည် ရုတ်တရက်
အက်ကွဲသွားပြီး
လူသန်ကြီးတစ်ယောက်ဟာ လေထဲသို့
ခုန်တက်လိုက်သည်။

အဆင့် ၃ ချိုးဖျက်ခြင်းသခင် ။

အားလန် က သူမ၏မျက်လုံးများကို

မှိတ်ထားလျက်ပင် "ငါ လုံး၀

မသက်သာမချင်းနင့်ကို

နတ်ဘုရားတောင် မသတ်နိုင်စေရဘူး"

Translated By NyiNyiSoe.

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာ၀ရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၇၇၃ -

ပြောစရာမလိုအောင်ပါ၊ ယန်ယဲ့ သည်

အနည်းငယ်ထိတ်လန့်သွားမိသည်။

အဆင့် ၃ ချိုးဖျက်ခြင်းသခင် ။

အကန့်အသတ်ချိုးဖျက်နယ်ပယ် သည်

သာမန်မဟုတ်ပေ၊ လက်တွေ့အားဖြင့်

နန်လီမုန့်၏ပြောစကားအရ

ချိုးဖျက်ခြင်းသခင် အများအပြားဟာ ထာဝရမြစ်မှာ ရောက်ရှိနေကြောင်းသိထားခဲ့သည်။

သို့သော် တိမ်ပင်လယ်ခန်းမတွင် အဆင့် ၃ တစ်ယောက် ရှိနေမည်ဟု မမျှော်လင့်ခဲ့ပေ။ ထိုသို့ဆိုပါက အားလန်၏ အဆင့်အတန်းဟာ ဘာဖြစ်နိုင်သနည်း။

လူသန်ကြီးက လက်နှစ်ဖက်တွင်

သံမဏိကြိုးများကိုင်ထားသည်။

တိမ်တိုက်များထက်ရပ်နေစဉ်

သူ၏လက်နှစ်ဖက်ကိုလွှဲယမ်းလိုက်သည်

။ သံမဏိကြိုးများက

အနက်ရောင်လျှပ်စီးကြောင်းများအလား

အာကာသပြင်ကို ထိုးဖောက်သွားသည်။

အခြားတစ်ဖက်တွင်

အဘိုးကြီးတစ်ယောက်ရပ်နေသည်။

သူ့လက်ထဲမှာ အနက်ထီးတစ်ချောင်းကို

ကိုင်ထား၏။ အနက်ရောင်ထီးကို

ဆွဲဖွင့်လိုက်ရာ မရေမတွက်နိုင်သော

အနက်ရောင်အလင်းတန်းများ

ဖြာထွက်လာလေသည်။

ဤအခိုက်အတန့်တွင်

ကောင်းကင်တစ်ခုလုံး ပြင်းထန်စွာ

တုန်ခါနေသည်။ ပြိုကျလုနီးပါး

ဖြစ်နေပုံရ၏။

အားလန် က တိုးတိုးလေးပြောလိုက်သည်
"ဧရိယာတစ်ခုလုံးကိုပိတ်ထားလိုက်"

လက်ယာစားနှင့် လက်ဝဲစား
တို့နှစ်ယောက်
အနည်းငယ် ခေါင်းညိတ်ကာ
ထွက်ခွာသွားကြသည်။
သိပ်မကြာလိုက်ပေ၊ နှစ်ယောက်စလုံးက
အလံငယ် ၄ ခုကိုဆုပ်ကိုင်လျက်

ကောင်းကင်ပေါ်မှာပေါ်လာကြသည်။
ထို့နောက် အလံငယ် ၄ ချောင်းကို
အရုပ်မျက်နှာလေးခုသို့
ပစ်လွှတ်လိုက်သည်။

ဂျုန်း…

ခဏအတွင်း ပတ်ဝန်းကျင်သည်
ငြိမ်သက်သွားသည်။

အပြင်ဘက်တွင်

ဆက်ပြီးတိုက်ခိုက်နေသည့်တိုင်အောင်

တိမ်ပင်လယ်ခန်းမ

ပေါ်သို့ကျရောက်လာရန်

မဖြစ်နိုင်တော့ပေ။

အလံငယ် (၄)ချောင်းကိုမြင်သောအခါ

နှင်းပွင့်၏မျက်လုံးလေးများက

တောက်ပလာသည်။ သေချာသည်မှာ

လိုချင်နေပုံရသည်။ ဤအတောအတွင်း

အားလန် က ပြုံးကာ "အသေးလေး၊

အဲဒီအလံလေးခုက ငါ့မိသားစုက

ပေးထားတဲ့

နတ်ဘုရားရတနာတွေဖြစ်လိုလ

ယူဖို့မကြိုးစားနဲ့"

နှင်းပွင့်ကို

စကားပြောနေတာဖြစ်သော်လည်း

သူမ၏အကြည့်က ယန်ယဲ့အပေါ်မှာ

ရှိနေသည်။ ယန်ယဲ့က အဓိကဖြစ်လို့ပါ။

ယန်ယဲ့ က နှင်းပွင့်လေးကို စိုက်ကြည့်ကာ ခေါင်းယမ်းပြသည်။ နှင်းပွင့်လေးက

နှုတ်ခမ်းနများကို ဖိကိုက်လိုက်ပြီး အလံလေးခုကို ညွှန်ပြသည်။

အလံလေးခုက

အဖိုးတန်သောနတ်ဘုရားရတနာများဟု

ပြောနေတာပါ။

ယန်ယဲ့က

လေးလေးနက်နက်ပြောလိုက်သည်

"သူတို့က သူမ အပိုင်ပဲ"

နှင်းပွင့်က မျက်တောင်ခတ်ပြီး

သူမ၏လက်သည်းများကို

ငုံ့ယမ်းလိုက်သည်။ အလံလေးခုက

သူမ၏အပိုင်များဖြစ်လာနိုင်သည်ဟူ၍ပ

င်။

ယန်ယဲ့ က

တော်တော်ခေါင်းကိုက်သွားသည် "ဒါက

ဘယ်လိုမျိုး အရှက်မရှိတဲ့

အကျင့်စရိုက်ပါလိမ့်။ မင်းကိုဘယ်သူက

သင်ပေးလဲ"

နှင်းပွင့်က ယန်ယဲ့ကို ညွှန်ပြသည်။

ယန်ယဲ့၏မျက်နှာက

ချက်ချင်းမည်းမှောင်သွားလေတော့သည်

။

သို့သော် နှင်းပွင့်လေးက အလံလေးခုကို

ယူဖို့မပြောတော့ပေ။

သူမ၏ဝိညာဉ်စွမ်းအင်ကြိုးမျှင်ကို

ထုတ်လွှတ်လိုက်ရင်တော့

အလံလေးခုဟာ

သေချာပေါက်ငြင်းပယ်မှာမဟုတ်ပေ။

သို့ရာတွင် သူမလေးက အရာရာတိုင်းမှာ စည်းရှိရမည်မှန်းသိလိုက်ပုံပါ။ထပ်ပြီးသိမ်းယူဖို့မကြိုးစားတော့ပေ။

ဤအချိန်တွင် အားလန် က နှင်းပွင့်လေးနှင့် ယန်ယဲ့ကို တစ်လှည့်စီကြည့်ပြီး အနည်းငယ်ပြုံးကာ "ဆရာကြီးယန်၊ ဒီဝိညာဉ်ဖန်ဆင်းရှင် က ငါ့စိတ်ကူးထားတာနဲ့ မတူဘူး"

ထိုအဖြူရောင်လေးဟာ အနာဂတ်ဝိညာဉ်ဖန်ဆင်းရှင် ဟု ထင်ရက်စရာတောင်မရှိပေ။ လုံးဝကို အပြစ်ကင်းစင်ပြီးချစ်စရာကောင်းလှသည်။

ယန်ယဲ့က နှင်းပွင့်၏ခေါင်းလေးကို ညင်သာစွာ ပွတ်သပ်လိုက်ပြီး "သူမက သာမန်ဝိညာဉ်အင်ပါယာ ပဲ ဖြစ်နိုင်တယ်၊

ဒဏ္ဍာရီလာ ဝိညာဉ်ဖန်ဆင်းရှင်
ဆိုရင်တော့ သူမကို
အရမ်းပင်ပန်းစေလိမ့်မယ်"
ဟုပြောခဲ့သည်။

အားလန် က ပြုံးပြီး ဘာမှပြန်မပြောပေ။

နှင်းပွင့်လေးက ယန်ယဲ့၏ခေါင်းကို
ပွေ့ဖက်ရင်း ပွတ်သပ်နေလေသည်။

ဒီအချိန်မှာ အလံလေးခုကို
ဂရုမစိုက်တော့ပေ။

ယန်ယဲ့ က ကောင်းကင်ကို
မော့ကြည့်လိုက်ပြီး
“မိန်းကလေးအားလန်၊ မင်းရဲ့
ဒဏ်ရာတွေ…” ဟု ပြောလိုက်သည်။
သိပ်တောင်မကြာလိုက်ဘဲ
အားလန်၏ဒဏ်ရာများကိုကုသဖို့အတွ

က် သူ၏မူလခရမ်းရောင်စွမ်းအင်များ

ကုန်ဆုံးလုနီးပါးပင်။

အားလန် က

သူမ၏လက်ကိုဆွဲထုတ်လိုက်ပြီး

"တောင်းပန်ပါတယ်။

ငါအရမ်းလောဘကြီးသွားတယ်"

ယန်ယွဲ့ က ခေါင်းခါလိုက်ပြီး

"မင်းရဲ့ဒဏ်ရာတွေကို ကုသဖို့

မူလခရမ်းရောင်စွမ်းအင်နဲ့

မလုံလောက်ဘူးလား"

အားလန် က ခေါင်းခါပြပြီး

“မဖြစ်နိုင်မှာကိုငါကြောက်တယ်”

ယန်ယဲ့ က မျက်မှောင်ကြုတ်လိုက်သည်

။

ဤအချိန်တွင် အားလန် က ပြုံးကာ

“ငါတို့ ဒါကို ဘယ်လိုလုပ်ကြမလဲ။ နင့်ရဲ့

မူလခရမ်းရောင်စွမ်းအင်ကို ငါ

အလကားမယူဘူး။ နင်ငါ့ကို

ကုသနေတဲ့ချိန်မှာ ထာဝရနယ်စပ်ရဲ့

အင်အားစုတွေကို

ငါတားဆီးပေးထားနိုင်တယ်။

ငါမမှားရင် နင်က အခုအချိန်လိုတယ်။

နင့်မှာ

အချိန်ပိုရလေလေပိုပြီးသန်မာလာဖို့အခွ
င့်အလမ်းများလေပဲ။ ဟုတ်တယ်မလား"

ယန်ယဲ့ က ကောင်းကင်ကို
မော့ကြည့်လိုက်ပြီး
"မိန်းကလေးအားလန်၊ မင်းရဲ့
အရည်အချင်းနဲ့ ခွန်အားတွေက ငါ့ကို
တကယ်ကို အံ့သြစေတယ်"

သူမက ပြုံးပြီး "ငါ့ရဲ့
အကြံပြုချက်အပေါ်နင်ဘယ်လိုထင်လဲ"

ယန်ယဲ့က ခေါင်းညိတ်ပြီး
"ပြောကြည့်လေ."

အားလန် ပြောသလိုပဲ
သူ့မှာအချိန်မလောက်ပေ။

အားလန် က ပြုံးပြီး ကောင်းကင်ကို မော့ကြည့်လိုက်ရင်း "ပြီးပြီ"

စကားပြောပြီးသည်နှင့် ကောင်းကင်ထက်၌ အလင်းတန်းတစ်ခု လင်းလက်လာသည်။ ခဏအကြာတွင် လူထွားကြီးက အားလန် ရှေ့မှာ ပေါ်လာသည်။ သူက ဒူးထောက်လျက် “ငါ့ကို ခွင့်လွှတ်ပါ၊

ငါသူ့ကိုမသတ်နိုင်ခဲ့ဘူး” ဟု ပြောလိုက်သည်။

အားလန် က ခေါင်းခါလိုက်ပြီး “သူ့မှာ ထာဝရမြစ်ရဲ့ အငွေ့အသက်ရှိတယ်။ အဲဒီမှာ ရှင်သန်နိုင်တဲ့သူတိုင်းက သာမန်မဟုတ်တဲ့အတွက် သူ့ကိုမသတ်နိုင်တာက သာမာန်ပါပဲ”

အားဒေါင် ဟုအမည်ရသော

လူသန်ကြီးက

ခေါင်းကို အနည်းငယ်ငုံ့ကာ

"ခွင့်လွှတ်ပါ" ဟုထပ်ပြောလိုက်သည်။

အားလန် က ပြုံးပြီး "ကောင်းပြီ၊ နင်

ကိုယ့်အလုပ် ကိုယ်ဆက်လုပ်ပါ"

လူသန်ကြီးက ခေါင်းညိတ်ပြပြီး

နေရာမှာတင် ပျောက်သွားသည်။

ယန်ယဲ့ က ရုတ်တရက်မေးလိုက်သည်

"မိန်းကလေးအားလန်၊ မင်းက

ထာဝရနယ်စပ်ကမဟုတ်ဘူးလား"

သူမက ပြုံးပြီး “တကယ်မဟုတ်ဘူး၊

ဘယ်ကလာလဲတော့ မပြောနိုင်ဘူး"

ယန်ယဲ့က ပြုံးရုံသာပြုံးပြီး

အဖြေကိုဆက်မမေးတော့ပေ။

ထို့နောက်တွင်တော့ အားလန်ကို နေ့တိုင်း
ကုသပေးခဲ့သည်။ ထို့အပြင် သူသည်
တောင်ပိုင်းဟင်းလင်းပြင်ကုန်းမြေသို့
သွားကာ အဘိုးကြီးဝူနီနှင့်
သိုင်းပညာဘိုးဘေးကြီးတို့ဆီမှ
လမ်းညွှန်ချက်များ ရယူခဲ့သည်။

သူသည် လက်ရှိတွင် ဆရာသခင်
ရှိထားသည့် ကျင့်ကြံသူတစ်ယောက်နှင့်
တစ်ကိုယ်တော်ကျင့်ကြံသူကြားက

ကွာခြားချက်ကို နောက်ဆုံးတော့

နားလည်လိုက်ပါသည်။

ဆရာတစ်ဦးရှိတာက

လမ်းညွှန်မှုကောင်းတစ်ခုရလိုက်တာနဲ့အ

တူတူပါ။ လမ်းညွှန်သင်ပြမှုဟာ

လမ်းမှားရောက်မည်ကိုစိုးရိမ်စရာမလို

ပေ။ သိုင်းပညာဘိုးဘေးကြီး နှင့်

အဘိုးကြီးဝူနီ တို့ဟာ

ဓားသမားများမဟုတ်သည့်တိုင်

သူတို့၏တာအိုသဘောတရားဟာ

ယန်ယွဲ့မယှဉ်နိုင်သောအဆင့်မှာရှိနေသ

ည်။ သိုင်းပညာတာအို နှင့် ဓားတာအို၊

မတူညီသောလမ်းကြောင်းနှစ်ခုဖြစ်သော်

လည်း

အချို့သောသဘောတရားများကား

ထပ်တူကျပါသည်။

တစ်ရက်တွင်...

ယန်ယဲ့ သည် တိမ်ပင်လယ်ခန်းမကနေ
အပြီး ထွက်ခွာသွားခဲ့သည်။

သူထွက်သွားသည်နှင့် ဝါးအိမ်ရှေ့တွင်
ဟန်ရိုးရာဝတ်စုံဝတ်အဘိုးကြီးတစ်ဦး
ရုတ်တရက်ပေါ်လာသည်။ အဘိုးကြီးက
ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီးနောက်
ဝါးအိမ်အား စိုက်ကြည့်ကာ
“စကားပြောလို့ရမလား”

ဝါးအိမ်ထဲမှ အသံတစ်သံထွက်လာသည်

“နှစ်ပါတ်၊ နှစ်ပတ်ကြာအောင်

သူ့ကိုမထိနဲ့။ ပြီးရင် နင်တို့ကြားက

ရန်ငြိုးတွေကိုစိတ်ကြိုက်ဖြေရှင်းနိုင်ပြီ"

အဘိုးကြီး၏ မျက်လုံးများက

အနည်းငယ် ကျဉ်းမြောင်းသွားကာ

“နှစ်ပါတ်ဆိုတာကနည်းနည်း

သန်မာလာနိုင်တယ်။ သူ့အတွက်က

အများကြီးလုပ်ဖို့လုံလောက်သွားပြီ”

"နင်ငါ့စကားကိုမကြားဘူးလား"

ဝါးအိမ်အတွင်းပိုင်းမှ အသံက

အနည်းငယ် အေးစက်လာသည်။

အဘိုးကြီးက ပြုံးပြီး

“လူတွေအများကြီးကိုယ်စား

ငါဒီကိုရောက်လာတာပါ။

သူတို့အထဲမှာ အဆင့်မြင့်

ချိုးဖျက်ခြင်းသခင် ၃

ယောက်တောင်ရှိသေးတယ်။

ဒါ့အပြင် ရှောင်ရှန်းဝူ အပါအဝင်

မြင့်မြတ်သောသိုင်းပညာကမ္ဘာရဲ့

ကျင့်ကြံသူတွေအတော်များများပါ

ရောက်လာနေပြီ။

ငါ့အသိအရ သူလည်း

ဝိညာဉ်ဖန်ဆင်းရှင်ကို လိုချင်တယ်။ မင်း

ငါတို့ကို တကယ်တားမှာလား"

ဝါးအိမ်တံခါး ရုတ်တရက်ပွင့်လာသည်။

ထို့နောက် အထဲမှ

အလင်းတန်းတစ်ခုလင်းလက်ကာ

အဘိုးကြီးရှေ့တွင်

ကျောက်စိမ်းတံဆိပ်တစ်ခုပေါ်လာသည်။

အဘိုးကြီးက ကျောက်စိမ်းတံဆိပ်ပြားကို မြင်သောအခါ ထိတ်လန့်သွားသည်။

ဤအတောအတွင်း အတွင်းပိုင်းမှ အသံတစ်သံ ထွက်ပေါ်လာ၏

“နှစ်ပါတ်လောက် စောင့်ရမယ်လို့ပဲ ထပ်ပြောချင်တယ်။ မစောင့်ချင်ရင် အကုန်လုံးလာခဲ့ကြ.”

အဘိုးကြီးက ကျောက်စိမ်းတံဆိပ်ပြားကို

လေးလေးနက်နက် အကြာကြီး
စိုက်ကြည့်လိုက်သည်။ အဆုံးတွင်
ရှိသေစွာ ဦးညွှတ်လျက် "အချိန်ခ
နှစ်ပတ်ဆိုရင်တော့လည်း
နှစ်ပါတ်ရပါတယ်။ ဒီနှစ်ပါတ်အတွင်း
သူ့ကို တိုက်ခိုက်မှာ မဟုတ်ပါဘူး။
ငါ့အပြစ်အတွက် ငါတောင်းပန်ပါတယ်။
ဒီမှာပဲနှုတ်ဆက်ပါတယ်"

စကားဆုံးသည်နှင့် နောက်ပြန်လှည့်ကာ
နေရာမှာတင်ပျောက်ကွယ်သွားသည်။

အဘိုးကြီး ထွက်သွားသည်နှင့်
တိမ်ပင်လယ်ခန်းမသည်
တိတ်ဆိတ်သွားခဲ့သည်။

တောင်ပိုင်းဟင်းလင်းပြင်ကုန်းမြေ။

မူလစေတီထဲ၌ ။

ယန်ယဲ့ သည် မြေပြင်ပေါ်တွင်
တင်ပျဉ်ခွေထိုင်နေခဲ့သည်။

သူသည်
အချိန်ရလောက်ကိုကျင့်ကြံရန်ရည်ရွယ်
ထား၏။ လက်ရှိမှာ သူက
အချိန်မလောက်သလို
အချိန်ဖြုန်းဖို့လည်း မတတ်နိုင်ပေ။

ထာဝရနယ်နိမိတ်မှ ချိုးဖျက်ခြင်းသခင် ၃ ဦး ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ဆိုလိုသည်မှာ ထာဝရမြစ်ရှိ ကျင့်ကြံသူများအားလုံး ရောက်လာနေပြီဖြစ်သည်။ ထို့အပြင် အဆင့် ၃ ထက်ပိုမြင့်သော ချိုးဖျက်ခြင်းသခင်များရှိနေကြောင်းကို ကောင်းကောင်းသိရှိထားသည်။ အဆင့် ၄ နှင့် အဆင့် ၅

ချိုးဖျက်ခြင်းသခင်များပင်

ရှိကောင်းရှိနိုင်၏။

ငါ ပိုသန်မာလာရမယ် ။

လက်ရှိတွင် စားနယ်မြေနှင့်

ဘူးသီးနက်တို့သာ

သူ၏အပြင်းထန်ဆုံးတိုက်ခိုက်မှုများဖြစ်

ခဲ့သည်။ တစ်နည်းအားဖြင့်

ထိုလှုပ်ရှားမှုနှစ်ခုနှင့်မသတ်နိုင်ခဲ့လျှင်

တစ်ဖက်လူက

သူ့အားပြန်သတ်သွားပါလိမ့်မည်။

မှန်သည်၊ လောလောဆယ် သူ့မှာက

အားပြောင်းအားလွှဲကြေးမုံနှင့်

ဖိနှိပ်ခြင်းတံဆိပ်တုံးကဲ့သို့

နတ်ဘုရားရတနာများတော့ရှိနေသေး၏။

နတ်ဘုရားရတနာများကို

ထုတ်သုံးရင်တော့ သူက အဆင့် ၃

များကိုပင် သတ်ပစ်နိုင်ပါသည်။ သို့သော်

အဆင့် ၃ အများအပြားဆိုရင်တော့

ထွက်ပြေးရုံသာတတ်နိုင်၏။

အဆင့် ၄ ပညာရှင်များ နှင့်ပတ်သက်၍

သူတစ်ခါမျှ ရင်မဆိုင်ဖူးသဖြင့်

ဘယ်လောက်အားကောင်းသလဲတော့

မသိခဲ့ပေ။

ယန်ယွဲ့သည် ရုတ်တရက်

မျက်လုံးဖွင့်လိုက်ပြီးနောက်

မူလစေတီထဲမှ ထွက်သွားကာ ချောက်ကမ်းပါးပေါ်တွင် ပေါ်လာသည်။

ယန်ယဲ့ က အဘိုးကြီးနှစ်ယောက်ကို ဦးညွှတ်လိုက်သည်။ အဘိုးကြီးဝူနီ က "သူပြန်လာပြီ"

ကျင်းအာ ပြန်ရောက်ပြီလား။

ယန်ယဲ့ က ဝမ်းသာသွားပြီး "သူမ ဘယ်မှာလဲ" ဟူ၍ အလျင်စလို မေးလိုက်သည်။

အဘိုးကြီးဝူနီ က "ငရဲကမ္ဘာရဲ့ အပြင်ဖက်နယ်မြေမှာ။ ဒါပေမဲ့ သူမ ဒုက္ခရောက်နေပုံရတယ်၊ ဒါကြောင့် မင်း အဲဒီကိုသွားပြီး ပြန်ခေါ်လာခဲ့။ ကန့်ကွက်စရာရှိလား"

ယန်ယဲ့က ခေါင်းခါလိုက်ပြီး "ဘာမှ မရှိဘူး"

အဘိုးကြီးဝူနီ က ခေါင်းညိတ်ပြီး "ဒါဆိုသတိထားပါ"

သတိထားရမှာလား။

ယန်ယဲ့၏မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းသွားသည်။ အဘိုးကြီး

ဝူနီက သူ့ကို သတိထားဖို့ ပြောနေလေရာ

အန်နန်ကျင်းရင်ဆိုင်နေသော

အခြေအနေဟာ

သာမန်မဖြစ်နိုင်တော့ပေ။

ဒီအချိန်မှာ အဘိုးကြီးဝူနီ က

သူ့ညာလက်ကို ဝှေ့ယမ်းလိုက်ရာ

ယန်ယဲ့ဟာ နေရာမှာတင်

ပျောက်သွားသည်။

သိုင်းပညာဘိုးဘေးကြီးက

ရုတ်တရက်ပြောလိုက်၏ "မင်း သူ့ကို

မီးတွင်းထဲ တွန်းချလိုက်တာ"

အဘိုးကြီးဝူနီက "ဒီလိုမျိုး

ကျင့်ကြံနေတာက အသုံးမဝင်ဘူး။

တကယ်လို့ သူက သေခြင်းရှင်ခြင်း

အခြေအနေကို မကြုံတွေ့ရရင်

ဘယ်လောက်ပဲကြိုးစားနေနေ

အများကြီးပြောင်းလဲနိုင်မှာမဟုတ်ဘူး။

တိုက်ပွဲတွေကပဲပြောင်းလဲနိုင်တယ်၊

သေခြင်းရှင်ခြင်း တိုက်ပွဲဟာ

တစ်စုံတစ်ယောက်ကို

သန်မာလာအောင်လုပ်ပေးနိုင်တယ်”

သိုင်းပညာဘိုးဘေးကြီးက ပြုံးပြီး

“ဒါအမှန်ပဲ။ ဒါပေမဲ့ ဒီကလေးရဲ့ဒေါသက

တော်တော်လေးကြမ်းတမ်းတယ်။ သူ့

အဲဒီမှာ

ဒေါသတကြီးနဲ့စိတ်ထင်ရာလုပ်မှာကို

မင်းမကြောက်ဘူးလား"

"ဘာဖြစ်လဲ..." အဘိုးကြီးဝူနီ က "အဲဒီအရူးတွေနဲ့တွေ့ရင် သူ့ဒေါသက ပိုကောင်းလာလိမ့်မယ်"

သိုင်းပညာဘိုးဘေးကြီးက ခေါင်းယမ်းကာ စကားတစ်လုံးမှ မပြောဘဲ ပြီးလိုက်သည်။

ဤအခိုက်အတန့်တွင် ယန်ယွဲ့သည်

အဆုံးမဲ့ကြယ်တာရာများပြည့်နှက်နေ

သောကောင်းကင်ထဲသို့

ရောက်လာခဲ့သည်။ သူသည်

ဘေးပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး

အံ့သြသွားသည်။

ခဏအကြာတွင် ယန်ယဲ့ သည် ရှေ့ကို မျှော်ကြည့်လိုက်သည်။ ရှေ့ အဝေးတွင် မီတာရာချီအထိ ကြီးမားကျယ်ပြန့်လှသော အနက်ရောင် ဝဲကတော့ကြီးတစ်ခုရှိနေသည်။

တစ်ချိန်တည်းတွင် ယန်ယဲ့သည် အနက်ရောင်ဝဲကတော့ထဲမှာ လူတစ်ယောက်ကိုတွေ့လိုက်သဖြင့် အလွန်ပျော်သွားသည်။

ထိုလူက အန်နန်ကျင်း ဖြစ်နေလို့ပါ။

သို့သော်လည်း ခဏအကြာတွင်

သူ့မျက်နှာက

ရက်စက်ကြမ်းကြုတ်မှုအပြည့်ဖုံးလွှမ်း

သွားသည်။

အန်နန်ကျင်း၏ဘယ်ဖက်လက်က

ပြတ်တောက်နေမှန်းသတိထားမိလို့ပါ။

ထို့အပြင် တစ်ကိုယ်လုံး ဒဏ်ရာများဖြင့် ဖုံးလွှမ်းထားခဲ့သည်။ အထူးသဖြင့် သူမ၏ဝမ်းဗိုက်ကနေ သွေးများ အဆက်မပြတ်စီးကျနေခဲ့သည်။

နောက်ကွယ်တွင်လည်း အနက်ရောင်အရိပ် ၅ ခုက အလျင်အမြန် ပြေးလိုက်နေကြသည်။

ယန်ယဲ့၏မျက်နှာပေါ်တွင်

ရက်စက်ကြမ်းကြုတ်သောအမူအရာထွ

က်ပေါ်လာသည်။ ထိုခဏလေးမှာပဲ

သူ့ထံမှ သွေးနီရောင်အလင်းတန်းများ

ဖြာထွက်လာသည်။ မီတာရာချီသော

ပတ်ဝန်းကျင်ဧရိယာသည်

သွေးနီရောင်အလင်းတန်းများဖုံးလွှမ်း

သွားသည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၇၇၄ -

ဓားအူသံတစ်သံ ပွဲတင်ထပ်လာသည်။

ထို့နောက် အန်နန်ကျင်း၏

နောက်ကွယ်တွင် အလင်းတန်းတစ်ခု

ဖျတ်ခနဲပေါ်လာသည်။

ယန်ယဲ့၏ဘူးသီးနက်ထဲမှ
ပျံသန်းလာသော
ဓားပျံတစ်ချောင်းပင်ဖြစ်သည်။

အနက်ရောင်ဝတ်စုံဝတ်လူများအထဲမှ
တစ်ယောက်က ရုတ်တရက်
ရပ်တန့်လိုက်ပြီး သူ့ရှေ့ကို
လှမ်းဆွဲလိုက်သည်။ သူက ဓားပျံကို
ဖမ်းဆုပ်လိုက်ခြင်းဖြစ်သည်။ သို့သော်

ဓားပျံက အရှိန်လွန်ပြီး သူ၏ဒူးနဖူးကို

ထိုးဖောက်သွားသည်။

မြန်မြန်ဆန်ဆန်ပဲ

လှမ်းဖမ်းလိုက်သော်လည်း ဓားပျံကို

မတားဆီးနိုင်လိုက်ပေ။ အနည်းငယ်

နှေးကွေးသွားရုံဖြင့် တစ်ခါတည်း

အသတ်ခံလိုက်ရသည်။ အန်နန်ကျင်းက

ရပ်တန့်သွားသည်။ ဤအချိန်မှာ

ယန်ယဲ့က သူမ၏နံဘေးမှာ

ပေါ်လာသည်။ သူမကို စိုက်ကြည့်ရင်း

ယန်ယဲ့၏ နှလုံးသားက

နာကျင်သွားသည်။

ဤအချိန်မှာ အန်နန်ကျင်း၏

ဘယ်ဘက်လက်က

ပြတ်တောက်နေသည်။ အတင်းအကျပ်

ခုတ်ဖြတ်ခံထားရသလိုပင်။

တစ်ကိုယ်လုံးလည်း ဒဏ်ရာ ဗလာပွဖြင့်

ဖုံးလွှမ်းထားသည်။ ဗိုက်က ဒဏ်ရာသည်

အတော်လေးနက်သည်။
အချိန်အတော်ကြာပြီးနောက်မှ
ပြန်ပြီးတွေ့ဆုံကြခြင်းဖြစ်သည်။

အန်နန်ကျင်းက တိတ်ဆိတ်စွာပင်
ယန်ယဲ့ကို စိုက်ကြည့်နေသည်။
ယန်ယဲ့သည် သူမ၏ ညာဘက်လက်ကို
သူ့ဘယ်ဘက်လက်ဖြင့်ဆုပ်ကိုင်လိုက်ပြီး
မူလခရမ်းရောင်စွမ်းအင်များ
ပို့လွှတ်လိုက်သည်။ ထိုပြင်

သူ့ခန္ဓာကိုယ်ထဲရှိ

မူလဆန်းကြယ်စွမ်းအင်နှင့်

ထာဝရစွမ်းအင်ကိုပါ ပို့လွှတ်လိုက်သည်။

မူလခရမ်းရောင်စွမ်းအင်နှင့်

ထာဝရစွမ်းအင်တို့ စိမ့်ဝင်လာသည်နှင့်

အန်နန်ကျင်း၏ ဒဏ်ရာများသည်

မြင်သာသည့်အမြန်နှုန်းဖြင့်

ပြန်ကောင်းလာခဲ့သည်။ တကယ်ကို

ကြောက်စရာကောင်းလှသော

ကုသန္နုန်းပင်။

ဤအခိုက်အတန့်တွင်

ကျန်နေသောအနက်ရောင်ဝတ်စုံဝတ်

အရိပ်လေးခုက သူတို့နောက်

မလှမ်းမကမ်းတွင် ရပ်နေသည်။

ယန်ယွဲ့က တိုးတိုးလေးပြောလိုက်သည်။

“ကျင်းအာ မင်းဘယ်လို

ဖြစ်လာတာလဲ…”

“ငါအသက်ရှင်နေသေးတယ်”

“ဟူး….”

ယန်ယွဲ့က အသက်ပြင်းပြင်းရှူပြီး

အနက်ရောင်အရိပ်များကို

စိုက်ကြည့်လိုက်သည်။ ခဏအကြာတွင်
သူက အနက်ရောင်
အရိပ်တစ်ခုအရှေ့မှာပေါ်လာပြီး ဓားကို
ဆွဲထုတ်ကာ ဆတ်ခနဲ ပိုင်းချလိုက်သည်။

ဓားနယ်မြေ။ ဓားနယ်မြေနဲ့
ပေါင်းစပ်ထားသော ဓားလှိုင်းသုံးဆင့်။

ဓားတိုက်ခိုက်မှု ဆင်းလာသည်နှင့်
အနက်ရောင်ဝတ်စုံဝတ်ဟာ

ပါးစပ်မှသွေးများ

အဆက်မပြတ် အန်ထွက်လာသည်။

လူကိုယ်တိုင်လည်း

တစ်ဆယ်ကီလိုမီတာအကွာအထိ

လွင့်ထွက်သွားသည်။ သူ့ကိုယ်သူ

ရပ်တန့်လိုက်သည်နှင့်ဓားပျံတစ်ချောင်း

က သူ၏နဖူးကို ထိုးဖောက်သွားသည်။

"ဆူး..."

တစ်ကိုယ်လုံးကွဲထွက်သွားသည်။
တစ်ချက်တောင် တုံ့ပြန်နိုင်စွမ်းမရှိပေ။
ချက်ချင်း အသတ်ခံလိုက်ရသည်။

ဤအချိန်တွင်
အနက်ရောင်အရိပ်တစ်ခုက ရုတ်တရက်
“မင်းကဘယ်သူတုန်း ငါ့အသူရာခန်းမရဲ့
လုပ်ငန်းကိစ္စကို ဘာလို့
ဝင်စွက်ဖက်နေတာလဲ…”

ယန်ယဲ့က အချိန်ဖြုန်းလိုစိတ်မရှိပေ။

နောထပ်

ဓားလွှိုင်းသုံးဆင့်ထုတ်ဖော်လိုက်သည်။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

အဆင်သင့်ပြင်ထားပုံရသည်။

သို့သော်လည်း  သူ့တိုက်ခိုက်ရန်ပြင်လိုက်

စဉ်တွင်

အနက်ရောင်တံဆိပ်တုံးတုန်းတစ်ခု

ရုတ်တရက် ပေါ်လာသည်။

ဖိနှိပ်ခြင်းတံဆိပ်။

ငင်းပေါ်လာသည်နှင့် တစ်ပြိုင်နက်
မမြင်နိုင်သော ဖိအားတစ်ခုက
အနက်ရောင်ဝတ်စုံဝတ်အမျိုးသားကို
ဖုံးလွှမ်းသွားသည်။
ငင်း၏ကျင့်ကြံမှုအဆင့်က ချက်ချင်းပင်
ကျဆင်းသွားသည်။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက ထတ်လန့်သွားပြီး ယန်ယဲ့၏ ဓားချက်ကျဆင်းလာသည်ကိုသာ ငေးကြည့်နေခဲ့သည်။

“ဆူး...”

ထိုခဏလေးမှာပဲ ယန်ယဲ့၏ဓားက ကျဆင်းလာပြီး ၎င်းကို နှစ်ခြမ်းခွဲဖြစ်လိုက်သည်။ သွေးများနှင့်

ကိုယ်တွင်းအင်္ဂါများ ဖြန်းခနဲ

ပြန့်ကျဲသွားသည်။ ခဏအကြာတွင်

ယန်ယွဲ့သည် အနက်ရောင်ဝတ်စုံဝတ်

လူသုံးယောက်ကို

သတ်ပစ်လိုက်ပြီးဖြစ်သည်။ နောက်ဆုံးနှ

စ်ယောက်က အကြည့်ချင်းဖလှယ်ကာ

လာရာလမ်းကြောင်းအတိုင်း

ချက်ချင်းပြန်ပြေးသွားကြသည်။

ယန်ယဲ့ထုတ်ဖော်ပြသခဲ့သောခွန်အားက အလွန်ကြောက်စရာကောင်းလှသည်။ ယန်ယဲ့က အန်နန်ကျင်းကို လှည့်ကြည့်လိုက်ရာ ခေါင်းခါပြသည်။

“ငါ့ကို ဒဏ်ရာရစေတဲ့လူမဟုတ်ဘူး”

ယန်ယဲ့က ခေါင်းခါလိုက်ပြီး “ဒါပေမဲ့ ငါလူသတ်ချင်တယ်”

သူမက ယန်ယဲ့ကို ငုံ့ကြည့်ပြီး

ပြုံးနေသည်။ ယန်ယဲ့သည် အဝေးကို

လှမ်းကြည့်လိုက်သည်။

အနက်ရောင်ဝတ်စုံဝတ်လူ နှစ်ယောက်

မှာ သူ့အမြင်အာရုံမှ လျင်မြန်စွာပဲ

ထွက်ပြေးပျောက်ကွယ်သွားကြသည်။

ယန်ယဲ့က သူတို့နောက်ကို မလိုက်ဘဲ

သူ၏မျက်လုံးများကို

မှိတ်ထားလိုက်သည်။

ဓားအူသံတစ်သံ ပွဲတင်ထပ်လာသည်။

ထိုနောက်တွင်

ကောင်းကင်အဝေးတစ်နေရာမှ

ဓားတစ်ချောင်းပေါ်လာသည်။

ဓားတစ်ချောင်းနှင့်အတူ

ဖိနှိပ်ခြင်းတံဆိပ်တော်ပါ ပေါ်လာသည်။

“ဆူး...”

အနက်ရောင်ဝတ်စုံဝတ်အမျိုးသား

တစ်ယောက်က တုံ့ပြန်နိုင်စွမ်းပင် မရှိဘဲ

ဓားဖြင့် ထပ်ခြမ်းခွဲခံလိုက်ရသည်။

တစ်ချိန်တည်းမှာပင် အခြား

အနက်ရောင်ဝတ်စုံဝတ်အမျိုးသား၏

နောက်တွင်

ဓားပျံတစ်ချောင်းပေါ်လာသည်။ ဓားပျံ

က သူ့ကို မသတ်နိုင်ခဲ့သော်လည်း

ဒုက္ခိတဖြစ်လုနီးပါး

ဒဏ်ရာရသွားစေသည်။ ခဏအကြာတွင်

ဓားတစ်ချောင်းနှင့်

ဖိနှိပ်ခြင်းတံဆိပ်တော်က သူ့အပေါ်၌

ပေါ်လာသည်။

ဤအချိန်တွင် အနက်ရောင်

ဝဲကတော့ကြီးထဲမှ ပြင်းထန်သော

စွမ်းအင်လှိုင်းများ ထွက်ပေါ်လာသည်။

“ဘုန်း...”

ယန်ယဲ့၏ ဖိနှိပ်ခြင်းတံဆိပ်တော်နှင့်

ဓားက ချက်ချင်းပင် လွင့်စင်သွားသည်။

ထို့နောက် အနက်ရောင်ဝဲကတော့ထဲမှ

အနက်ရောင် မျက်နှာကြီးတစ်ခု

ပေါ်လာသည်။

ငင်းက ယန်ယဲ့နှင့် အန်နန်ကျင်းကို

အေးစက်စွာကြည့်လိုက်ပြီးနောက်

ရောမအနက်ရောင်လက်ကြီးတစ်ဖက်

ထွက်လာသည်။ ယန်ယဲ့၏
မျက်လုံးများအနည်းငယ်
ကျဉ်းမြောင်းသွားသည်။

ဤအတောအတွင်း
တောင်ပိုင်းဟင်းလင်းပြင်ကုန်းမြေတွင်
စစ်တုရင်ကစားနေသော ဝူနီက
ရုတ်တရက် မော့ကြည့်လိုက်သည်။
ထို့နောက် သူ့လက်ညှိုးကို ဆန့်ပြီး
လှမ်းပုတ်လိုက်သည်။

စစ်တုရင်အပိုင်းအစတစ်ခုက

အာကာသထဲသို့ ပစ်ပေါက်ပြီး

ကောင်းကင်ထက်သို့

ပျောက်ကွယ်သွားခဲ့သည်။

တစ်ချိန်တည်းမှာပဲ ယန်ယွဲ့နှင့်

အန်နန်ကျင်း အထက်တွင် တူညီသော

စစ်တုရင်အပိုင်းအစတစ်ခု ပေါ်လာပြီး

ရောမလက်ကြီးကို ထိမှန်သွားသည်။

“ဘုန်း…”

လက်က အပိုင်းပိုင်းကွဲထွက်သွားသည်။ အနက်ရောင် မျက်နှာကြီးက ကောင်းကင်ကိုမော့ကြည့်လိုက်ပြီး မျက်လုံးများက ကျဉ်းမြောင်းသွားသည်။

ဤအချိန်တွင် အပေါ်စီးမှ အသံတစ်သံထွက်ပေါ်လာသည် “မင်း အခု ထွက်သွားနိုင်ပြီ”

အဘိုးကြီး ဝူနီ၏အသံပင်။

အနက်ရောင်မျက်နှာကြီးက ထိုလမ်းကြောင်းကို အကြာကြီး စိုက်ကြည့်ပြီးနောက် အေးစက်စွာ ရယ်မောကာ “အကြီးအကဲ သေတာတောင် မောက်မာနေသေးတာလား…”

ဤအချိန်တွင်

နောက်ထက်စစ်တုရင်အပိုင်းအစတစ်ခု

က လေထဲတွင်ပေါ်လာပြီး

အနက်ရောင်မျက်နှာကို ထိမှန်သွားသည်။

ချက်ချင်းပင် ထိုနေရာမှ အော်ဟစ်

ညည်းညူသံတစ်သံထွက်ပေါ်လာသည်။

လုံးဝကို ထိတ်လန့်တုန်လှုပ်နေပုံပါ။

“မင်း...”

အနက်ရောင်ဝဲကတော့ထဲမှာ

တုန်လှုပ်ခြောက်ခြားသော အသံတစ်သံ

ထွက်ပေါ်လာသည်။

“ထွက်သွားစမ်း…” အပေါ်စီးကနေ

အေးစက်ခက်ထန်သောအသံ

ထွက်ပေါ်လာသည်။

ရောမမျက်နှာကြီးက ပြင်းထန်စွာ

တုန်လာကာ

ပေါက်ကွဲလုနီးပါးဖြစ်သွားသည်။

ကောင်းကင်ယံ၌

သက်လတ်ပိုင်းအမျိုးသားတစ်ဦး

ရုတ်တရက်ပေါ်လာသည်။

သူက ခပ်လှမ်းလှမ်းဆီသို့ ဦးညွှတ်ကာ

“နှုတ်ဆက်ပါတယ် အကြီးအကဲဝူနီ၊

ငါက ငရဲကမ္ဘာရဲ့ အုပ်ထိန်းသူပါ။

ငါ့ဘိုးဘေးက အကြီးအကဲ

အဆင်ပြေနေမယ်လို့ မျှော်လင့်နေတယ်”

တောင်ပိုင်းဟောင်းလင်းပြင်ကုန်းမြေရှိ

အဘိုးကြီးဝူနီက

“သူမသေသေးဘူးလား…“ ဟူ၍

လျစ်လျူရှုကာ ပြောလိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက

ရှက်ရွံ့စွာရယ်မောရင်း

“သူအဆင်ပြေပါတယ်”

အဘိုးကြီးဝူနီက စစ်တုရင်အပိုင်းအစကို

ချလိုက်ပြီး

“ဘာဖြစ်တာလဲ…ပြောပြပါဦး”

သက်လတ်ပိုင်းအမျိုးသားက

အန်နန်ကျင်းကိုတစ်ချက်ကြည့်လိုက်ပြီး

“အသူရာခန်းမရဲ့ လှူငယ်သခင်က ပြိုင်ပွဲတစ်ခုတည်းမှာ သူမကို စိန်ခေါ်ပြီး ရှုံးနိမ့်ခဲ့တယ်။ ဒီတော့ အသူရာခန်းမက…”

“ဘယ်လောက်ရယ်စရာကောင်းလိုက်သလဲ…”

အဘိုးကြီးဝူနီက ချောက်ကမ်းပါးမှ ပျောက်ကွယ်သွားသည်။

တစ်ချိန်တည်းမှာပဲ သူက

သက်လတ်ပိုင်းအမျိုးသားနှင့်

မလှမ်းမကမ်း၌ ပေါ်လာသည်။

သက်လတ်ပိုင်းအမျိုးသားက ဝူနီကို

တွေ့သွားသောအခါ

သတိအပြည့်ဖြစ်လာသည်။ သူ့ရှေ့ရှိ

အဘိုးကြီးက လွှန်ခဲ့သော

နှစ်ပေါင်းထောင်ချီ ကြာကတည်းက

ထူးခြားဆန်းကြယ်သော
တည်ရှိမှုဖြစ်နေခဲ့သည်။

အဘိုးကြီးဝူနီသေသွားခဲ့သည့်တိုင်အောင်
လက်ရှိကျန်နေသော လူက
သူစော်ကားနိုင်သော
လူတစ်ယောက်မဟုတ်သေးပါ။

အဘိုးကြီးဝူနီက
အေးစက်စွာပြောလိုက်သည်။ “ဒီအမှိုက်

အသူရာခန်းမက ရှုံးနိမ့်မှုကို
လက်မခံတတ်ဘူးလား…”

သက်လတ်ပိုင်းအမျိုးသားက
ရှက်ရွံ့စွာပြုံးလိုက်သော်လည်း
ဘာမှမပြောရဲပေ။ သူက
အသူရာခန်းမနှင့်
ပြဿနာမတက်ချင်ပေ။

အဘိုးကြီးဝူနီက ယန်ယဲ့ကို ရုတ်တရက်
စိုက်ကြည့်ရင်း "ကလေး
သူမအနိုင်ကျင့်ခံရလို့ ငါတို့
ဘာလုပ်သင့်တယ်လို့ မင်းထင်လဲ..."

ယန်ယဲ့က "သူတို့ရဲ့ ဘိုးဘေးတွေနဲ့
အခြားသူတွေ
တစ်ယောက်မှမကျန်အောင်
သတ်ပစ်ရမယ်"

အဘိုးကြီးဝူနီက ယန်ယဲ့ကိုစိုက်ကြည့်ကာ
ပြုံးပြလိုက်ပြီ“မင်းက သတ္တိရှိလိုက်တာ။
ဒါဆို လုပ်လိုက်ကြရအောင်။ လာ...”

ဤအတောအတွင်း
သက်လတ်ပိုင်းအမျိုးသားက
ရုတ်တရက် “အကြီးအကဲဝူနီ၊
မင်းအထဲကို ဝင်လို့မရဘူး”

အဘိုးကြီးဝူနီက သူ့ညာဘက်လက်ကို

ရုတ်တရက် ဆန့်ထုတ်လိုက်ပြီး

“သက်လတ်ပိုင်းအမျိုးသား၏

လည်ချောင်းကို ချက်ချင်း

ဆုပ်ထားလိုက်သည်။

သက်လတ်ပိုင်းအမျိုးသား၏

ခန္ဓာကိုယ်က ချက်ချင်းပင်

တောင့်တင်းသွားသည်။

ဝူနီက သူ့ကိုကြည့်ရင်း “ဒါဆို ငါသေပြီထင်လို့ မင်းငါ့ကို မျက်နှာသာ မပေးချင်ဘူးလား...”

သက်လတ်ပိုင်းအမျိုးသားက “ဟုတ်ပါတယ်။ ဒါပေမဲ့ အကြီးအကဲကတော့ စည်းမျဉ်းအတိုင်း...”

“စည်းမျဉ်းတွေလား...”

အဘိုးကြီးဝူနီ၏ ပါးစပ်ထောင့်တွင်
အထင်သေးမှုတစ်ခု ပေါ်လာသည်။
“ဒီစည်းမျဉ်းတွေကို ချမှတ်ခဲ့တဲ့
ငရဲကမ္ဘာရဲ့ တည်ထောင်သူက ငါ့ကို
အကြီးအကဲအနေနဲ့ သတ်မှတ်ထားတယ်။
ဒါပေမဲ့ မင်းက ငါ့ကို
စည်းမျဉ်းအကြောင်းပြောနေတာလား...။
မင်းရဲ့ ဘိုးဘေးကို
မျက်နှာသာပေးထားလို့မဟုတ်ရင်

အခုချက်ချင်း မင်းတို့တစ်ဖွဲ့လုံးကို
ငါသတ်ပစ်လိုက်တယ်”

ထိုစကားပြောပြီးသည်နှင့်
သက်လတ်ပိုင်းအမျိုးသားကို
အမှိုက်ပုံကြီးအလား လွှင့်ပစ်လိုက်သည်။
ထိုနောက် သူ့ညာလက်ကို
ဝှေ့ယမ်းလိုက်ပြီး ယန်ယဲ့နှင့် အန်နန်ကျင်း
နှစ်ယောက်စလုံးကိုခေါ်ကာ အနက်ရောင်
ဝဲကတော့ထဲကို ဝင်သွားလိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက

သူ့လက်နှစ်ဖက်ကို ခါးသီးစွာ

စိုက်ကြည့်နေသည်။ သူသည် အဆင့်၃

အကန့်အသတ်ချိုးဖျက်နယ်ပယ်

ဖြစ်သော်လည်း အဘိုးကြီးရှေ့တွင်

ပြန်လည် ခုခံနိုင်စွမ်းမရှိခဲ့ပေ။

အနည်းငယ်တောင်မဟုတ်ပါ။

ရုတ်တရက် သူ့စိတ်ထဲတွင် အသံတစ်သံ ထွက်ပေါ်လာသည်။

“အခု သူဘယ်လောက်အထိ ကြောက်ဖို့ကောင်းတယ်ဆိုတာ မင်းမြင်ဖူးပြီးလား…”

သက်လတ်ပိုင်းအမျိုးသားက အကူအညီမဲ့စွာ ရယ်မောရင်း “ဘိုးဘေး ငါအသတ်ခံရလုနီးပါးဖြစ်နေပြီ”

အသံက “လွန်ခဲ့တဲ့ နှစ်တွေမှာ

ကံကြမ္မာကတောင် သူ့ကို

ကြောက်ရတယ်။ လွန်ခဲ့တဲ့ နှစ်တွေမှာသာ

ဒီလိုမျိုး ဖြစ်ခဲ့ရင် အသူရာခန်းမက

သူ့စကားတစ်ခွန်းတည်းနဲ့ပဲ

ပျောက်ကွယ်သွားနိုင်တယ်”

သက်လတ်ပိုင်းအမျိုးသားက

“အခုဘယ်လိုလဲ...” ဟုမေးလိုက်သည်။

အသံက “ဘာလို့ ကိုယ့်ဘာသာကိုယ်
လိုက်မရှာတာလဲ...”ဟု ပြန်ဖြေသည်။

သက်လတ်ပိုင်းအမျိုးသားက
ခါးသက်သက်ရယ်မောပြီး “ဘိုးဘေး
သူကအရမ်းကြောက်စရာကောင်းတယ်။
ဘယ်လိုသေသွားတာလဲ...။
ဒါသူ့သက်တမ်းပဲလား...”

“ကိစ္စမရှိပါဘူး”

ထိုအသံက ဆက်ပြောသည်။ “သူက သန်မာလွန်းတဲ့အတွက် သေဆုံးသွားတာပဲ။ ဒါက နိုင်ငံတစ်ခုရဲ့ အိမ်ရှေ့မင်းသားနဲ့တူတယ်။ အိမ်ရှေ့မင်းသားရဲ့အစွမ်းက အရမ်းပြင်းလာတဲ့အခါ ဧကရာဇ်က သူ့ကို အသက်ရှင်ဖို့ လွှတ်ထားမယ်လို့ မင်းထင်လား…။ ကမ္ဘာကြီးက

ဘယ်လိုလဲ။ အားနည်းလွန်းရင် သေသင့်တယ်။ ဒါပေမဲ့ မင်းက အရမ်းသန်မာနေရင်လည်း သေဖို့ ထိုက်တန်တယ်။ ဒါဆို မင်းသန်မာလာမယ်ဆိုရင် မယုံကြည်နိုင်လောက်အောင် ဖြစ်လာလိမ့်မယ်”

သက်လတ်ပိုင်းအမျိုးသားက “မင်းသန်မာရင် အနိုင်ယူနိုင်မယ်”

အချိန်အတော်ကြာပြီးနောက်

သက်လတ်ပိုင်းအမျိုးသားက

ကောင်းကင်ကို ရှုတ်တရက်

မော့ကြည့်လိုက်ပြီး

ထွက်သွားရန်ပြင်လိုက်သည်။ သို့သော်

ချက်ချင်းရပ်တန့်လိုက်သည်။

တိမ်ဖြူဝတ်စားသမားတစ်ယောက်က

လေထဲကနေ ဖြည်းညင်းစွာ

လျှောက်လာနေလို့ပါ။

သက်လတ်ပိုင်းအမျိုးသားက

မျက်မှောင်ကြုတ်ကာ

“အပြင်လူတွေဒီကိုဝင်လို့မရဘူး”

ဆားသမားက

သူ့ကိုတစ်ချက်ကြည့်လိုက်ပြီး

“ငါဝင်ချင်တယ်”ဟုသာ ရိုးရိုးရှင်းရှင်း

ပြောလိုက်သည်။

သက်လတ်ပိုင်းအမျိုးသား၏မျက်လုံး
များက အနည်းငယ်
ကျဉ်းမြောင်းသွားကာ
သူညာဘက်လက်ကို ကစားရင်း
“ငါနောက်ဆုံးတစ်ခေါက် ထပ်ပြောမယ်။
ဝင်ခွင့်မပြုနိုင်ဘူး။ နားလည်လား…”

ရုတ်တရက် အလင်းတန်း တစ်ခု
လင်းလက်လာပြီး
သက်လတ်ပိုင်းအမျိုးသား၏နဖူးကို

ဓားတစ်ချောင်းဖြင့်ဖိကပ်ထားသည်။
သူ၏မျက်လုံးများက
ပြူးကျယ်သွားသည်။

ဓားသမားက သူ့ကို စိုက်ကြည့်ရင်း
"မင်းက အားနည်းလွန်းတယ်"

စကားပြောပြီးသည်နှင့် သူ့ဓားကို
ပြန်သိမ်းလိုက်သည်။

ထို့နောက် ဓားသမားက “ကမ္ဘာကြီးက ကျယ်ပြန့်ပေမဲ့ ဓားတစ်ချောင်းတည်းနဲ့ ကျင်လည်နေတယ်။ ငါ့လက်ထဲမှာ ဓားရှိနေရင် ဘယ်သူမှ ငါ့ကို မသတ်နိုင်ဘူး”

Translated by NyiNyiSoe..

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၇၇၅ -

သက်လတ်ပိုင်းအမျိုးသားက

နေရာတွင်ပင်အေးခဲသွားသည်။

တိုက်ခိုက်မှုတစ်ခုတည်း။

သူသည် တိုက်ခိုက်မှုတစ်ခုတည်းကိုပင်

မခုခံနိုင်ခဲ့ပေ။ ဤဓားသမားက

ဤလောကတွင် ရှိနေနိုင်သည်လား…။

သက်လတ်ပိုင်းအမျိုးသားက

နဖူးကနေချွေးများ စီးကျလာသည်။

ယန်ယဲ့သည် မျက်လုံးပြန်ဖွင့်လိုက်သည်။

ဒီအချိန်မှာ

ရောမနန်းတော်ကြီးတစ်ခုရှေ့တွင်

ရောက်နေသည်ကို တွေ့လိုက်သည်။

ခမ်းနားထည်ဝါတယ်။

အနက်ရောင်နန်းတော်ကြီးနှင့်
ပတ်သက်၍ ယန်ယဲ့၏အမြင်ပါ။

ဤကဲ့သို့
ခမ်းနားထည်ဝါသောနန်းတော်ကြီးကို
သူမအနေဖြင့် ပထမဆုံးအကြိမ်
မြင်ဖူးခြင်းဖြစ်သည်။
နန်းတော်ထိပ်ပိုင်းတွင်
"အသူရာနန်းတော်" ဟူသော

အနက်ရောင်စာလုံးကြီးကို

ရေးထိုးထားသည်။

အသူရာနန်းတော်။

နန်းတော်မှ အနက်ရောင်

အလင်းတန်းများ

တဖျတ်ဖျတ်လက်နေသည်။

အဘိုးကြီးဂူနီက နန်းတော်အား

ငုံ့ကြည့်ကာ စိုက်ကြည့်ပြီး "ကောင်းပြီ။

အခု မင်းအလှည့်ရောက်ပြီ"

ယန်ယဲ့က နန်းတော်ကို

စိုက်ကြည့်နေသည်။ သူက

မကြောက်တတ်သည့်အတွက်

စိတ်မဝင်စားပေ။ ယန်ယဲ့၏ ပုံရိပ်က

နန်းတော်ရှေ့တွင်ပေါ်လာပြီး

ဖြည်းညင်းစွာ လျှောက်သွားလေသည်။

အဘိုးကြီးဝူနီက အန်နန်ကျင်းကို ရုတ်တရက် မေးလိုက်သည်။ "မင်းရွေးလိုက်တာလား..."

အန်နန်ကျင်းက ခေါင်းညိတ်လိုက်သည်။ "ဟုတ်တယ်"

သူက ခေါင်းညိတ်လိုက်သည်။ "သူက လူလိုလုပ်တယ်"

အန်နန်ကျင်းက အနည်းငယ်
ခေါင်းညိတ်လိုက်သည်။ သူ့မျက်နှာတွင်
ဘာအမူအရာမှတော့ မရှိပေ။
အဘိုးကြီးဝူနီက ယန်ယဲ့ကို
အသိအမှတ်ပြုတဲ့အတွက်
သူမစိတ်ထဲတွင် တော်တော်လေး
ပျော်ရွှင်နေပါသည်။

အသိအမှတ်ပြုခြင်း။

အဘိုးကြီးဝူနီကို တွေ့ပြီးနောက်တွင်
၎င်းက မည်ကဲ့သို့ ဇီဇာကြောင်သည်ကို
သိခဲ့သည်။ လောကရှိ လူအနည်းစုသာ
အဘိုးကြီးဝူနီကို သဘောကျအောင်
လုပ်ဆောင်နိုင်သည်။

တစ်ချိန်တည်းမှာပဲ အဘိုးကြီးဝူနီက
"သူရဲ့ပင်ကိုယ်စွမ်းရည်က မမြင့်မားဘူး။
သူ့စရိုက်နဲ့စိတ်ဓာတ်က

အရမ်းကောင်းတယ်။

သူ့အရိုးတွေထဲအထိ

နက်နက်ရှိုင်းရှိုင်းဖြစ်နေတဲ့

ရက်စက်ကြမ်းကြုတ်မှုတွေ

ကြီးကျယ်ခမ်းနားတဲ့ အရာတွေအတွက်

တစ်စုံတစ်ယောက်ကို ရည်မှန်းထားသလို

သူ့နှလုံးသားက အရမ်းသစ္စာရှိတယ်။

ဒါဟာ မင်းအနာဂတ်လမ်းစဉ်မှာ

တစ်ယောက်နဲ့တစ်ယောက်
အားကိုးအားထားပြုနိုင်တယ်”

အန်နန်ကျင်းက အနည်းငယ်
ခေါင်းညိတ်ကာ ငြိမ်သက်နေသည်။

ဤအချိန်တွင် ယန်ယွဲ့သည်
နန်းတော်ရှေ့ကို ရောက်သွားပြီး
ဖြစ်သည်။ ယန်ယွဲ့သည်
ခမ်းနားထည်ဝါသော နန်းတော်ကို

စိုက်ကြည့်ကာ ခဏမျှ စဉ်းစားကာ

ဓားဆွဲထုတ်ပြီး နန်းတော်တည့်တည့်သို့

ပိုင်းချလိုက်သည်။

“ဆူး...”

ဓားစွမ်းအင်တစ်စင်း

လင်းလက်တောက်ပလာပြီး နန်းတော်ကို

ထိမှန်သွားသည်။

နန်းတော်အပေါ်ကျရောက်ခါနီးတွင်

လျှို့ဝှက်ဆန်းကြယ်သော
စွမ်းအင်လှိုင်းလုံးများ ဖြာထွက်လာပြီး
ဓားစွမ်းအင်ကို ကွဲအက်သွားစေသည်။

ခဏအကြာတွင် အနက်ရောင်
ချပ်ဝတ်တန်ဆာ ဝတ်ဆင်ထားသော
သက်လတ်ပိုင်းအမျိုးသားတစ်ဦးက
ယန်ယဲ့ရှေ့တွင်ပေါ်လာသည်။

သူက ယန်ယဲ့ကို
ခဏစိုက်ကြည့်လိုက်ပြီး“တကယ်ပဲ
မူလတာအိုအဆင့်လား…”

ယန်ယဲ့က လျစ်လျူရှုကာ မင်းတို့ရဲ့
ဂျူနီယာ ခန်းမသခင်ကို
ဒီကိုထွက်လာဖို့ပြောပါ။
သူထွက်မလာဘူးဆိုရင် ငါလူတိုင်းကို
သတ်ပစ်မယ်”

ထိုလူ၏မျက်လုံးများက

အနည်းငယ်မှိတ်သွားကာ

"မင်းကဘယ်သူလဲ..."

သူ့ရှေ့ရှိ မူလတာအိုသခင်က

အသူရာခန်းမကို

ပေါ်တင်တိုက်ခိုက်ဝံ့သောကြောင့်

သာမန်လူတစ်ယောက်မဟုတ်နိုင်ပါ။

သူက ဘယ်သူဖြစ်နိုင်လဲ...။

ယန်ယဲ့က ခေါင်းခါလိုက်ပြီး အချိန်မဖြုန်းလိုတော့ပေ။ သူက သက်လတ်ပိုင်းအမျိုးသား၏ အထက်တွင်ပေါ်လာပြီးနောက် ဓားကိုလက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လျက် ခုတ်ချလိုက်သည်။

“ဆူး...”

ကြားကွက်လပ်အလွှာကို ချက်ချင်း

ခွဲပစ်လိုက်သည်။  ထိုလူ၏မျက်လုံးထဲမှ

လူသတ်လိုစိတ်များတောက်ပလာပြီး

ညာလက်ကိုဆန့်ကာ ယန်ယဲ့၏ဓားကို

ဖမ်းဆုပ်လိုက်သည်။ သို့သော်

သူ့အပေါ်တွင်

အနက်ရောင်တံဆိပ်တုံးတစ်ခု

ရုတ်တရက် ပေါ်လာသည်။ ထိုနောက်

အနက်ရောင်အလင်းတန်းများ
ဖြာထွက်လာကာ ဖုံးလွှမ်းသွားသည်။

ချက်ချင်းပင် ထိုလူ၏ကျင့်ကြံမှုက
အောက်တစ်ဆင့် သို့ ကျဆင်းသွားသည်။
သူက အံအားသင့်သွားသော်လည်း
လက်သီးကိုချက်ချင်းဆုပ်ပြီး
အပေါ်ဘက်ကို ပင့်ထိုးလိုက်သည်။

“ဘုန်း…ဘုန်း…”

ပေါက်ကွဲသံနှစ်ချက် ပဲ့တင်ထပ်လာပြီး

ထိုလူက နန်းတော်တံခါးရှေ့အထိ

နောက်ပြန်လွင့်သွားခဲ့သည်။

သူ့လက်နှစ်ဖက်ကို ငုံ့ကြည့်လိုက်ရာ

အစိတ်စိတ်အမြွာမြွာ

ကွဲထွက်သွားခဲ့သည်။

လက်နှစ်ဖက်စလုံးပြတ်တောက်သွားတာ

ပါ။ ယန်ယဲ့က

သက်လတ်ပိုင်းအမျိုးသားကို

လျစ်လျူရှုကာ

နန်းတော်အားစိုက်ကြည့်ပြီး

“အသူရာခန်းမရဲ့ ဂျူနီယာ ခန်းမသခင်၊

မင်းက

ဒီလောက်ကြောက်တတ်တာလား...”

“မင်းကိုယ်မင်း ဘယ်သူထင်နေတာလဲ...”

ရုတ်တရက် အနီးအနားမှာ

မထီမဲ့မြင်ပြုသောအသံတစ်သံ

ထွက်ပေါ်လာသည်။ ထိုနောက်

ယန်ယဲ့ရှေ့တွင်

ခရမ်းရောင်ဝတ်စုံဝတ်လူငယ်လေးတစ်

ယောက် ထွက်ပေါ်လာသည်။

ယန်ယဲ့က စကားပြောရန်ပြင်လိုက်စဉ်

“လူယုတ်မာ မင်းက

ဘယ်ကလာတာလဲ…။

ငါ့အသူရာခန်းမမှာ

မင်းဘယ်လိုပြဿနာရှာရဲတာလဲ...”

ယန်ယဲ့သည် နေရာမှာပင် ဖျတ်ခနဲ

ပျောက်ကွယ်သွားသည်။

တစ်ချိန်တည်းမှာပင် ပြင်းထန်သော

အရှိန်အဝါတစ်ခုက

အရမ်းရောင်ဝတ်စုံဝတ်လူငယ်ကို

ဖုံးလွှမ်းထားသည်။ သို့သော်

ဓားစွမ်းအင်များ ကျဆင်းလာသည်နှင့်
သူ၏အမူအရာက ပြောင်းလဲသွားသည်။

ယန်ယဲ့က ဓားနယ်မြေကို သုံးချက်ဆင့်
ထုတ်ဖော်လိုက်ခြင်းပါ။ လုံးဝကို
ကြောက်စရာကောင်းလှသည်။
အထူးသဖြင့် ဖိနှိပ်ခြင်းတံဆိပ်တော်နှင့်
ပေါင်းစပ်ထားသည့်အခါ။ လူငယ်က
ထိတ်လန့်သွားသည်။ အရေးအကြီးဆုံး
အခိုက်အတန့်တွင် သူ့ခန္ဓာကိုယ်အထဲမှ

အနက်ရောင်စွမ်းအင်အလွှာတစ်ခုထွက်
ပေါ်လာပြီး လူငယ်အား
ဖုံးလွှမ်းသွားသည်။

ယန်ယဲ့ခါး ထိမှန်သွားသည်နှင့်
ပြင်းထန်စွာ တုန်လှုပ်သွားပြီး
မရေမတွက်နိုင်သော
အနက်ရောင်အလင်းတန်းများ
ဖြာထွက်လာသည်။

ယန်ယဲ့သည် နောက်ပြန်ဆုတ်သွားသည်။

မီတာသုံးရာနီးပါးအကွာအထိသာ

ပြန်ဆုတ်သွားပြီးမှ ရပ်တန့်သွားခဲ့သည်။

ယန်ယဲ့သည် အနည်းငယ်

တုန်ယင်နေသော သူ့လက်များကို

တစ်ချက် ငုံ့ကြည့်လိုက်ပြီးနောက်

အနက်ရောင်စွမ်းအင်အလွှာကို

စိုက်ကြည့်လိုက်သည်။

“နတ်ဘုရားအဆင့်

အကာအကွယ်ရတနာ”

ယန်ယဲ့က တစ်ခုခုကိုတွေးလိုက်မိရင်း

ပြုံးလိုက်မိသည်။

ဤအချိန်မှာ လူငယ်က

“မူလတာအိုအဆင့် မင်းရဲ့ဓားက

ကောင်းပေမဲ့ မင်းငါ့ကို

ဘာလုပ်နိုင်မလဲ…လာ မင်းကို

ငါအနိုင်ကျင့်တယ်လို့ အပြစ်မတင်နဲ့။
ငါမင်းကို ဆယ်ခါ တိုက်ခိုက်ခွင့်ပြုမယ်”

“ဆယ်ကြိမ်”

ယန်ယွဲ့သည် ထိုလူငယ်ကို
တစ်ချက်ကြည့်လိုက်ပြီး သူ့ရင်ဘက်ကို
တစ်ချက်ပုတ်လိုက်သည်။
ချက်ချင်းဆိုသလိုပင်

သူ့ရင်ဘက်မှအဖြူရောင်ခေါင်းလေးထွ
က်ပေါ်လာသည်။

နှင်းပွင့်လေး။

နှင်းပွင့်က ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီးနောက်
သူမအကြည့်က
အနက်ရောင်စွမ်းအင်အလင်းအလွှာပေါ်
သို့ ကျဆင်းသွားသည်။ ချက်ချင်းပင်

သူမ၏မျက်လုံးလေးများ

တောက်ပလာကာ သူမ၏လက်ကို

ဝှေ့ယမ်းလိုက်သည်။

သို့သော်လည်း အနက်ရောင်ဒိုင်းကာ က

ဘာမှမဖြစ်ခဲ့ပေ။ နှင်းပွင့်က

အနည်းငယ်မျက်မှောင်ကြုတ်ပြီး

ယန်ယဲ့ကို စိုက်ကြည့်နေသည်။

ခဏအကြာတွင် သူမလေးက

ပါးစပ်သေးသေးလေးကိုဟကာ

အနက်ရောင်စွမ်းအင်အလွှာကို လှမ်းပြီး

စုပ်ယူလိုက်သည်။

အနက်ရောင်အလင်းတန်းများ

အနည်းငယ်

မှိန်ဖျော့သွားသည်။ ထိုနောက်

ဒိုင်းကာက ပြင်းထန်စွာ

တုန်လှုပ်သွားခဲ့သည်။

ဝိညဉ်ဖျက်ဆီးခြင်း။

နှင်းပွင့်က နတ်ဘုရားရတနာ၏ ဝိညဉ်ကို

ဖျက်ဆီးနေတာပါ။ အမှန်တော့

ဤအချိန်မှာ

နတ်ဘုရားအဆင့်အကာအကွယ်၏

ဝိညာဉ်က တော်တော်လေး

ကြောက်လန့်သွားပုံရသည်။ ယန်ယဲ့၏

ဓားက ကြောက်စရာကောင်းသော်လည်း

သူရပ်တန့်နိုင်သည်။ သို့သော်

နှင်းပွင့်ကိုတော့ မခုခံနိုင်ပါ။

အကြောင်းကတော့ နှင်းပွင့်က

ငင်း၏ညဏ်ရည်ကို

ဖျက်ဆီးပစ်နိုင်သောကြောင့်ဖြစ်သည်။

နှင်းပွင့်က ရုတ်တရက် လက်သည်းများ

ဝှေ့ယမ်းလိုက်သည်။ သေချာသည်မှာ

သူမက အနက်ရောင်ဒိုင်းကာကို

သူမနောက် လိုက်ချင်သလားဟု

မေးနေတာပါ။ မဟုတ်လျှင်

၎င်း၏စိတ်ဝိညာဉ်ကို အပြီးတိုင်
ဖျက်ဆီးပစ်မည်။

ဒိုင်းကာက အချိန်အတော်ကြာ
တိတ်ဆိတ်သွားကာ
လူငယ်လေး၏လက်မှ
ရုန်းကန်လာသည်။ ထို့နောက်
၎င်းတို့အကြားရှိ ချိတ်ဆက်မှုကို
ဖြတ်တောက်ကာ နှင်းပွင့်လေးထံသို့
ပျံသန်းသွားသည်။ နှင်းပွင့်က ပြုံးပြီး

ဒိုင်းကာကို ကောက်ကိုင်ကာ

မူလစေတီထဲသို့ ဝင်သွားသည်။

ခရမ်းရောင်ဝတ်စုံဝတ်လူငယ်က

အံ့အားသင့်သွားသည်။ သူလုံးဝကို

အံ့အားသင့်နေတာပါ။

နတ်ဘုရားအဆင့်ရတနာကို

ဘာဖြစ်သွားမှန်း နားမလည်နိုင်တော့ပေ။

ခဏအကြာတွင် လူငယ်လေးက

တုန်လှုပ်နေရာကနေ

သတိပြန်ဝင်လာပြီးနောက် ဒေါ်သတကြီး အော်ငေါက်ကာ

“ခွေးကောင်၊ အခုချက်ချင်း ပြန်ပေးစမ်း။ မဟုတ်ရင် ငါမင်းကို...”

သို့သော် စကားပင် မဆုံးသေးခင် ယန်ယွဲ့က သူ့အရှေ့တွင်ပေါ်လာပြီး ဓားဖြင့် ပိုင်းချလိုက်သည်။

ခရမ်းရောင်ဝတ်လူငယ်က

ထိတ်လန့်သွားသည်။ သူက

လက်တစ်ဖက်ကို အလျင်အမြန်ဆန့်ပြီး

ထူးဆန်းသောတံဆိပ်တစ်ခုကို

ဖန်တီးလိုက်သည်။ ထိုနောက် တံဆိပ်ကို

အပေါ်သို့ ပစ်လွှတ်လိုက်သည်။

တံဆိပ်ထဲမှ  ပြင်းထန်သော

စွမ်းအင်လှိုင်းတစ်ခု

ပြေးထွက်သွားသည်။ သို့သော်

ယန်ယဲ့၏ဓားနှင့်ထိတွေ့လိုက်သည်နှင့် အပိုင်းပိုင်းကွဲထွက်သွားသည်။ ဓားက တည့်တည့်ကို ပိုင်းချလာသည်။

“အုန်း…”

လူငယ်လေးက ခုခံနိုင်စွမ်းမရှိခဲ့ပေ။ သူ့ပုံရိပ်က လွင့်ထွက်သွားသည်။ တစ်ချိန်တည်းမှာပင် လက်တစ်ဖက်က သူ့လည်ပင်းဖမ်းဆုပ်ထားလိုက်သည်။

ယန်ယဲ့က လူငယ်ကို လည်ပင်းကနေ ဆွဲမပြီး

မြေပြင်နှင့်ကိုင်ရိုက်ချလိုက်သည်။

“အုန်း…”

မြေပြင်က  ပေါက်ကွဲသွားသည်။ သို့သော် ယန်ယဲ့က မရပ်တန့်ပေ။ လူငယ်လေး၏ ပေါင်ကြားကို ဖြတ်ကန်လိုက်သည်။

“ခွက်...ခလွပ်”

တစ်စုံတစ်ခု

ကွဲကြေသောအသံထွက်လာသည်။

ထိုနောက် လူငယ်လေး၏မျက်လုံးများ

ပြူးကျယ်သွားကာ ဝက်တစ်ကောင်ကဲ့သို့

ဆိုးဆိုးဝါးဝါး အော်ညည်းသံများ

ထွက်ပေါ်လာတော့သည်။

ယန်ယဲ့က လူငယ်ကို
ဆက်မြှောက်လိုက်ပြီး “မင်းငါ့မိန်းမကို
သတ်ဖို့ လူတွေကို စေလွှတ်လိုက်တာ
ဘယ်လိုတောင် ရဲတင်းလိုက်သလဲ…။
မင်းအသက် ဘယ်နှစ်သက်ရှိတယ်
ထင်သလဲ…”

စကားပြောရင်း လူငယ်၏ဗိုက်ကို
လက်သီးဖြင့် ဖြတ်ထိုးလိုက်ပြန်သည်။

“အုန်း…”

လူငယ်က မြေပြင်ပေါ်သို့ ပြုတ်ကျသွားသည်။ ထိုနေရာတွင် ရောမအပေါက်ကြီးတစ်ခုပေါ်လာသည်။ သို့သော် အဆုံးတော့ မဟုတ်သေးပါ။ ယန်ယဲ့က လူငယ်ကို ဆွဲမြှောက်ကာ အဘိုးကြီးဝူနီနှင့် အန်နန်ကျင်းဆီသို့ ပြန်လွှောက်လာသည်။ သို့သော် ယန်ယဲ့သည်

အံ့အားသင့်သွားသည်။ သူတို့ရှေ့တွင်
အဘိုးကြီးသုံးယောက်၏
အလောင်းများရှိနေလို့ပါ။

ယန်ယဲ့၏လက်ထဲမှာ
ဖမ်းဆုပ်ထားသောလူငယ်လေးက
အလောင်းများကို မြင်လိုက်သောအခါ
ထိတ်လန့်သွားသည်။

အန်နန်ကျင်းက ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး “သူတို့က နင့်ကို တိုက်ခိုက်ချင်နေလို့ ငါ့ဆရာက သတ်လိုက်တာ”

ဤအချိန်မှာ ယန်ယဲ့က အတော်လေး ရှက်သွားသည်။ ထိုလူငယ်ကို ခွေးတစ်ကောင် ဝက်တစ်ကောင်ကဲ့သို့ ရိုက်နှက်နေချိန်တွင် အသူရာခန်းမက မလှုပ်ရှားလာသဖြင့် အံ့သြနေမိသည်။

ယခုတော့ အကြောင်းအရင်းကို

နားလည်လိုက်သည်။ အသူရာခန်းမက

မစေလွှတ်သောကြောင့်မဟုတ်ပါ။ သူတို့

စေလွှတ်လိုက်သူများ အကုန်

အသတ်ခံလိုက်ရတာဖြစ်သည်။

ယန်ယဲ့က ခေါင်းယမ်းကာပြုံးပြပြီး

လူငယ်ကို အန်နန်ကျင်းရှေ့

ပစ်ချလိုက်သည်။

“သူ့ကိုသတ်လိုက်”

သူမက ယန်ယဲ့ကို ငုံ့ကြည့်လိုက်သည်။
“နင်လုပ်လိုက်ပါ”

ယန်ယဲ့ကပြုံးကာ သတ်ပစ်ရန်
ပြင်လိုက်စဉ် အသူရာခန်းမမှ
ပြင်းထန်သော ဖိအားလှိုင်းများ
ဖြာထွက်လာပြီး
ယန်ယဲ့အပေါ်ဖိချလိုက်သည်။ ဖိအားက
ကမ္ဘာကြီးကို ချေမှုန်းနိုင်စွမ်းရှိပုံရသည်။

အထွတ်အထိပ်အဆင့်

အကန့်အသတ်ချိုးဖျက်နယ်ပယ်။

အသူရာခန်းမထဲမှ

အသံတစ်သံထွက်ပေါ်လာသည်။

“မင်းဘာလို့ သူ့ကိုသတ်ဖို့

မကြိုးစားတာလဲ...”

အဘိုးကြီးဝူနီက ဖိအားကို အကူညီခဲ့ပေ။

သူကယန်ယွဲ့ကို တစ်ချက်သာ

ကြည့်လိုက်သည်။

သူဘာတွေးနေမှန်းတော့ မသိနိုင်ပေ။

ဒီအချိန်မှာ ယန်ယွဲ့၏ဓားက

ပိုင်းချလိုက်သည်။

“ဆူး…”

လူငယ်လေး၏ခေါင်းက လေးထဲသို့ ပျံတက်သွားသည်။ ယန်ယွဲ့က သူ့လက်ချောင်းကို ဆန့်ပြီးပုတ်လိုက်ရာ ခေါင်းပြတ်က အသူရာခန်းမ၏တံခါးဝရှေ့သို့ လှိမ့်သွားခဲ့သည်။

သူက နန်းတော်ကို စိုက်ကြည့်ကာ "ငါသူ့ကို သတ်လိုက်ပြီ။ အသူရာခန်းမ က တိုက်ခိုက်ချင်ရင်

အချိန်မရွေးလာနိုင်တယ်”

စကားပြောရင်း တဖြည်းဖြည်း

နောက်ပြန်ရွေ့ကာ အဘိုကြီးဝူနီနှင့်

နီးကပ်သွားသည်။

Translated by NyiNyiSoe..

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၇၇၆ -

ပတ်ဝန်းကျင်သည်

တိတ်ဆိတ်သွားသည်။

အသူရာခန်းမတစ်ခုလုံးသည်

တိတ်ဆိတ်ငြိမ်သက်သွားသည်။

သူတို့အနေဖြင့် ဤကဲ့သို့အရှက်ရမှုကို

တစ်ခါမှမကြုံဖူးပါ။ အမှန်တော့

အသူရာခန်းမအတွက်တော◌ြ

သူတို့၏ဂျူနီယာခန်းမသခင်၏

ကံကြမ္မာက အရေးမကြီးပေ။ သူသည်

အားနည်းသူဖြစ်သည်။

ခန်းမသခင်ကလွဲရင် အသူရာခန်းမတွင်

အထူးအရေးပေးခံရတာမျိုး မရှိပါ။

သို့သော် မည်သို့ပင်ဖြစ်စေ

အသူရာခန်းမ၏ အဖွဲ့ဝင်တိုင်းကို

သူတို့ရှေ့တွင်

အသတ်ခံရရန်မဖြစ်နိုင်ပေ။

လူတိုင်းက အသူရာခန်းမကို

မျက်နှာသာပေးရပေမည်။ သို့သော်

ယန်ယွဲ့သည် ၎င်းတို့၏

ဂျူနီယာခန်းမသခင်ကို နန်းတော်ရှေ့တွင်

ပေါ်တင်သတ်ပစ်ခဲ့သည်။

၎င်းသည်  အသူရာခန်းမကို

မျက်နှာသာမပေးဘဲ

တိုက်ရိုက်စော်ကားလိုက်ခြင်းပင်။

အသူရာခန်းမအပြင်ဘက်တွင် အဘိုးကြီးတစ်ယောက်က ရုတ်တရက် ပေါ်လာသည်။ သူက ယန်ယွဲ့ကို ငုံ့ကြည့်လိုက်သည်။ သို့သော်လည်း သူ့အကြည့်က အဘိုးကြီးဝူနီဆီကို လျင်မြန်စွာ ကျဆင်းသွားသည်။

ထိုနောက် အဘိုးကြီးဝူနီ ရှေ့တွင်ပေါ်လာသည်။ သူက

အဘိုးကြီးကို စိုက်ကြည့်ရင်း

“မင်းနာမည်ဘယ်လိုခေါ်လဲ...”

“နာမည်လား...”

အဘိုးကြီးဝူနီ၏ နှုတ်ခမ်းထောင့်တွင်

အထင်သေးမှုတစ်ခု ထွက်ပေါ်လာသည်။

“မင်းလိုကောင်က ငါ့နာမည်ကိုသိဖို့

အရည်အချင်းမရှိဘူး”

စကားပြောပြီးနောက် သူ့လက်ဝါးကို

ဖိချလိုက်သည်။ အဘိုးကြီး၏

ပတ်ပတ်လည်ရှိ

ကြားကွက်လပ်အလွှာက

ချက်ချင်းအေးခဲသွားသည်။ အမှန်ပင်

အေးခဲသွားကာ တစ်ချိန်တည်းမှာပင်

ပြင်းထန်သော

စွမ်းအားလှိုင်းများက  မုန်တိုင်းကြီးတစ်ခု

အလား ပတ်ဝန်းကျင်ကို

ဖုံးလွှမ်းသွားသည်။

အဘိုးကြီး၏ မျက်လုံးများက

အနည်းငယ် ကျဉ်းမြောင်းသွားသည်။

သူ့ညာလက်ကို ရှေ့သို့ ဆန့်ထုတ်ကာ

အလျင်အမြန် ဝှေ့ယမ်းလိုက်သည်။

စွမ်းအင်လှိုင်းများ ချက်ချင်း

ငြိမ်သက်သွားပြီးနောက် သူ့လက်ဝါးကို

ရှေ့သို့ ပုတ်လိုက်သည်။

“အုန်း…”

အဘိုးကြီး၏ လက်ဝါးက ဒီရေအလား ကြောက်မက်ဖွယ်ရာ စွမ်းအင်လှိုင်းကြီး ထွက်လာပြီး အဘိုးကြီးဝူနီကို ပိတ်လှောင်သွားသည်။ သို့သော် ဝူနီ၏ နှုတ်ခမ်းထောင့်တွင် အထင်သေးမှုတစ်ခုပေါ်လာပြီး

“ကမ္ဘာတုန်စေသောလက်ဝါး၊

ရယ်စရာကောင်းလိုက်တာ အဲ့ဒါက

ငါဖန်တီးထားတဲ့ နည်းစနစ်တစ်ခုပဲ

မင်းက ငါ့အပေါ်မှာ

တကယ်ပဲအသုံးချနေတယ်။

ဘယ်လောက်တောင်ရယ်စရာကောင်းလို

က်သလဲ...”

ဂူနီက သူ့လက်ကို မြှောက်လိုက်ပြီး

လက်သီးဖြင့် ရှေ့သို့

လှမ်းထိုးလိုက်သည်။

“အုန်း…”

အဘိုးကြီး၏ စွမ်းအင်က

ချက်ချင်းပြန့်ကျဲသွားသည်။

တစ်ချိန်တည်းမှာပဲ အဘိုးက ၃

ကီလိုမီတာအထိ လွင့်ထွက်သွားသည်။

သူ့ကိုယ်သူ ရပ်တန့်လိုက်သည်နှင့်
တစ်ပြိုင်နက် ပါးစပ်ထဲမှ သွေးများ
အန်ထွက်လာသည်။

အဘိုးကြီးဝူနီကို တိုက်ခိုက်လိုက်သော
သူ၏ညာလက်က ကျိုးပဲ့သွားသည်။
တစ်ချက်တည်းပါ။ ယန်ယဲ့က
အဘိုးကြီးဝူနီကို တစ်ချက်ကြည့်လိုက်ပြီး
လူအိုကြီး၏ ခွန်အားက တကယ်ကို

ကြောက်စရာကောင်းတယ်လို့
ခံစားလိုက်ရသည်။

အဘိုးကြီးက သူ့လက်မောင်းကို
ငုံ့ကြည့်ပြီးနောက် ဂူနီကို မော့ကြည့်ကာ
“မင်းကဘယ်သူလဲ…”

ဤအချိန်တွင် သူ၏မျက်လုံးထဲမှ
ကြောက်ရွံ့တုန်လှုပ်မှုများ ပေါ်လာသည်။

အဘိုးကြီးဝူနီက သူ့ကို
အေးစက်စွာတစ်ချက်ကြည့်လိုက်ပြီး
"မင်းတို့ငါ့တပည့်ကို အနိုင်ကျင့်နေလို့
ငါပြန်ပြီးအနိုင်ကျင့်တာ။ ဒါဟာ
မင်းတို့အသူရာခန်းမက
အရင်လုပ်ထားလို့ပဲ”

သူက အန်နန်ကျင်းကို ညွှန်ပြပြီး “သွား ...
ငါ့တပည့်ကို သတ်ဖို့ ကြံစည်တဲ့သူတွေကို
သွားခေါ်စမ်း”

အဘိုးကြီးက အန်နန်ကျင်းကို

တစ်ချက်ကြည့်လိုက်သည်။

ဤအခိုက်အတန့်တွင်

ထိုမိန်းမပျိုကြောင့်

ဤမျှလောက်ကြောက်ဖို့ကောင်းသော

ပညာရှင်က အသူရာခန်းမကို

ရောက်လာသည်ကို သိလိုက်သည်။

အဘိုးကြီးက ဂျူနီယာခန်းမသခင်၏
အလောင်းကို ငုံ့ကြည့်ကာ
ခေါင်းယမ်းလိုက်သည်။

ထိုနောက် အဘိုးကြီးဝူနီကို
စိုက်ကြည့်ကာ “ဒါဟာ
ငါ့အသူရာခန်းမရဲ့အမှားပဲ၊ ငါတို့ သူမကို
တောင်းပန်ဖို့အဆင်သင့်ပါပဲ ငါတို့…”

အဘိုးကြီးဝူနီက ရုတ်တရက်
စကားဖြတ်ပြောလိုက်သည်။
“သူ့ကိုသတ်ဖို့ ဘယ်သူက
စေလွှတ်လိုက်တာလဲ...
မင်းငါပြောတာကို မကြားဘူးလား...”

အဘိုးကြီးက အကူအညီမဲ့စွာ
ရယ်မောကာ “တရားခံကို မင်းတို့က
သတ်ပြီးပြီလေ”

အဘိုးကြီးဝူနီက သူ့ရှေ့ခပ်လှမ်းလှမ်းကိုကြည့်လိုက်သည်။ မြေပြင်ပေါ်မှာ အစောပိုင်းက သူသတ်ခဲ့သော ကျင့်ကြံသူများ၏ အလောင်းသုံးလောင်းက ရှိနေခဲ့သည်။

သူက အန်နန်ကျင်းကို ကြည့်ပြီး “မင်းပြော။ မင်းမကျေနပ်သေးရင် မင်းအတွက် အသူရာခန်းမတစ်ခုလုံးကို ဖျက်ဆီးပစ်မယ်”

ထိုစကားကိုကြားသောအခါ

အဘိုးကြီး၏မျက်နှာက

ထိတ်လန့်မှုကြောင့် ဖြူဖျော့သွားခဲ့သည်။

အဘိုးကြီး ဂူနီနဲ့ တိုက်ခိုက်ပြီးနောက်

သူရှေ့ရှိလူအိုကြီးက အသူရာခန်းမကို

ဖျက်ဆီးနိုင်သည်ဟု ပြောနေခဲ့သည်။

အန်နန်ကျင်းက အဘိုးကြီးကို

စိုက်ကြည့်နေသည်။

အဘိုးကြီးက ခဏတုံ့ဆိုင်းသွားပြီး

“ဒီကိစ္စမှာ ငါ့အသူရာခန်းမက မှားတာ

လက်ခံပါတယ်။ ဒီတော့

လျော်ကြေးအဖြစ် နတ်ရတနာကို

လက်ဆောင်ပေးချင်ပါတယ်။

လက်ခံပေးပါ”

သူမျက်နှာက

မမြင်နိုင်လောက်အောင်ဖြစ်နေသော်လ

ည်း လက်ချောင်းကို ရှေ့သို့ ပို့လိုက်သည်။ ထိုနောက် အန်နန်ကျင်းရှေ့တွင် အနက်ရောင် ချပ်ဝတ်တန်ဆာတစ်စုံပေါ်လာသည်။

အဘိုးကြီးက "ဒါဟာ ငါ့အသူရာခန်းမရဲ့ နံပါတ် (၁) နတ်ရတနာဖြစ်တဲ့ အသူရာချပ်ဝတ်။ ဒီချပ်ဝတ်က အဆင့်(၃)အကန့်အသတ်ချိုးဖျက်နယ်ပယ်ရဲ့ ခွန်အားကို အပြည့်အဝ ခုခံနိုင်သလို

သာမန်အကန့်အသတ်ချိုးဖျက်နယ်ပယ်နှ
စ်ယောက်ဆိုရင်တောင်
ဘာမှမလုပ်နိုင်ဘူး။ မင်းက ထူးခြားနဲ့
ညဏ်ကြီးရှင်တစ်ယောက်ဖြစ်လို့
ဒီချပ်ဝတ်တန်ဆာကို ဝတ်လိုက်တာနဲ့
အဆင့်တူမှာ မရှုံးနိမ့်နိုင်တော့ဘူး”

အန်နန်ကျင်းက  အသူရာချပ်ဝတ်ကို
တစ်ချက်ကြည့်လိုက်ပြီး ယူလိုက်သည်။
အဘိုးကြီးက

အန်နန်ကျင်းလက်ခံသည်ကို

မြင်သောအခါ

သက်ပြင်းတစ်ချက်ချလိုက်သည်။

သူမငြင်းခဲ့လျှင် အသူရာခန်းမက

သေသည်အထိ

တိုက်ခိုက်ရမည်ဖြစ်သည်။

သို့သော်လည်း အသူရာခန်းမက

အနိုင်ရရန်အခွင့်အရေး နည်းပါးသည်။

အန်နန်ကျင်းက ဝူနီကို

စိုက်ကြည့်လိုက်သည်။ အဘိုးကြီးက

အနည်းငယ် ခေါင်းညိတ်လိုက်ကာ

"သွားရအောင်"

ဤအချိန်မှာ ယန်ယဲ့၏ ရင်ဘက်ထဲကနေ

နှင်းပွင့်လေးပြူထွက်လာသည်။

နှင်းပွင့်လေး

ထွက်လာသည်နှင့်တစ်ပြိုင်နက် ဤနေ

ရာရှိ လူတိုင်းက သူမကို

စူးစိုက်ကြည့်နေကြသည်။

အဘိုးကြီးက လုံးဝ

အံ့အားသင့်နေခဲ့သည်။

ဒဏ္ဍာရီလာ ဝိညာဉ်ဖန်ဆင်းရှင်။

သူ့ရှေ့ရှိ အဖြူရောင်အကောင်လေးက

ဝိညာဉ်ဖန်ဆင်းရှင်မှန်းမသိဘဲ မနေပေ။

“ဒဏ္ဍာရီလာ ဝိဉာဉ်ဖန်ဆင်းရှင်”

အဘိုးကြီး၏လက်များ

တုန်ယင်နေသည်။ အကယ်၍

ဝူနီကိုသာမကြောက်ပါက နှင်းပွင့်လေးကို

အခုချက်ချင်း လုယူပါလိမ့်မည်။

ဤအတောအတွင်း နှင်းပွင့်လေးက

အသူရာခန်းမကို ငုံ့ကြည့်ပြီးနောက်

သူမ၏လက်ကို ဝှေ့ယမ်းလိုက်သည်။

“ဘုန်း…”

ခန်းမအောက်မှ အဖြူရောင်

အလင်းတန်းကြီးတစ်ခု ထိုးထွက်လာပြီး

အဖြူရောင် နဂါးကြီးတစ်ကောင်

လေထဲသို့ ပျံတက်လာသည်။

အင်မော်တယ်အဆင့် ဝိညာဉ်သွေးကြော။

ဂုင်းက စစ်မှန်သော

အင်မော်တယ်အဆင့်ဝိညဉ်သွေးကြောဖြ

စ်သည်။ အင်မော်တယ်အဆင့်

ဝိညဉ်သွေးကြောက ဤနေရာရှိ

လူတိုင်းကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

ဂုင်း၏အကြည့်က နှင်းပွင့်လေးပေါ်သို့

ကျဆင်းသွားသည်။ နှင်းပွင့်လေးက

သူ့ခေါင်းပေါ်သို့ ခုန်တက်သွားပြီး ဂျိုကို

ကိုင်ကာ ယန်ယဲ့ထံဆွဲခေါ်လိုက်သည်။

နဂါးဖြူကြီးက

ခဏမျှတုံ့ဆိုင်းသွားသော်လည်း

အဆုံးတွင် မခုခံပေ။

မူလစေတီထဲသို့ ဆွဲသွင်းခါနီးတွင်

အဘိုးကြီးက နောက်ဆုံးတော့

တုန်လှုပ်နေရာကနေ

သတိပြန်ဝင်လာကာ  နှင်းပွင့်ရှေ့တွင်

ပိတ်ရပ်ထားလိုက်သည်။

သူက နှင်းပွင့်ကို တစ်ချက်ကြည့်ကာ

တုံ့ဆိုင်းနေပြီး “အငယ်ကောင်လေး၊

မင်းလုပ်နေတာလဲ…”ဟုမေးလိုက်သည်။

နှင်းပွင့်လေးက မျက်တောင်ခတ်ပြီး

နဂါးခေါင်းကို ပုတ်လိုက်သည်။

“သူမက နဂါးကို ယူသွားမယ်လို့

ပြောနေတာ”

အဘိုးကြီးက ခဏကြာတုံ့ဆိုင်းနေပြီး
“ဒါက အသူရာခန်းမ အပိုင်း”

“အသူရာခန်းမလား...” နှင်းပွင့်က
မျက်တောင်ခတ်ပြီး ခေါင်းခါလိုက်သည်။

ထို့နောက် နဂါးခေါင်းကို
ပုတ်လိုက်ပြန်သည်။ ဆိုလိုသည်မှာ

နဂါးက သူမအပိုင်ဖြစ်ကြောင်း
ပြောနေတာပါ။

အဘိုးကြီးက ခါးသက်သက်ရယ်မောရင်း
“တကယ်ပါ ဒါဟာ ငါ့ရဲ့
အသူရာခန်းမပိုင်တာပါ”

နှင်းပွင့်လေးက နဂါးဦးချိုကို
ပေါ့ပေါ့ပါးပါး ပုတ်လိုက်ပြီး
ဘေးဘက်သို့ ခုန်ဆင်းသွားသည်။

ထိုနောက် အဘိုးကြီးကို
လက်ညှိုးထိုးပြပြီး သူ့ကိုယ်သူ
လက်ညှိုးထိုးပြသည်။

ရှင်းရှင်းပြောရလျှင် နဂါးဖြူက
ဘယ်မှာနေချင်လဲဟု မေးနေတာပါ။

နဂါးဖြူက အဘိုးကြီးကို
တစ်ချက်ကြည့်လိုက်ပြီးနောက်
နှင်းပွင့်ကို ငုံ့ကြည့်ကာ သူမဆီသို့

ရွှေ့လျားသွားလေတော့သည်။ နှင်းပွင့်က ချစ်စဖွယ် ပြုံးပြကာ မူလစေတီထဲသို့ ချက်ချင်းဆွဲခေါ်လိုက်သည်။

အဘိုးကြီးက အကြာကြီး အံ့အားသင့်နေသည်။ အဆုံးတွင် သူက အဘိုးကြီးဝူနီကို စိုက်ကြည့်လိုက်သော်လည်း

ဘာမှတော့မပြောရဲပေ။ ထိုလူအိုကြီးက ဒေါသကြီးသူမှန်းသိနေလို့ပါ။

ဝူနီက ယန်ယဲ့နှင့်အန်နန်ကျင်းကို တစ်ချက်ကြည့်လိုက်ပြီး "သွားကြရအောင်" စကားပြောပြီးနောက် သူ့ညာလက်ကို ဝှေ့ယမ်းပြီး သုံးယောက်သာနေရာမှာပင် ပျောက်ကွယ်သွားသည်။

အဘိုးကြီး၏မျက်နှာက ခါးသီးမှုများ

ဖုံးလွှမ်းသွားသည်။ အသူရာခန်းမက

လုံးဝလုယက်ခံလိုက်ရပြီးဖြစ်သည်။

အချိန်အတော်ကြာမှ အဘိုးကြီးက

ကောင်းကင်ကို မော့ကြည့်ပြီး

လက်သီးဆုပ်ကာ "ငရဲလောကအရှင်၊

မင်းသူ့ကို မတားဆီးရဲဘူးလား..."

အပေါ်စီးမှ “သိုင်းတာအိုနဲ့ ကံကြမ္မာကို ဆန့်ကျင်တဲ့ဝူနီ” ဟူသောစကားသံထွက်ပေါ်လာသည်။

ထိုစကားကို ကြားသောအခါ အဘိုးကြီး၏ ခန္ဓာကိုယ်က တုန်လှုပ်သွားသည်။

“ဝူနီ”

ထိုနာမည်က

ဒဏ္ဍာရီဆန်ဆန်တည်ရှိမှုဖြစ်သည်။

အချိန်အတော်ကြာမှ အဘိုးကြီးက

ခေါင်းယမ်းပြီး

သက်ပြင်းချလိုက်ပါတော့သည်။

အသူရာခန်းမက ဤအခြေအနေနဲ့

အဆုံးသတ်ရသည့်အတွက် အတော်လေး

ကံကောင်းတယ်လို့ ခံစားရတယ်။

အဘိုးကြီးဝူနီက သေဆုံးသွားပြီး

ဖြစ်သည့်တိုင် အသူရာခန်းမ

စော်ကားနိုင်သော

တည်ရှိမှုမဟုတ်သေးပါ။

ဝိညဉ်ဖန်ဆင်းရှင်နှင့် ပတ်သက်၍တော့

အဘိုးကြီးက ထိုအတွေးများကို

စွန့်လွှတ်လိုက်သည်။

ဝိညဉ်ဖန်ဆင်းရှင်က ကောင်းမွန်ပါသည်။

သို့သော် ၎င်းသည် သူလိုချင်သော

မဟုတ်ပေ။ အမှောင်ရိပ်ထဲတွင်

ပုန်းအောင်းနေသူတိုင်းက

ဝိညဉ်ဖန်ဆင်းရှင်ကို လိုချင်နေသည်

မဟုတ်ပါလား...။

တောင်ပိုင်းဟင်းလင်းပြင်ကုန်းမြေ

ချောက်ကမ်းပါးထိပ်တွင်။

ဤအချိန်တွင် မူလစေတီထဲ၌

ကောင်းကင်ဓားစင်မြင့်ပေါ်တွင်

အန်နန်ကျင်း ယန်ယွဲ့၊ ဓားစာလိပ်၊

ဝမ်အရူးမလေးနဲ့ နှင်းပွင့်လေးတို့

ရပ်နေကြသည်။ ဝမ်အရူးမလေးက

နှင်းပွင့်ကို မကြာခဏစိုက်ကြည့်နေရင်း

သူမ၏အရိုးချောင်းကို နမ်းရှုံ့နေသည်။

အန်နန်ကျင်းကို စိုက်ကြည့်နေသောအခါ

နှင်းပွင့်က

သူမ၏လက်သည်းများကိုပေါ့ပေါ့ပါးပါး

ဝှေ့ယမ်းလိုက်သည်။ ဆိုလိုချင်တာ

ထိုအစ်မကြီးကို ရန်မစသင့်ပေ။ သူမက အရမ်းသန်မာတယ်လို့ပြောနေတာပါ။

အရမ်းသန်မာတယ်။

နှင်းပွင့်က အန်နန်ကျင်းကို အတော်လေး လေးစားသည်။ အကြောင်းမှာ အန်နန်ကျင်းက သူမကို အကြိမ်ကြိမ် မျက်နှာသာပေးထားသောကြောင့်ဖြစ်သည်။ ဝမ်အရှူးမလေးက

ခေါင်းညိတ်ပြပြီးနောက်

သိချင်စိတ်များဖြင့် အန်နန်ကျင်းကို

စိုက်ကြည့်နေသည်။

အချိန်အတော်ကြာပြီးနောက်

အန်နန်ကျင်းက ရုတ်တရက်

မျက်လုံးဖွင့်လာသည်။

နှင်းပွင့်လေးက

သူမထံအမြန်ပြေးသွားပြီး

လက်သည်းများကို ဝှေ့ယမ်းလိုက်သည်။

လုံတိုလေးနှစ်ချောင်းက သူ့ရှေ့တွင် ချက်ချင်းပေါ်လာသည်။ ၎င်းက မူလစစ်မြေပြင်တွင် ယန်ယွဲ့ရရှိခဲ့သော နတ်ဘုရားတစ်ပိုင်းအဆင့် ရတနာများဖြစ်သည်။

အန်နန်ကျင်းက နှင်းပွင့်ကို ကြည့်လိုက်ပြီး လုံနှစ်ချောင်းကို ကိုင်ကာ “သိပ်တော့မဆိုးပါဘူး”

နှင်းပွင့်က ချစ်စဖွယ် ပြုံးပြီး

လုံနှစ်ချောင်းကို ညွှန်ပြကာ

အန်နန်ကျင်းအား ညွှန်ပြလေသည်။

သူမက လုံနှစ်ချောင်းစလုံး

အန်နန်ကျင်းအတွက်ဟုပြောနေတာပါ။

အန်နန်ကျင်းက

အနည်းငယ်ပြုံးပြလိုက်သည်။ ထို့နောက်

ညာဖက်လက်ကိုဆန့်ထုတ်ပြီး

နှင်းပွင့်၏ခေါင်းလေးကို

ပွတ်သပ်ပေးလိုက်ပါသည်။

Translated by NyiNyiSoe.

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၇၇၇ -

ထို့နောက် ယန်ယဲ့ကို လှည့်ကြည့်ပြီး
"ငါတို့ တိုက်ခိုက်ရအောင်"
ဟုပြောလိုက်၏။

ဤအချိန်တွင် နှင်းပွင့်လေးက
ကောင်းကင်ဓားစင်မြင့်မှ
ပြန်ထွက်သွားသည်။

ယန်ယဲ့နှင့် အန်နန်ကျင်း တို့သာ
ကျန်နေခဲ့၏။ နှစ်ယောက်စလုံး၏

မျက်လုံးများက စိတ်လှုပ်ရှားမှုများ
အပြည့်ပါ။

ခဏအကြာတွင်တော့ ယန်ယဲ့နှင့်
အန်နန်ကျင်းတို့ဟာ
တိုက်ခိုက်လိုက်ကြသည်။

ဤအတောအတွင်း နှင်းပွင့်လေးက
သူတို့နှစ်ယောက်
တိုက်ခိုက်နေသည့်မြင်ကွင်းအား

စောင့်ကြည့်ကာ
စိတ်လှုပ်ရှားနေပုံရသည်။ သူမ၏
အမြင်အရ ယန်ယွဲ့နှင့် အန်နန်ကျင်းတို့
နှစ်ယောက်စလုံးက
အလွန်အစွမ်းထက်ပါသည်။

ထို့အပြင် သူတို့နှစ်ယောက်အကြားက
တိုက်ပွဲဟာ လုံးဝကို
ပျော်စရာကောင်းပေသည်။
အကြောင်းမှာ အနန္တရာယ်နှင့် ပတ်သက်၍

စိုးရိမ်စရာမလိုလို့ပါ။ ယန်ယွဲ့က
အန်နန်ကျင်းကို ဒုက္ခပေးမည်
မဟုတ်သလို အန်နန်ကျင်းကလည်း
ယန်ယွဲ့အား ထိခိုက်စေမည်မဟုတ်ပါ။

အန်နန်ကျင်းက
ယန်ယွဲ့ကိုစိုက်ကြည့်နေရင်း ခြေဖျားကို
မြေပြင်သို့ ညင်သာစွာ ပုတ်လိုက်သည်။

“ဆူး…”

ကောင်းကင်ခါးစင်မြင့်အထက်၌
အနက်ရောင်အလင်းတန်းတစ်ခု
လင်းလက်သွားသည်။
တစ်ချိန်တည်းမှာပဲ အန်နန်ကျင်း၏
လက်သီးချက်က မျက်နှာတည့်တည့်သို့
တိုးဝင်လာသည်။

အင်မတန်ရိုးရှင်းသော လက်သီးချက်ပါ။

သို့သော် ယန်ယဲ့ဟာ ကြောက်မက်ဖွယ်ရာ

ရန်သူတစ်ယောက်အား

ရင်ဆိုင်တွေ့နေသည့်အလားပင်။

ယန်ယဲ့က သူ့ဓားကို မသုံးဘဲ

လက်သီးဖြင့် ပြန်ထိုးလိုက်သည်။

သူ၏လက်သီးက လေထုကို ထိုးခွဲကာ

ရှေ့ကို တည့်တည့်ပြေးထွက်သွားသည်။

“အုန်း…”

နှစ်ယောက်တိုက်ခိုက်သည်နှင့်

တစ်ပြိုင်နက် ယန်ယဲ့၏အမူအရာက

ပြောင်းလဲသွားပြီး

နောက်ပြန်ဆုတ်လိုက်ရသည်။

ကောင်းကင်ဓားစင်မြင့်အထက်မှ

တွန်းထုတ်ခံရခါနီးတွင် ယန်ယဲ့က

အတင်းအကျပ် ရပ်တန့်လိုက်သည်။

သို့သော် အန်နန်ကျင်းက

သူ့ရှေ့တွင်ပေါ်လာသည်။

လေထဲကနေပင် သူမ၏ခြေထောက်ကို
မြှောက်ပြီး ယန်ယဲ့ကို
ဖြတ်ကန်လိုက်သည်။

ခြေကန်ချက်သယ်ဆောင်လာသည့်
အားက ကမ္ဘာမြေအား ဖြိုခွဲနိုင်ပုံရသည်။
ခမ်းနားကြောက်မက်ဖွယ်ရာကောင်း
သော ဖိအားတစ်ခု ကျဆင်းလာသည်။
ယန်ယဲ့သည် အနည်းငယ်

ထိတ်လန့်သွားသည်။ သူကမပေါ့ဆဝံ့ဘဲ

ဓားကိုဆွဲထုတ်လိုက်သည်။

ဓားအူသံတစ်သံတစ်သံထွက်ပေါ်လာပြီး

တောက် ဓားတစ်ချောင်းက

အန်နန်ကျင်း၏

ခြေထောက်အောက်ခြေကို

ဖြတ်ပိုင်းလိုက်သည်။ အန်နန်ကျင်းက

ညာဘက်ခြေထောက်ကို

ညင်သာစွာလိမ်လိုက်သည်။

“ဘန်း…”

ယန်ယဲ့အောက်ရှိ

ကောင်းကင်ဓားစင်မြင့်သည်

ပြင်းထန်စွာတုန်ခါသွားသည်။

ပြင်းထန်သော

စွမ်းအင်မျှင်ကြိုးတစ်ချောင်းထွက်လာသ

ည်။ ထိုပြင် ဤနေရာသည် ပြင်းထန်စွာ

တုန်ခါနေပြီး

ကွဲထွက်သွားပုံရသည်။ ယန်ယဲ့၏ဓါးက
လည်း ကွေးညွှတ်သွားသည်။

အန်နန်ကျင်း၏ညာခြေက
သယ်ဆောင်လာသော အစွမ်းထက်
ကြောက်မက်ဖွယ် ဖိအားဟာ နတ်ဓားကို
ကျိုးပဲ့စေလုနီးပါးပင်။ ဤအချိန်မှာ
ယန်ယဲ့၏ ခါးပေါ်ရှိ ဘူးသီးနက်က
ပြင်းထန်စွာ တုန်ခါစွားပြီးနောက်
အလင်းတန်းတစ်ခု လင်းလက်လာသည်။

ဤအတောအတွင်း အန်နန်ကျင်းက
ယန်ယွဲ့နှင့် ၁၀မီတာ
အကွာတွင်ပေါ်လာသည်။
ဓားတစ်ချောင်းပိုင်းချလိုက်သည်။

အဆင့်(၂)အကန့်အသတ်ချိုးဖျက်နယ်ပ
ယ်ကို ချက်ချင်း သတ်ပစ်နိုင်သော
တိုက်ခိုက်မှုက လေထုကိုသာ
ခုတ်ပိုင်းလိုက်သည်။

အန်နန်ကျင်းက ဘူးသီးနက်ကို

တစ်ချက်ကြည့်ကာ

“သိပ်တော့မဆိုးပါဘူး”

စကားပြောပြီးနောက်

သူမ၏ညာခြေထောက်ကို ထပ်ပြီး

နင်းလိုက်ပြန်သည်။

“ဆူး...”

ယန်ယဲ့ရှေ့တွင် ချက်ချင်းပေါ်လာပြီး

သူမ၏ခြေထောက်ကိုမြှောက်ကာ

သူ့ရင်ဘက်ကို ကန်ချလိုက်သည်။

ခြေကန်ချက်က တိကျမြန်ဆန်ပါသည်။

အန်နန်ကျင်းက အနည်းငယ်ပင်

တုံ့ဆိုင်းမနေပေ။ ၎င်းက

ယန်ယဲ့ခံစားလိုက်ရတာပါ။ သို့သော်

သူမ၏တိုက်ခိုက်မှုနှင့် လှုပ်ရှားမှုတိုင်းက

အလွန်ရိုးရှင်းသည်။ သို့သော် ၎င်းက

ကြောက်စရာကောင်းသော

တိုက်ခိုက်မှုပုံစံဖြစ်သည်။

ယန်ယဲ့၏မျက်လုံးများက

အနည်းငယ်ကျဥ်းမြောင်းသွားသည်။

ညာခြေကိုနောက်သို့ တစ်လှမ်းဆုတ်ပြီး

ဓားကို ဝှေ့ယမ်းလိုက်သည်။

“ဆူး…”

ဓားအလင်းတန်းတစ်ခုလင်းလက်သွား
ပြီး အာကာသသည်
ချက်ချင်းပွင့်ထွက်သွားသည်။

“အုန်း...”

ပေါက်ကွဲသံထွက်ပေါ်လာပြီးနောက်
နှစ်ယောက်စလုံး လွင့်ထွက်လာကြသည်။

“ဘုန်း...”

ကောင်းကင်ဓားစင်မြင့် တစ်ခုလုံးသည်
ပြင်းထန်စွာ တုန်လှုပ်သွားသည်။
စင်မြင့်ပေါ်တွင် နှစ်ယောက်သား
အကြည့်ချင်းဖလှယ်လိုက်ကြသည်။
ထိုနောက် အန်နန်ကျင်းက လက်ကို
ဆန့်ထုတ်ပြီး ဆုတ်ကိုင်လိုက်သည်။

“ဆူး…”

သူမက ယန်ယွဲ့၏ဓားပျံကို

ဖမ်းဆုပ်လိုက်သည်။ ထိုခဏလေးမှာပဲ

ယန်ယွဲ့က နောက်ထပ်

ဓားပျံတစ်ချောင်းကို

ပစ်ထုတ်လိုက်သည်။

သို့သော် အန်နန်ကျင်းက

ဘယ်ဘက်လက်ကို ဆန့်ထုတ်ပြီး

ဖမ်းဆုပ်ထားပြန်သည်။

"သူမက သန်မာတယ်"

အန်နန်ကျင်း၏လက်ထဲမှ
ဆုပ်ကိုင်ထားသော ဓားပြန်နှစ်ချောင်းက
ပြင်းထန်စွာ တုန်ခါနေသည်။
အန်နန်ကျင်းက လက်နှစ်ဖက်ကို
အနည်းငယ် လှုပ်ပြီး ဓားပျံနှစ်ချောင်းကို
ယန်ယွဲ့ထံပြန်ပစ်ပေါက်လိုက်သည်။

"ဆူး..."

အလင်းတန်းတစ်ခုက ယန်ယဲ့ကို
တန်းတန်းမတ်မတ် ထွက်ခွာသွားသည်။
ယန်ယဲ့၏မျက်လုံးများက အနည်းငယ်
ကျဉ်းမြောင်းသွားသည်။ သူ့ညာလက်ကို
ဆန့်ကာ ဓားပျံကို ချက်ချင်း
ဖမ်းဆုပ်လိုက်သည်။ သို့သော်လည်း
အန်နန်ကျင်းက သူ့ရှေ့တွင် ရုတ်တရက်
ပေါ်လာပြီးနောက် ခေါင်းကိုလက်သီးဖြင့်
ထိုးချလိုက်သည်။

သာမန်ရိုးရှင်းသော လက်သီးချက်။

ယန်ယွဲ့၏ခေါင်းနဲ့ လက်မအနည်းငယ်ခန့်

အကွာမှာပဲ ဓားတစ်ချောင်းက

လက်သီးချက်ကို ရပ်တန့်လိုက်သည်။

အန်နန်ကျင်း၏ခွန်အားက

ကြောက်စရာကောင်းသော်လည်း

ယန်ယွဲ့က

ထင်သလောက်အားမနည်းပေ။

ဓားတစ်လက်။

ခဏမျှ တိတ်ဆိတ်သွားပြီးနောက်

ရုတ်တရက်

မျက်လုံးမှိတ်ထားလိုက်သည်။

ခဏအကြာတွင် ညာလက်ကို

လိမ်လိုက်သည်။

“အုန်း…”

ယန်ယဲ့သည် ကောင်းကင်ဓားစင်မြင့်

အပေါ်မှ လွင့်ထွက်သွားခဲ့သည်။ သို့သော်

တစ်ချိန်တည်းမှာပဲ

အန်နန်ကျင်း၏အထက်မှာပဲ

ဓားတစ်ချောင်းပိုင်းချလာသည်။

ဓားနယ်မြေနှင့် ပေါင်းစပ်ထားသော

ဓားလှိုင်းသုံးဆင့်။

“အုန်း…”

ဓားပိုင်းချလာသည်နှင့် တစ်ပြိုင်နက်
အန်နန်ကျင်းကသူမ၏လက်သီးကို
တစ်ချက် ငုံ့ကြည့်လိုက်သည်။
သူမ၏လက်သီးထိပ်တွင်
သွေးတဆက်ဆက်စီးကျနေသော
ပျက်ရှရာတစ်ခု ရှိနေသည်။

သူမက ယန်ယဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး "ဒီရလာဒ်

ြမဆိုးပါဘူး။

လာ…ငါကိုတိုက်ခိုက်လိုက်စမ်း”

ထိုစကားပြောပြီးသည်နှင့်

သူမ၏လက်ထဲတွင်

လှံတိုတစ်ချောင်းပေါ်လာသည်။

နှင်းပွင့်လေးပေးထားသော။

လှံတိုနှစ်ချောင်းတည်းမှ

တစ်ချောင်းပါ။  အန်နန်ကျင်းက လှံကို

တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်ပြီး

ညာခြေကို
တစ်ချက်ဆောင့်ကာဟာခုန်ထွက်လိုက်သ
ည်။ လှံထိပ်ဖျားက ယန်ယဲ့ရှေ့မှာ
ချက်ချင်းပေါ်လာသည်။
ယန်ယဲ့၏တုံ့ပြန်မှုက မနှေးကွေးပါ။
တစ်ချိန်တည်းမှာပဲ သူ၏ဓားကို
ဆွဲထုတ်ပြီး ပိုင်းချလိုက်သည်။

“အောင်း...ဘုန်း...”

ဓားအသွားအသံနှင့်အတူ

စူးရှကျယ်လောင်သောအသံကြီး

ထွက်ပေါ်လာကာ ပေါက်ကွဲသွားသည်။

စင်မြင့်၏အပြင်ဘက်တွင်

နှစ်ယောက်သား

အကြည့်ချင်းဖလှယ်လိုက်ပြီး

ထပ်မံတိုက်ခိုက်ခြင်းမပြုတော့ပေ။

အကြောင်းမှာ သူတို့သာထပ်ပြီး

တိုက်ခိုက်ပါက သေခြင်းရှင်ခြင်းသာ

တိုက်ခိုက်ရမည်ဖြစ်သည်။
နှစ်ယောက်စလုံးသေသည်အထိ
တိုက်ခိုက်စရာမလိုပေ။

အန်နန်ကျင်းက ယန်ယဲ့ကို
စိုက်ကြည့်လိုက်ပြီး "နင်သန်မာလာပြီ"

ယန်ယဲ့ကပြုံးပြီး "နင်ရောပဲ"

အန်နန်ကျင်းက
အနည်းငယ်ခေါင်းညိတ်လိုက်ပြီးနောက်
နှင်းပွင့်ကို စိုက်ကြည့်လိုက်သည်။

နှင်းပွင့်လေးက ချစ်စဖွယ် ပြုံးကာ
သူမ၏လက်သည်းလေးများကို
ပေါ့ပေါ့ပါးပါး ဝှေ့ယမ်းလိုက်သည်။
သန့်စင်သော ဝိညာဉ်စွမ်းအင်များက
အန်နန်ကျင်းဆီသို့
ချက်ချင်းတိုးဝင်လာသည်။

အန်နန်ကျင်းက ပြုံးပြီး နှင်းပွင့်ဆီသို့
လျှောက်ကာ သူမ၏ခေါင်းလေးကို
ပွတ်သပ်ပေးလိုက်သည်။

ထိုနောက် ယန်ယဲ့ကို ပြန်ကြည့်ကာ
“အပြင်ထွက်ရအောင်”

ယန်ယဲ့က ခေါင်းညိတ်ပြပြီး နှင်းပွင့်ကို
ပွေ့ချီကာ အန်နန်ကျင်းနှင့်အတူ

မူလစေတီထဲမှ ထွက်လာခဲ့သည်။
ဤအချိန်တွင် အဘိုးကြီးဝူနီက
လေးနက်သော အတွေးများဖြင့် စစ်တုရင်
ဘုတ်ပြားကို ကြည့်နေသည်။

အန်နန်ကျင်းက သူ့ဆီသို့လျှောက်လာပြီး
အနည်းငယ် ဦးညွှတ်လိုက်သည်။

အဘိုးကြီးဂူနီက

တိုးတိုးလေးမေးလိုက်သည်။

“မင်းထွက်သွားတော့မှာလား...”

အန်နန်ကျင်းက ခေါင်းညိတ်လိုက်သည်။

အဘိုးကြီးက စစ်တုရင် အပိုင်းအစ

တစ်ခုကို ဆုပ်ကိုင်လိုက်ပြီး

“ငရဲကမ္ဘာကိုသွားတဲ့ မင်းရဲ့ ခရီးစဉ်က

ဘယ်လိုထင်လဲ...”ဟု မေးလိုက်သည်။

အချိန်အတော်ကြာအောင်
တိတ်ဆိတ်သွားပြီးနောက်
အန်နန်ကျင်းက “ရက်စက်ကြမ်းကြုတ်
တယ် ဒါပေမဲ့ သန်မာလာတယ်”

အဘိုးကြီးဝူနီက ပြုံးပြီး “ရက်စက်တယ်။
ကလေးမလေး အဲ့ဒီနေရာက
အရက်စက်ဆုံးနေရာမဟုတ်သေးသလို

ကြောက်စရာအကောင်းဆုံးနေရာလည်း
မဟုတ်ဘူး”

အန်နန်ကျင်းက ဝူနီကို
စိုက်ကြည့်နေသည်။ ဆိုလိုသည်မှာ
ရှေ့ဆက်ပြောရန် စောင့်နေတာပါ။

အဘိုးကြီးဝူနီက
ပြုံးပြီး“ငါမင်းထက်ပိုပြီး သိတယ်လို့
ပြောရမယ်။ ငါက လူတွေကို

ပိုတွေ့ခဲ့သလို အတွေ့အကြုံတွေ

ပိုရခဲ့တယ်။

ရက်စက်ကြမ်းကြုတ်တယ်လို့

မင်းထင်တဲ့အရာက တကယ်

ရက်စက်ကြမ်းကြုတ်တယ် ဒါမှမဟုတ်

အန္တရာယ်များတာမဟုတ်ဘူး

ကျင့်ကြံခြင်းလမ်းကြောင်းဟာ

အဆုံးမရှိပါဘူး”

အန်နန်ကျင်းက

အနည်းငယ်ခေါင်းညိတ်ပြပြီး

“ငါသိပါတယ်”

အဘိုးကြီးဝူနီက ပြုံးပြီး “ဒါက

သိုင်းချီလင်ပါ။ သူက

မင်းရဲ့အကူအညီနဲ့ဆို

အဲဒီလှုပ်ရှားမှုတွေကို

တကယ်သင်ယူနိုင်လိမ့်မယ်”

အန်နန်ကျင်း က အဘိုးကြီးဝူနီကို
အနည်းငယ် ဦးညွတ်ကာ ယန်ယဲ့အား
စိုက်ကြည့်လိုက်သည်။

ယန်ယဲ့က အဘိုးကြီးဝူနီကို
တစ်ချက်ကြည့်လိုက်ပြီး “အကြီးအကဲ
နှုတ်ဆက်ပါတယ်”

အဘိုးကြီးဝူနီက ခေါင်းညိတ်သည်။
“ကောင်းပြီ သွားကြတော့”

ယန်ယဲ့က အန်နန်ကျင်း၏လက်ကို
ဆုပ်ကိုင်လိုက်ပြီး
အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ
ကောင်းကင်အထက်သို့
ပျောက်ကွယ်သွားသည်။

သူတို့ထွက်သွားပြီးသည်နှင့်
အဘိုးကြီးဝူနီရှေ့တွင်
အဘိုးကြီးတစ်ယောက်ပေါ်လာသည်။

၎င်းက

သိုင်းပညာဘိုးဘေးကြီးပင်ဖြစ်သည်။

သိုင်းပညာဘိုးဘေးကြီးက

ကောင်းကင်ကိုမော့ကြည့်ပြီး

“မင်းသူတို့နဲ့လိုက်မသွားဘူးလား...”

အဘိုးကြီးဝူနီက ခေါင်းခါရင်း

ပြန်ပြောသည်။ “တကယ်သန်မာတဲ့

လူတွေက ကာကွယ်စရာမလိုတော့ဘူး”

သိုင်းပညာဘိုးဘေးကြီးက

“ဒီကလေးမလေးမှာ

အလားအလာကောင်းတွေရှိတယ်။

သူမက သိုင်းပညာတာအိုမှာ

သူ့ကိုယ်ပိုင်လမ်းကြောင်းကို

ဖန်တီးနိုင်လိမ့်မယ်လို့ မျှော်လင့်တယ်။

ငါတို့လမ်းကြောင်းကို

လိုက်မလာစေချင်ဘူး။ အမှန်တော့

ငါတို့လမ်းကြောင်းက မှားနေတယ်ဆိုတာ သက်သေပြနေတယ်”

“ဟုတ်တယ်”

အဘိုးကြီးဝူနီက ကောင်းကင်ကို မော့ကြည့်ရင်း “သူမကို ငါအလေးစားဆုံး အရာက ကိုယ်ပိုင်သိုင်းတာအိုကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားတာပဲ။ သူမက

ငါတို့ဆီကနေ သင်ယူရှုံသက်သက်ပဲ

ဒါဟာ အဖိုးတန်ဆုံး အပိုင်း သူမက

ငါတို့နှစ်ယောက်စလုံးထက်

သာလွန်သွားလိမ့်မယ်”

သိုင်းပညာဘိုးဘေးကြီးက

ခေါင်းညိတ်ပြပြီး

တစ်ခုခုကိုတွေးမိသည့်အလား

“ဒီကလေးက ဘယ်လိုလဲ...”

ဟုမေးလိုက်သည်။

အဘိုးကြီးဝူနီက ငြိမ်သွားသည်။

သိုင်းပညာဘိုးဘေးကြီးက ပြုံးပြီး "ဒါကဘာလဲ..."

အဘိုးကြီးဝူနီက ခေါင်းကို အနည်းငယ် ခါယမ်းလိုက်ပြီး "ဒီကလေးသူ့မှာ ဘောတွေရှိတယ်။ သူက ယောက်ျားအစစ်ပါ။ ငါလည်း သူ့ကို

သဘောကျတယ် ဒါပေမဲ့ သူက
ခေါင်းမာလွန်းတယ်၊
ကွေးထားထက်ချိုးချင်တယ်။ ဒါကြောင့်
သူက လမ်းတစ်လျှောက်လုံး မရပ်မနား
ဆက်သွားနေရလိမ့်မယ်။ ဒါမှမဟုတ်
သူက မကြာခင် သေဆုံးသွားနိုင်တယ်”

“ဘယ်သူသိနိုင်မလဲ...”

သိုင်းပညာဘိုးဘေးကြီးကပြုံးပြီး

“မင်းသူ့ကိုသဘောကျတယ်။ ဒါက

တကယ် ရှားတာပဲ”

အဘိုးကြီးဝူနီက ကောင်းကင်ကို

မော့ကြည့်လိုက်သည်။

သူ၏မျက်လုံးထဲတွင်

ဆိုးရွားသောအလင်းတန်းများ

တဖြည်းဖြည်းပေါ်လာသည်။

သူက "လွန်ခဲ့တဲ့နှစ်တွေမှာ ငါမင်းကို မကျော်ဖြတ်နိုင်ခဲ့ဘူး။ ကောင်းပြီ ငါ့တပည့်ကသေချာပေါက်လုပ်မှာ မင်းမသေမချင်း ငါငြိမ်ငြိမ်မနေနိုင်ဘူး"

ထိုစကားပြောပြီးသည်နှင့် တစ်ပြိုင်နက် နှစ်ယောက်စလုံး၏ပုံရိပ်များက တစ်စတစ်စ ပြောင်းလဲလာသည်။ သိပ်မကြာလိုက်ခင်မှာဘဲ ချောက်ကမ်းပါးအပေါ်တွင် စစ်တုရင်

ဘုတ်ပြားတစ်ခုသာ

ကျန်ရှိနေခဲ့တော့သည်။

သိုင်းနတ်ဘုရားမြို့တော်။

တိမ်ပင်လယ်ခန်းမ။

ထိုနေရာသို့ရောက်သည်နှင့်

အမျိုးသမီးအားလန်က ဝါးအိမ်လေးထဲမှ

ထွက်လာသည်။

အားလန်က ယန်ယဲ့ကို
မော့ကြည့်လိုက်သည်။ ထို့နောက်
သူမ၏အကြည့်များက
အန်နန်ကျင်းအပေါ်သို့
ကျရောက်သွားသည်။

အန်နန်ကျင်းကို ခဏကြာ စိုက်ကြည့်ပြီး
ခေါင်းညိတ်ကာ "သိုင်းနတ်ဘုရား
ခန္ဓာကိုယ် အံ့သြစရာပဲ"

အန်နန်ကျင်းက အားလန်ကို
တစ်ချက်ကြည့်လိုက်ပြီး“ဒါက
ရိုးရိုးရှင်းရှင်းပဲ”

အားလန်ကပြုံးပြီး
ယန်ယွဲ့ကိုစိုက်ကြည့်သည်။ ထိုနောက်
အနည်းငယ်ပြုံးပြကာ “ဆရာကြီးယန်၊
ငါနင့်ကို ထပ်ပြီး ဒုက္ခပေးရလိမ့်မယ်”

ယန်ယွဲ့ကပြုံးပြီး “ဒါပေါ့”

အားလန်က ပြုံးပြီး ဘေးမှာ
ဝင်ထိုင်လိုက်သည်။

ယန်ယဲ့က သူ့ရှေ့တွင် ထိုင်ချလိုက်သည်။
ထို့နောက် သူ့လက်ကို ဆန့်ပြီး
အားလန်၏လက်ဝါးပေါ်တင်ကာ
မူလခရမ်းရောင်စွမ်းအင်များ
ပို့လွှတ်လိုက်သည်။ ခဏအကြာတွင်
အားလန်၏ဖြူဖျော့သော

မျက်နှာလှလှလေးက
နှင်းဆီရောင်ပြောင်းလာသည်။

“မူလခရမ်းရောင်စွမ်းအင်”

အားလန်က တိုးတိုးလေးပြောသည်
“ငါသွားခဲ့တဲ့ခရီးစဉ်က အရမ်းတန်တယ်။
ငါ့ဒဏ်ရာကို ကုသဖို့ ကြီးမားတဲ့ သဘာဝ
စွမ်းအင်တစ်ခုကို ရလိုက်တယ်”

ယန်ယဲ့က အားလန်ကို တစ်ချက်ကြည့်ပြီး
တိတ်ဆိတ်နေသည်။
အချိန်အတော်ကြာပြီးနောက် ယန်ယဲ့က
သူ့လက်ကို ပြန်ရုတ်လိုက်သည်။

သို့သော် အားလန်က ရုတ်တရက်
သူ့လက်ကို ဆုပ်ကိုင်ထားလိုက်ပြီး
အနည်းငယ်ပြုံးကာ "ဆရာကြီးယန်၊
နင်အဲ့ဒါကို ရောင်းချင်သလား..."

“ရောင်းရမှာလား…”

ယန်ယဲ့က ခေါင်းခါလိုက်ပြီး “မဟုတ်ဘူး”

အားလန်ကပြုံးပြီး “ငါဒါကို
အရမ်းကြိုက်တယ်။ နင်ငါ့ကို
ရောင်းချင်တယ်ဆိုရင် နတ်ဘုရားရတနာ
ဒါမှမဟုတ် အခြားအရာတွေကို တောင်းဖို့
အားမနာပါနဲ့”

ယန်ယဲ့က ခေါင်းခါပြီး

“ရောင်းဖို့မဟုတ်ဘူး”

အားလန်၏ မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားသည်။

တစ်ချိန်တည်းမှာပဲ ဤနေရာရှိ

လေထုသည် တင်းမာလာသည်။

translated by NyiNyiSoe.

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၇၇၈ -

အန်နန်ကျင်းက အားလန်ကို

စိုက်ကြည့်လိုက်ပြီး

သူမ၏လက်သီးများကို ဖြည်းညင်းစွာ

ဆုပ်ထားသည်။

ယန်ယဲ့ကပြုံးပြီး “မိန်းကလေးအားလန်၊

မင်းအဲ့ဒါကို အတင်းအကျပ်ယူဖို့

မကြံစည်ဖူးလား…”

အားလန်က သူမ၏လက်ကို ဆွဲဖယ်ကာ

လက်ဖဝါးကို ငုံ့ကြည့်ပြီး

တိုးတိုးလေးပြောလိုက်သည်။

“အမှန်တိုင်းပြောရရင် ငါ့မှာ

အဲ့ဒီလိုအတွေးတစ်ခုရှိတယ်။

နင်သတိမထားမိပေမဲ့ ငါရဲ့ ဒီရောဂါကို

မူလခရမ်းရောင်စွမ်းအင်နဲ့တောင်

ကုသဖို့မဖြစ်နိုင်ပါဘူး။

မူလခရမ်းရောင်စွမ်းအင်က ရောဂါး

ပြန့်ပွားကို နှောင့်နှေးစေရုံပဲ

တတ်နိုင်တာ”

သူမက ယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး “ဒါပေမဲ့ ငါ့မှာ

မူလခရမ်းရောင်စွမ်းအင်ရှိမယ်ဆိုရင်

အချိန်အများကြီးရှိမယ်လေ။ အခြား နည်းလမ်းတွေကိုရှာဖို့ အချိန်ရလိမ့်မယ်”

ယန်ယဲ့က ပြုံးပြီး “ဒါဆို မင်းအင်အားသုံးဖို့ စိတ်ကူးရှိသလား…”

သူမက ယန်ယဲ့ကို အချိန်အကြာကြီး စိုက်ကြည့်ကာ ပြုံးပြီး “ဆရာကြီးယန်၊ ငါတို့က မိတ်ဆွေတွေလား…”

ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။

“မိတ်ဆွေတွေလား…”

သူတို့နှစ်ယောက်ကို မိတ်ဆွေအဖြစ်

သတ်မှတ်လို့မရပေ။

အားလန်ကရယ်မောလိုက်ပြီး

ရုတ်တရက် ချောင်းဆိုးလိုက်သည်။

အချိန်တော်တော်ကြာမှသာ

ချောင်းဆိုးနေတာ ရပ်သွားသည်။

သူမကပြုံးပြီး “ဆရာကြီးယန်၊ နင့်ရဲ့အကျင့်စရိုက်ကို ငါတကယ်လေးစားမိတယ်”

စကားပြောနေရင်း ဖြည်းညင်းစွာ ထရပ်လိုက်ပြီး ကောင်းကင်ကိုမော့ကြည့်ကာ “ဆရာကြီးယန်၊ နင်ထွက်မသွားခင် ငါသတိပေးချင်လေးတစ်ခုရှိတယ်။ နင်ကြားချင်လားလို့ ငါမေးချင်တယ်”

ယန်ယဲ့က

ခေါင်းညိတ်လိုက်သည်။“ဆက်ပြောပါ”

ယန်ယဲ့၏ပခုံးပေါ်ရှိ နှင်းပွင့်ကို

ရုတ်တရက် စိုက်ကြည့်လိုက်သည်။

နှင်းပွင့်က တစ်ခုခုကို

အာရုံခံမိသည့်အလား အားလန်ကို

စိုက်ကြည့်နေသည်။

အားလန်က နှင်းပွင့်ကို

အချိန်အကြာကြီးစိုက်ကြည့်ကာ

“ဝိညာဉ်ဖန်ဆင်းရှင်”

“ဆရာကြီးယန်၊ သူ နင်နဲ့ အတူရှိနေရင်

နင်တို့နှစ်ယောက်စလုံး

ပျော်ရွှင်ရမှာမဟုတ်ဘူးလို့

ငါပွင့်ပွင့်လင်းလင်းပြောနိုင်ပါတယ်။

သူမကို ဝိညာဉ်ဖန်ဆင်းရှင်လို့

မသတ်မှတ်သေးနိုင်ပေမဲ့ တစ်ချိန်မှာ

သေချာပေါက်ဖြစ်လာမှာပါ။ ဒါကြောင့်
အင်အားစုတွေအများကြီးပဲ၊
အရမ်းရှေးကျတဲ့
အင်အားစုတွေကတောင် သူမကို
လက်လွှတ်မှာမဟုတ်လောက်ဘူး”

စကားပြောနေရင်း
မြောက်ဘက်အရပ်ဆီသို့ မျှော်ကြည့်ကာ
ဆက်ပြောသည် “ထာဝရမြစ်နဲ့
ထာဝရနိုင်ငံတော်လည်း ရှိနေသေးတယ်။

ထာဝရနိုင်ငံတော်ရဲ့ မရေမတွက်နိုင်တဲ့
အင်အားစုတွေက ဝိညာဉ်ဖန်ဆင်းရှင်
အသစ်မွေးဖွားလာမဲ့အချိန်ကို
စောင့်မျှော်နေကြတာ နင်သိလား…”

ယန်ယဲ့က မျက်မှောင်ကြုတ်ပြီး
အနည်းငယ် အံ့သြသွားကာ “သူတို့က
ဝိညာဉ်ဖန်ဆင်းရှင်အသစ်မွေးဖွားဖို့
စောင့်ဆိုင်းနေကြတာလား…”

အားလန်က ခေါင်းညိတ်လိုက်သည်။

“ဝိညဉ်ဖန်ဆင်းရှင်ကြောင့်သာမဟုတ်ရင်

အဲ့ဒီစစ်ပွဲအတွင်းမှာ

ထာဝရနိုင်ငံတော်ပျက်စီးသွားလိမ့်မယ်။

ဒါပေမဲ့ အဲ့ဒီစစ်ပွဲထဲမှာ

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်က

လုံးလုံးပျက်စီးသွားတာမဟုတ်ဘူး။

ဒီတော့ ထာဝရနိုင်ငံတော်ကို

သူတို့ပြန်လာမှာကြောက်တယ်။

ဒါကြောင့်  သူတို့က ဝိညာဉ်ဖန်ဆင်းရှင်

လိုအပ်တယ်။ သူတို့ဘက်မှာ

ဝိညာဉ်ဖန်ဆင်းရှင် ရှိနေရင် အနိုင်ရဖို့

အခွင့်အရေးအများကြီးပိုရလိမ့်မယ်”

ဤအချိန်တွင် သူမက ယန်ယဲ့ကို

စူးစိုက်ကြည့်ကာ

“ဟင်းလင်းပြင်ပျက်သုဉ်းခြင်း မျိုးနွယ်နဲ့

ပတ်သက်ရင်ရော…၊ နင့်မှာ

ဝိညာဉ်ဖန်ဆင်းရှင်ရှိနေတယ်လို့

သူတို့သိရင် ဘာလုပ်မယ်ထင်လဲ...။

သိမ်းယူမလား ဒါမှမဟုတ်

သတ်ပစ်မလား...။

သူတို့မရနိုင်တဲ့အရာကို

သတ်ပစ်လိမ့်မယ်။

အခြားအင်အားစုတွေက

ဝိညာဉ်ဖန်ဆင်းရှင်ကို

သတ်ရဲမှာမဟုတ်ပေမဲ့

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်က
လုပ်ရဲ့တယ်”

“ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်”

အန်နန်ကျင်းက ရုတ်တရက်
ဝင်ပြောလိုက်သည် “သူတို့က
အရမ်းသန်မာတယ်လား…”

အားလန်က အန်နန်ကျင်းကို
တစ်ချက်ကြည့်လိုက်သည် “အရမ်းပဲ”

အန်နန်ကျင်းက ခေါင်းကို အနည်းငယ်ကို
ခါယမ်းလိုက်သည်။

ထိုနောက် နှင်းပွင့်ကို စိုက်ကြည့်ပြီး
“မကြောက်ပါနဲ့။ သူနဲ့ငါ နင့်ကို
ကာကွယ်ပေးလိမ့်မယ်”

နှင်းပွင့်က ချစ်စဖွယ် ပြုံးလိုက်ပြီး
အန်နန်ကျင်း၏ ပခုံးပေါ်ကို
ပျံတက်သွားသည်။ ထိုနောက်သူမ၏
ခေါင်းလေးနှင့် အန်နန်ကျင်း၏
မျက်နှာကို ပွတ်သပ်လိုက်သည်။

နှင်းပွင့်က သဘာဝအတိုင်း
မကြောက်ပေ။ အကြောင်းမှာ
သူမ၏လက်ထဲတွင် နက်ရတနာများ၊
လက်အောက်ခံ နတ်ဆိုးများအပြင်

ယန်ယဲ့နှင့် အန်နန်ကျင်းတို့

နှစ်ယောက်စလုံးရှိနေလို့ပါ။

အရေးအကြီးဆုံးကတော့ တျန်းရှူပါ။

တျန်းရှူက သူမကို ကာကွယ်ပေးမည်ဟု

ကတိပေးထားသောကြောင့်ပင်။

တိုတိုပြောရလျှင် နှင်းပွင့်လေးက

အန္တရာယ်အစား လုံးဝ လုံခြုံသည်ဟုသာ

ခံစားမိပုံရသည်။

ဤအချိန်တွင် အားလန်က

အန်နန်ကျင်းဆီသို့လျှောက်သွားပြီး

တစ်ချက်စိုက်ကြည့်ကာ

“မိန်းကလေးအန်၊ ဘာလို့

ဒီအရာတွေထဲမှာ ကိုယ့်ကိုယ်ကို

ရောထွေးနေတာလဲ။ နင့်မှာရှိတဲ့

အရာတွေနဲ့နင့်ရဲ့အနာဂတ်က လုံးဝကို

ကြီးမားတယ်”

အန်နန်ကျင်းက အားလန်ကို ပြန်ကြည့်ပြီး
“ငါဒါကို ကြိုက်နှစ်သက်လို့ပဲ”

အားလန်က အန်နန်ကျင်းကို
အချိန်အတော်ကြာစိုက်ကြည့်ရင်း
ခေါင်းယမ်းလိုက်ပါသည်။

ထိုနောက် အနည်းငယ် ပြုံးကာ
“ကောင်းပါပြီ၊ နင့်ဆန္ဒအတိုင်းလုပ်ပါ”

သူမက ယန်ယဲ့ကိုစိုက်ကြည့်ရင်း
“ဆရာကြီးယန် ယ၊ နောင်မှာငါတို့
ပြန်ဆုံကြတာပေါ့ ။ကံကောင်းပါစေ”

ယန်ယဲ့က ဘာမှပြန်မပြောဘဲ
နှင်းပွင့်ကိုပွေ့ချီလျက်
အန်နန်ကျင်းနှင့်အတူ
ပြန်ထွက်သွားသည်။

သူတို့ထွက်သွားသည်နှင့်အားလန်က ရုတ်တရက် “မွေးရာပါ သိုင်းနတ်ဘုရားကိုယ်” ဟူ၍ တိုးတိုးလေးပြောလိုက်ပါသည်။

ဤအချိန်မှာ လက်ဝဲဓားက ချီတုံချတုံဖြစ်နေပုံရသည် “သခင်မလေး…”

အားလန်က “ဒါကဘာလဲ”

“ဆရာကြီးယန်နဲ့ မိန်းကလေး

အန်နန်ကျင်းက တကယ်ကို

သန်မာတာလား…”ဟု မပြောခင်

အချိန်အတော်ကြာသည်အထိ

တုံ့ဆိုင်းနေခဲ့သည်။

အားလန်က ခေါင်းညိတ်လိုက်ပြီး

“အရမ်းသန်မာတယ်။ ငါမမှားရင်

ဆရာကြီးယန်က သူ့ရဲ့ ကျင့်ကြံမှုကို

တမင်သက်သက်ဖိနှိပ်နေတာ
အချိန်ကြာကြာလုပ်လေ
နောက်ဆုံးပေါက်ကွဲလာတဲ့အခါ
ပိုပြီးကြောက်စရာကောင်းလေပဲ။
အနာဂတ်ကိုပြောမနေနဲ့ အခုတောင်မှ
သာမန်အဆင့်၃
အကန့်အသတ်ချိုးဖျက်နယ်ပယ်သခင်
တွေက သူ့ကို
ဘာမှမလုပ်နိုင်လောက်ဘူး။

မိန်းကလေးအန်နန်ကျင်းနဲ့ပတ်သက်ရင်

တော့...”

အားလန်၏မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားသည်

“သိုင်းနတ်ဘုရားခန္ဓာကိုယ် သူ့ရဲ့

မွေးရာပါ ခန္ဓာကိုယ်က ငါနဲ့တူတယ်။

နတ်ဘုရားခန္ဓာကိုယ် ၁၀ခုထဲက တစ်ခုပဲ

ဒါကို နင်ဘယ်လိုထင်လဲ...”

လက်ဝဲအားက

သူမပြောချင်သည့်စကားကို ပိုပြီး

ချီတုံချတုံဖြစ်နေပုံရသည်။

အားလန်က အနည်းငယ်

မျက်မှောင်ကြုတ်ကာ “ဘာဖြစ်လို့လဲ...”

လက်ဝဲအားက ခေါင်းကို

အနည်းငယ်ငုံ့ကာ ပြောလိုက်သည်

“သခင်မလေး၊ လက်ယာအားက

မူလခရမ်းရောင်စွမ်းအင်အကြောင်းကို
သခင်ငယ်လေးကို သတိပေးခဲ့တယ်။
မူလခရမ်းရောင်စွမ်းအင်ကို
ရအောင်ယူနိုင်ရင် သခင်မလေးရဲ့
အခြေအနေကို
ဆွဲဆန့်ထားလို့ရတယ်ဆိုပြီး
ပြောပြလိုက်တာ"

“သူမက ဘယ်လိုတောင်လုပ်ရဲတာလဲ…”

အားလန်က ရုတ်တရက်
ဒေါသတကြီးအော်ငေါက်လိုက်သည်။
လက်ဝဲစား၏မျက်နှာက
ဖြူဖျော့သွားကာ ချက်ချင်းပင်
ဒူးထောက်ချလိုက်သည်။

အားလန်က လက်ဝဲစားကို ငုံ့ကြည့်ကာ
ကောင်းကင်ကို မျှော်ကြည့်ပြီး
“ငါတို့အဲ့ဒီနေရာကိုအချိန်မီရောက်ဖို့မျှော်
လင့်တယ်”

“အကြီးအကဲကောင်းကင်နဲ့ အကြီးအကဲကမ္ဘာ၊ ငါနဲ့အတူလိုက်လာကြ”

စကားပြောပြီးနောက် နေရာမှာပင်ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့နှင့် အန်နန်ကျင်းတို့သည် သိုင်းနတ်ဘုရားမြို့တော်မှ ထွက်လာသော်လည်း ရုတ်တရက်ရပ်တန့်သွားကြသည်။

သူတို့ရှေ့မလှမ်းမကမ်း၌
လူငယ်တစ်ယောက်ရပ်နေလို့ပါ။
ထိုပြင် လူငယ်၏နံဘေးမှာ
အမျိုးသမီးတစ်ဦးနှင့်
လူထွားကြီးတစ်ဦးလည်း ရှိနေသည်။

ယန်ယဲ့က အမျိုးသမီးနှင့် လူထွားကြီးကို
မှတ်မိနေ၏။ အမျိုးသမီးက
လက်ယာဓား၊ လူထွားကြီးက

အဆင့်(၃)ချိုးဖျက်ခြင်းသခင် အားဒေါင်ဖြစ်သည်။

ယန်ယဲ့က လူငယ်ကို စိုက်ကြည့်နေသည်။

သို့သော် လူငယ်က လျစ်လျူရှုကာ "မင်းမှာရှိတဲ့ မူလခရမ်းရောင်စွမ်းအင်ကို ငါလိုချင်တယ်။ ကျေးဇူးပြုပြီး ငါ့ကို လွှဲပေးပါ"

ယန်ယဲ့က “ဒါက

အားလန်လုပ်ခိုင်းတာလား...”

ထိုလူငယ်က ယန်ယဲ့ကိုကြည့်ကာ

“မင်းမှာ အချိန်သိပ်မရှိဘူး။

အသက်ရှူသုံးရှိုက်စာလောက်ပဲ။

အသက်ရှူသုံးရှိုက်စာလောက်မှ

လွှဲမပေးရင် မင်းအသက်ကို

ချန်ထားခဲ့နိုင်တယ်”

ယန်ယဲ့က စကားမပြောဘဲ

နေရာမှာတင်ဖျတ်ခနဲပျောက်သွားပြီး

လူငယ်၏အထက်တွင်ပေါ်လာသည်။ တ

စ်ချိန်တည်းမှာပဲ သူ့အထက်ကနေ

ဓားစွမ်းအင်တစ်စင်း

ဆင်းသက်လာသည်။

ဓားလှိုင်းသုံးဆင့်တိုက်ခိုက်မှုပင်။

လူငယ်၏အမူအရာက သိသိသာသာ ပြောင်းလဲသွားသည်။ သို့သော်လည်း သူ၏တုံ့ပြန်မှုက လုံးဝလျင်မြန်ပါသည်။ ယန်ယဲ့၏ဓားဆင်းသက်လာသည့်အချိန်တွင် လက်နှစ်ဖက်ကို ဆန့်ကာ တံဆိပ်တစ်ခု ဖန်တီးလိုက်သည်။ ထိုနောက်တွင် တံဆိပ်မှ ပြင်းထန်သော အဝါရောင်အလင်းတန်းတစ်ခုထွက်ပေါ်လာသည်။

“အုန်း...”

ကျယ်လောင်သောပေါက်ကွဲသံ
ထွက်ပေါ်လာသည်။

အဝါရောင်အလင်းတန်းက
ချက်ချင်းပေါက်ကွဲသွားပြီးနောက်
လူငယ်ဟာ ၁ကီလိုမီတာအကွာအထိ
လွင့်ထွက်သွားသည်။ သူ့ကိုယ်သူ
ရပ်တန့်လိုက်သည်နှင့် လူငယ်၏

မျက်လုံးများက

အလိုလိုကျဉ်းမြောင်းသွားကာ

ဘေးဘက်သို့ ခုန်ထွက်လိုက်သည်။

“ဆူး...”

အဝေးသို့ခုန်ထွက်သွားသည့်တိုင် သူ၏

ညာဘက်လက်က လေထဲသို့

ပျံတက်သွားသည်။ လက်ယာခြား၏

မျက်နှာက ဖြူဖျော့သွားသည်။

လူထွားကြီးက တိုက်ခိုက်ရန်
ပြင်လိုက်စဉ် လှံတစ်ချောင်းက လေထုကို
ဆုတ်ဖြဲလာသည်။

သူ့မျက်လုံးထဲမှ
ရက်စက်သောအလင်းတန်းတစ်ခု
တောက်ပလာပြီး ညာလက်ကို ရှေ့သို့
ဆန့်လိုက်သည်။ သူ့လက်ထဲတွင်
သံမဏိကြိုးရှည်တစ်ချောင်းပေါ်လာပြီး
လှံကို ရိုက်ချလိုက်သည်။

“ဘုန်း…”

လူထွားကြီးက ပြင်းပြင်းထန်ထန်

တုန်လှုပ်သွားသည်။ အန်နန်ကျင်းက

လူထွားကြီးရှေ့တွင်

ရုတ်တရက်ပေါ်လာပြီးနောက် သူမ၏

ခြေထောက်ကို

လွှဲကန်လိုက်သည်။ လူထွားကြီးက

မရှောင်တိမ်းဘဲ သူ့လက်ဖဝါးကို ပုတ်လိုက်သည်။

“အုန်း…”

ပေါက်ကွဲသံထွက်ပေါ်လာပြီးနောက် လူထွားကြီးက မီတာ ၃၀၀ ကျော်အကွာသို့ လွင့်ထွက်သွားသည်။ တစ်ချိန်တည်းမှာပဲ လှံတစ်ချောင်းက သူ့ရှေ့သို့ ချက်ချင်းကျလာသည်။

လူထွားကြီးက ဒေါသတကြီး

အော်ကာလက်သီးကို ရှေ့သို့

လှမ်းထိုးလိုက်သည်။

“အုန်း...”

နောက်တစ်ကြိမ် လွင့်ထွက်သွားသည်။

သို့သော် အန်နန်ကျင်းက မရပ်တန့်ဘဲ

သူ့ရှေ့တွင်ပေါ်လာပြန်သည်။

ဤအတောအတွင်း ယန်ယဲ့က

လူငယ်၏လက်ကို ဖြတ်လိုက်သည့်တိုင် မရပ်တန့်ခဲ့ပေ။ သူက

လူငယ်လေးထံခုန်ဝင်သွားသည်။

လူငယ်က ထိတ်လန့်သွားပြီး

အစိမ်းရောင်ဒိုင်းကာတစ်ခုကို

အမြန်ထုတ်ယူလိုက်သည်။ သို့သော်လ

ည်း

ယန်ယွဲ့၏ဓားပိုင်းချက်ကျဆင်းလာသည်

နှင့် ကွဲအက်သွားသည်။

ထိုနောက် ဓားတစ်ချောင်းက
သူ၏နဖူးကို ဖိကပ်ထားလိုက်သည်။

ယန်ယဲ့က ဓားကို လူငယ်၏နဖူးထဲသို့
ဆက်ပြီး ထိုးသွင်းခါနီးတွင် "အစ်ကိုယန်၊
ကျေးဇူးပြုပြီး ဂရုဏာပြပါ"
ဟူသော အသံထွက်ပေါ်လာသည်။

ယန်ယဲ့၏ဓားက ရပ်တန့်သွားသည်။
ထို့နောက် တစ်ဖက်ကို

လှည့်ကြည့်လိုက်ရာ မိန်းမလှတစ်ဦး

ဖြည်းညင်းစွာ လျှောက်လာသည်ကို

တွေ့လိုက်ရသည်။

အားလန်။

သူမ၏နောက်တွင်

အဘိုးကြီးတစ်ယောက်နှင့်

အဘွားကြီးတစ်ယောက်ရှိနေသည်။

အားလန်က ယန်ယဲ့ရှိရာကို

လျင်မြန်စွာလျှောက်သွားကာ  လူငယ်ကို

တစ်ချက်ကြည့်လိုက်ပြီးနောက်  ယန်ယဲ့

အား လက်သီးဆုပ်ကာ “အစ်ကိုယန်၊

ဒီကိစ္စအတွက် ငါတောင်းပန်ပါတယ်”

ယန်ယဲ့က အားလန်ကို လျစ်လျူရှုပြီး

ဘေးကို

ကြည့်လိုက်သည်။  လူထွားကြီးက

အန်နန်ကျင်းနှင့်

တိုက်ခိုက်နေဆဲဖြစ်သော်လည်း

လက်ရှိမှာ လုံးလုံး ဖိနှိပ်ခံနေရသည်။

တစ်ချင်တောင်ပြန်ပြီး

တိုက်ခိုက်နိုင်စွမ်းမရှိပေ။ သူက

မကြာခင်ရှုံးနိမ့်တော့မည်ဖြစ်သည်။

ယန်ယဲ့က သူ့အကြည့်ကို ဆုတ်လိုက်ပြီး

အားလန်ကို စိုက်ကြည့်ကာ

“မိန်းကလေးအားလန်၊

ငါရှင်းပြချက်လိုတယ်”

အားလန်က ခါးသက်သက်ရယ်မောရင်း

“တောင်းပန်ပါတယ်။ သူတို့ငါ့ကြောင့်

ဒီကိုရောက်လာတာ။ ဒါကြောင့်

တောင်ပန်ခွင့်ပြုပါ။ နင် ငါ့ကို

မျက်နှာသာပေးပြီး

သူတို့ကိုလွှတ်ပေးမယ်လို့

မျှော်လင့်ပါတယ်”

ယန်ယဲ့က သူမကို

အချိန်အကြာကြီးစိုက်ကြည့်ကာ

ဓားကိုဖယ်ရန်ပြင်လိုက်သည်။

သို့သော်လည်း လူငယ်က

ဒေါသတကြီးအော်ငေါက်လိုက်သည်

“အားလန် သူက ဘယ်သူမို့လိုလဲ...မင်းကို

ဒီလိုပြောနိုင်ရအောင် သူ့မှာ

ဘာအာဏာရှိလို့လဲ”

သူက ယန်ယဲ့ကိုစိုက်ကြည့်ပြီး

"ငါပြောနေတာက

မူလခရမ်းရောင်စွမ်းအင်ကို တောင်းဆို

နေတာ။ လက်လွှဲဖို့ငြင်းဆန်ရင် မင်းနဲ့

မင်းအနားမှာရှိတဲ့လူတိုင်း

တစ်ယောက်မကျန် သေရလိမ့်မယ်။

မင်း..."

"ဆူး..."

လူငယ်၏အသံက ရုတ်တရက်

ရပ်တန့်သွားသည်။ ဓားတစ်ချောင်းက

သူ၏နဖူးကို ထိုးဖောက်သွားသည်။

အားလန်၏ မျက်လုံးများက

အနည်းငယ်ကျဉ်းမြောင်းသွားသည်။ ဤ

နေရာရှိလေထုသည် ချက်ချင်းပင်

တင်းမာလာသည်။

ယန်ယဲ့က ဂရုမစိုက်ဘဲ အားလန်ကို

စိုက်ကြည့်ရင်း "တောင်းပန်ပါတယ်

မိန်းကလေးအားလန် ။ ဒီနေ့မင်းကို

မျက်နှာသာမပေးနိုင်ဘူး။

အဲ့ဒါနဲ့ပတ်သက်ပြီး ပြဿနာရှိလား…။

တကယ်တော့ ရှိလည်း ငါဂရုမစိုက်ဘူး”

Translated by NyiNyiSoe.

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၇၇၉ -

အားလန်က ယန်ယဲ့ကို
တိတ်ဆိတ်စွာကြည့်နေချိန်တွင် သူမ၏
နောက်ကွယ်ရှိ အဘိုးကြီးနှင့်
အဘွားကြီးနှစ်ဦးစလုံး၏
နတ်ဘုရား စိတ်အာရုံအသိများက ပတ်
ဝန်းကျင်ကို ပိတ်လှောင်ထားသည်။

ဤနေရာ၏ လေထုသည်
အလွန်တင်းမာနေခဲ့သည်။

ယန်ယဲ့ကတော့ သုံးယောက်စလုံးကို လျစ်လျူရှုပြီး အန်နန်ကျင်းကိုစိုက်ကြည့်နေသည်။

“အုန်း…”

ကျယ်လောင်သောပေါက်ကွဲသံတစ်ချက် ထွက်ပေါ်လာပြီး လူထွားကြီးက လွင့်ထွက်သွားသည်။ အန်နန်ကျင်းက

နောက်ထပ်တိုက်ခိုက်ချင်သော်လည်း

ယန်ယွဲ့က တားလိုက်သည်။

“ထားလိုက်ပါ ငါတို့သွားကြရအောင်”

အန်နန်ကျင်းက ရပ်တန့်လိုက်ပြီး

ယန်ယွဲ့ဆီသို့ လျှောက်လာရင်း

ခပ်လှမ်းလှမ်းရှိ အားလန်ကို

ကြည့်လိုက်သည်။ သို့သော်လည်း

သူမ၏အကြည့်များက

အားလန်နောက်ကွယ်ရှိ အဘိုးကြီးနှင့်
အဘွားကြီးစုံတွဲပေါ်သို့
ကျဆင်းလာသည်။ အကြောင်းမှာ
ထိုနှစ်ယောက်၏စိတ်အာရုံအသိများက
ယန်ယဲ့အပေါ်
ပိတ်လှောင်ထားသောကြောင့်ဖြစ်သည်။

အန်နန်ကျင်းက သူမ၏လက်သီးများကို
ဆုပ်လိုက်ပြီး "တိုက်ခိုက်ချင်တာလား..."

ယန်ယဲ့က အံ့အားသင့်သွားပြီး

ဘာပြောရမှန်းမသိတော့ပေ။

အဘိုးကြီးက အန်နန်ကျင်းကို

တစ်ချက်ကြည့်လိုက်ပြီး

“ဘယ်အချိန်မဆို”

အန်နန်ကျင်းက အားလန်ကို

စိုက်ကြည့်နေသည်။

သူမကပြုံးပြီး “ဒါဆို နင်တို့နှစ်ယောက်စလုံး ပညာချင်း ဖလှယ်လိုက်ကြ။ ဟုတ်တယ် အဲ့ဒါက ယှဉ်ပြိုင်ရုံပဲ။ ဒါပေမဲ့ အလေးအနက်ထားပြီး တိုက်ခိုက်ပေးပါ။ မဟုတ်ရင် နည်းနည်းတော့ အဓိပ္ပါယ်မဲ့သွားမှာ မဟုတ်ဘူးလား…”

စကားပြောနေရင်း အားလန် က ယန်ယဲ့ကို စိုက်ကြည့်နေသည်။

ယန်ယဲ့ကလည်း သူမ၏ ဆိုလိုရင်းကို နားလည်လိုက်သည်။ သူက အန်နန်ကျင်းကို စိုက်ကြည့်ရင်း "လေးလေးနက်နက်ထားပြီး တိုက်ခိုက်ပါ"

အန်နန်ကျင်းက "ဒါဆို ငါသူ့ကို သတ်လိုက်မယ်"

ထိုစကားပြောပြီးသည်နှင့်
လျှောက်သွားသည်။ ယန်ယွဲ့၏
မျက်နှာက မည်းမှောင်သွားသည်။
"ဒီမိန်းမက တော်တော်အသုံးကျယ်တာပဲ။
ဒီလိုလုပ်ချင်ရင်တောင် ကိုယ့်စိတ်ထဲမှာပဲ
သိမ်းထားလို့မရဘူးလား။ တော်တော်ကို
တိုက်ရိုက်ဆန်လွန်းတယ်"

အားလန်က တခစ်ခစ်ရယ်ရင်း
“အစ်ကိုယန်၊ ငါ့ရဲ့ ဒီအကြီးအကဲက

အဆင့်၃ အထွတ်အထိပ်မှာ ရှိတယ်။
အဆင့်တူနယ်ပယ်မှာ
အခြားသူတွေအပေါ် ရှုံးနိမ့်ခဲ့တယ်”

ယန်ယဲ့ကပြုံးပြီး “အဆင်ပြေပါတယ်။
ကျောင်းအာက ငါ့အပြင်
အဆင့်တူနယ်ပယ်မှာ ဘယ်သူ့ကိုမှ
မရှုံးဖူးဘူး”

အားလန်က ယန်ယဲ့ကိုကြည့်ပြီး ပြုံးကာ
“ကောင်းပြီလေ။ ဒါဆို
စောင့်ကြည့်ရအောင်”

ယန်ယဲ့က ခေါင်းညိတ်ပြီး “ကောင်းပြီ။
ငါတို့ စောင့်ကြည့်ကြတာပေါ့”

ဤအချိန်တွင် အန်နန်ကျင်းက
သူမ၏လက်ကို ဝှေ့ယမ်းလိုက်ရာ
အနက်ရောင်

လှုံတစ်ချောင်းပေါ်လာသည်။

အန့်နန့်ကျင်းက လှုံကို

တင်းတင်းကျပ်ကျပ်

ဆုပ်ကိုင်လိုက်ပြီးနောက် နေရာတွင်ပင်

ပျောက်ကွယ်သွားခဲ့သည်။

“ဆူး...”

အာကာသ ကွဲအက်သွားသည့် အသံများ

ထွက်ပေါ်လာသည်။

ကောင်းကင်ယံအထက်

အာကာသထဲတွင်

ရောမအက်ကြောင်းကြီးတစ်ခု

ပွင့်လာသည်။

အဘိုးကြီးက သူ၏မျက်လုံးများကို

ဖြည်းညင်းစွာ မှိတ်ထားလိုက်သည်။

ရုတ်တရက် သူ့ညာလက်ကို လိမ်လိုက်ရာ

လက်ထဲတွင်

ဓားရှည်တစ်ချောင်းပေါ်လာသည်။

ထိုနောက် ဓားရှည်ကို လက်နှစ်ဖက်နှင့်
ဆုပ်ကိုင်လိုက်ပြီး ရှေ့သို့
ထိုးသွင်းလိုက်သည်။

"ဘုန်း..."

ဓားနှင့် လှံတို့ တိုက်မိသည်။
ပတ်ပတ်လည် အာကာသပြင်သည်
တုန်လှုပ်သွားသည်။ တစ်ချိန်တည်းမှာပင်
နှစ်ယောက်စလုံးနောက်သို့

ပြန်ဆုတ်လိုက်ရသည်။ သို့သော်

ခဏသာကြာသည်

နှစ်ယောက်စလုံးရပ်တန့်လိုက်သည်။

အန်နန်ကျင်းကသူမ၏ မျက်လုံးများကို

ဖြည်းညင်းစွာ မှိတ်ထားပြီး လှံကို

တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်သည်။

“ဘုန်း...အုန်း...”

အန်နန်ကျင်းထံမှ မမြင်နိုင်သော
စွမ်းအင်လှိုင်းလုံးများ
ထွက်ပေါ်လာသည်။

ခမ်းနားထည်ဝါသောအရှိန်အဝါ။

အန်နန်ကျင်း၏အရှိအဝါက ပို၍
အားကောင်းသည်ထက်
အားကောင်းလာသည်။ ပတ်ဝန်းကျင်ရှိ

အာကာသပြင်တောင်

တုန့်လှုပ်လာလေသည်။

အားလန်၏ မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားကာ လေးနက်သော

အရိပ်အယောင်တစ်ခုပင် ပေါ်လာသည်။

ခမ်းနားထည်ဝါသော အရှိန်အဝါ။

အန်နန်ကျင်း၏ ခမ်းနားထည်ဝါသော
အရှိန်အဝါက ပတ်ပတ်လည်ရှိ
ကမ္ဘာ့အရှိန်အဝါကို
ဖိနှိပ်ထားနိုင်နိုင်သည်။ ထိုပြင်
ကြောက်စရာအကောင်းဆုံးအပိုင်းမှာ
မြင့်တက်လာနေဆဲဖြစ်သည်။

ဖိအား။

လူတိုင်းသည်

ကြောက်မက်ဖွယ်ရာကောင်းသော

ဖိအားလှိုင်းကို ခံစားလိုက်ရသည်။

ယန်ယွဲ့လည်း သတိထားမိသည်။ ၎င်းက

သူ့နှလုံးသားကို ဖိနှိပ်ကာ  အတော်လေး

ထိတ်လန့်သွားစေသည်။ ဤအချိန်တွင်

ယန်ယွဲ့၏အမူအရာက

လေးနက်လာသည်။

အန်နန်ကျင်း၏ ခမ်းနားထည်ဝါသော

အရှိန်အဝါရှေ့တွင် သူ့နှလုံးသားကိုပင်

အနည်းငယ် တုန်ယင်သွားစေသည်။

ထို့အပြင် အရေးအကြီးဆုံးကတော့

ရှုးသွပ်စွာ မြင့်တက်နေဆဲဖြစ်သည်။

ရပ်တန့်မည့်လက္ခဏာတောင်

မပြသေးပေ။

“ဒါဆို ဘယ်လောက်တောင်

သန်မာလိုက်သလဲ…”

အဘိုးကြီး၏မျက်နှာသည်လည်း

မကြုံစဖူးလေးနက်နေသည်။

နှစ်ဖက်အကြားတိုက်ပွဲမှာ

အရေးအကြီးဆုံးက ဘာလဲ။

“အရှိန်အဝါ”

ဤအခိုက်အတန့်တွင် သူက

ကြောက်စရာကောင်းသော ရန်သူကို

ရင်ဆိုင်နေရပုံရသည်။

အဘိုးကြီးက သူ့အကြည့်ကို
အန်နန်ကျင်းထံမှ ဖယ်လိုက်ပြီး
သူ၏ဓားကို တင်းကျပ်စွာ
ဆုပ်ကိုင်ထားလိုက်သည်။ ထို့နောက်
သူ၏မျက်လုံးများကို ဖြည်းညင်းစွာ
မှိတ်လိုက်သည်။ သူ့ခန္ဓာကိုယ်ထဲရှိ
ဆန်းကြယ်ချီစွမ်းအင်များ ဒလဟော
မြင့်တက်လာပြီး

ဓားသွားထဲသို့ ရှုးသွပ်စွာ
စီးဝင်လာသည်။

တစ်ချိန်တည်းမှာပဲ သူ့အနီးအနားရှိ
ကြားကွက်လပ်အလွှာများသည်
တဖြည်းဖြည်း ကွဲအက်စပြုလာသည်။

ဤအချိန်မှာ အန်နန်ကျင်းက
သူမ၏မျက်လုံးများကို ဖွင့်ကာ “ဒါကို
ယူလိုက်စမ်း…”

စကားပြောပြီးသည်နှင့်

လှံကိုမြှောက်ပြီး  အဘိုးကြီးအားပစ်ပေါ

က်လိုက်သည်။ လှံက အာကာသကို

တိုက်ရိုက် ဖြိုခွဲသွားသည်။

ထိုခဏလေးမှာပဲ ယန်ယွဲ့နှင့်

အားလန်တို့၏ အမူအရာများက

အလွန်ကို လေးနက်ဘာကြသည်။

လှံသယ်ဆောင်လာသော ခွန်အားက

သူတို့မျှော်လင့်ထားသည်ထက်

လုံးဝကျော်လွှန်သွားခဲ့သည်။

ယန်ယဲ့အမြင်အရတော့

ဓားနယ်မြေနှင့်ပေါင်းစပ်ထားသော

ဓားလှိုင်းလေးခုမှသာ လှံချက်ကို

တားဆီးနိုင်မည်။

ထိုပြင် ဖြစ်နိုင်ချေတစ်ခုသာဖြစ်ခဲ့သည်။

တိတ်နိုင်မယ်လို့ သူတောင်မယုံကြည်ပေ။

“ကျင်းအာက

ဒီလောက်အထိသန်မာနေတာလား…”

အဘိုးကြီး၏အမူအရာက

ထက်စက်သောအမူအရာဖြင့်

ဖုံးလွှမ်းသွားသည်။ ဒီအချိန်မှာတော့

သူနောက်ပြန်ဆုတ်ဖို့ လမ်းမရှိတော့ပေ။

အန်နန်ကျင်း၏ တိုက်ခိုက်မှုကို

ဘယ်လိုပဲဖြစ်ဖြစ် ဒီအစွမ်းကို

ရင်ဆိုင်ရမှာပါ။

“သေစမ်း…”

အဘိုးကြီးက

ဒေါသတကြီးအော်ပြီးဓားကို

လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ

ပိုင်းချလိုက်သည်။

ဓားပိုင်းချလိုက်သည်နှင့်

သူ့ပတ်ဝန်းကျင်ရှိ

ကြားကွက်လပ်အလွှာတိုင်း

ပွင့်ထွက်သွားသည်။ ဤအချိန်မှာပဲ အန်နန်ကျင်း၏လှံက ရောက်ရှိလာသည်။

"အုန်း..."

အဘိုးကြီး၏လက်ထဲမှဓားက အပိုင်းပိုင်း ကွဲထွက်သွားသည်။ လှံက အဘိုးကြီး၏ ဘယ်ဘက်ရင်အုံကို ထိုးသွင်းသွားသည်။

"ဆူး..."

အဘိုးကြီးက ရင်ဘက်တွင်
လှံတန်းလန်းဖြင့်
လွင့်ပျံထွက်သွားသည်။ သူ၏ရင်ဘက်မှ
သွေးများ ဖြန်းခနဲ ပန်းထွက်လာသည်။

ပတ်ဝန်းကျင်သည်
ချက်ချင်းပင်တိတ်ဆိတ်သွားသည်။

တစ်ချက်တည်းနဲ့ အနိုင်ယူသွားခဲ့တယ်....

အန်နန်ကျင်းက အဘိုးကြီးကို
တစ်ချက်ကြည့်လိုက်ပြီး "နင်ဆက်ပြီး
တိုက်ခိုက်ချင်သေးလား..."

"ဆက်ပြီးတိုက်ခိုက်မှာလား..."

သူမ၏အသံကအလွန်တည်ငြိမ်သော်လ
ည်း မမြင်နိုင်သော ယုံကြည်မှုနှင့်
မောက်မာထောင်လွှားမှုတို့ ပါဝင်သည်။

အဘိုးကြီးက သူ့ရင်ဘက်ကို

ငုံ့ကြည့်လိုက်သည်။ ထိုနေရာတွင်

သွေးတဆက်ဆက်စီးကျနေသော

ဒဏ်ရာတစ်ခုရှိနေသည်။ သူ၏

ဆန်းကြယ်ချီစွမ်းအင်ဖြင့်

ကုသနေသည့်တိုင်

ပျောက်ကင်းမသွားပေ။

အဘိုးကြီးက

အန်နန်ကျင်းကိုမော့ကြည့်ကာ

ပြောခါနီးတွင် အားလန်က ရုတ်တရက်

ပြောခဲ့သည် “ဒီတစ်ခါတော့ ရှုံးနိမ့်တာကို

ဝန်ခံပါတယ်”

အဘိုးကြီးက အားလန်ကို

စိုက်ကြည့်ပြီးနောက် ခေါင်းကို

အနည်းငယ်ငုံ့ကာ “မင်းကို

အရှက်ရစေတဲ့အတွက် ခွင့်လွှတ်ပါ
သခင်မလေး”

အားလန်ကပြုံးပြီး “ဒါကပုံမှန်ပါပဲ”

“အကြီးအကဲကောင်းကင်၊ သူမက
မွေးရာပါ နတ်ဘုရားခန္ဓာကိုယ်
ပိုင်ဆိုင်တယ်။ ဒါ့ပြင် သူမက အနာဂတ်ရဲ့
သိုင်းနတ်ဘုရား”

“မွေးရာပါသိုင်းနတ်ဘုရားခန္ဓာကိုယ်”

အဘိုးကြီး၏ မျက်လုံးများက

ကျဉ်းမြောင်းလာပြီး အန်နန်ကျင်းကို

ဖြည်းညင်းစွာ စိုက်ကြည့်နေသည်။ သူက

သိုင်းနတ်ဘုရား ခန္ဓာကိုယ်၏

အဆင့်အတန်းကို

သဘာဝကျကျနားလည်သည်။

ထာဝရစကြဝဠာမှာတောင်

အလွန်ကြောက်စရာကောင်းလှသော
မွေးရာပါ နတ်ဘုရားခန္ဓာကိုယ်ဖြစ်သည်။

သိုင်းနတ်ဘုရား။

အန်နန်ကျင်းက အဘိုးကြီးကို
လျစ်လျူရှုပြီး
ယန်ယဲ့ထံလျှောက်သွားခဲ့သည်။

သူက အားလန်ကို လှမ်းကြည့်ကာ “ငါတို့ ဆက်ပြီး တိုက်ခိုက်ကြမလား...”

“ဆက်တိုက်ခိုက်မှာလား...”

အားလန်က ပြုံးပြီး “ဒါက အနာဂတ်မှာ ဖြစ်လာမှာပါ”

အန်နန်ကျင်းကလည်းခေါင်းညိတ်ပြသည်။ “ကောင်းပြီ”

ယန်ယဲ့က အားလန်ကို

တစ်ချက်ကြည့်လိုက်ပြီး “မိန်းကလေး

အားလန်၊ နှုတ်ဆက်ပါတယ်”

ထိုနောက် အန်နန်ကျင်း၏လက်ကိုဆွဲကာ

ကောင်းကင်အထက်သို့

ပျောက်ကွယ်သွားသည်။

အားလန်၏မျက်နှာက နေရာတွင်ပင် တိတ်ဆိတ်ငြိမ်သက်သွားသည်။

ဤအချိန်တွင် လက်ယာစားက အားလန်ဆီသို့ ခေါင်းငုံ့လာကာ "သခင်မလေး"

အားလန်က လက်ယာစားကို စိုက်ကြည့်ကာ "နင်တို့အားလုံးအပေါ် ငါကောင်းလွန်းခဲ့တယ်။ အဲ့ဒါက နင်တို့

ကိုယ့်နေရာကို မေ့သွားပြီး
အချို့အရာတွေကို အပေါ်စီးကနေ
ဆုံးဖြတ်စေခဲ့တယ်”

လက်ယာဓားက ဒူးထောက်က
တုန်တုန်ယင်ယင် အသံဖြင့်
“သခင်မလေး၊ မှားသွားလို့
တောင်းပန်ပါတယ်”

“နင်မှားသွားပြီလား…“

အားလန်က လက်ယာဓားဆီသို့
လျှောက်လာပြီး ငုံ့ကြည့်ကာ "အဲ့ဒီလို
မူလခရမ်းရောင်စွမ်းအင်ကို
ငါမလိုချင်ဘူးလို့ နင်ထင်လား...။
ငါလိုချင်တယ်၊ ဒါပေမဲ့ နင်ဘယ်သူနဲ့
ဆက်ဆံနေတယ်ဆိုတာ သေချာ
ကြည့်တတ်ရမယ်။ ဓားတာအိုရဲ့
ထိပ်သီးညာဏ်ကြီးရှင်တစ်ဦး၊
သိုင်းတာအိုရဲ့ ထိပ်ဆုံးရောက်

ညာဏ်ကြီးရှင်တစ်ဦးနဲ့ ဝိညာဉ်ဖန်ဆင်းရှင်
မူလခရမ်းရောင်စွမ်းအင်က
သူတို့နဲ့နှိုင်းယှဉ်လို့တောင် ရနိုင်မလား…”

သူမက အနည်းငယ်ငုံ့ကြည့်ကာ “ငါသူနဲ့
မိတ်ဆွေဖြစ်ဖို့ စိတ်ကူးထားတာ။
သူနဲ့အတူ တိုးတက်မှုတွေ
လုပ်နိုင်ခဲ့တယ်။ အခုအချိန်မှာတော့
အားလုံးက နင့်ကြောင့် ပျက်စီးသွားပြီ။
အားလုံးပြီးဆုံးသွားရုံတင်မကဘူး၊

ငါတို့က ရန်သူတွေနီးပါးဖြစ်နေပြီ။
ဒါတွေအားလုံးရဲ့ အကြောင်းအရင်းက
နင့်ကြောင့်ပဲ”

လက်ယာစားက တုန်ယင်သော အသံဖြင့်
“သခင်မလေး၊ ငါမှားသွားလို့
တောင်းပန်ပါတယ်”

အားလန်က ခေါင်းခါလိုက်ရင်း
"အဲ့ဒီအကောင်လေးက

ဝိညာဉ်ဖန်ဆင်းရှင်ပါ။ ငါတို့ ယန်ယဲ့တို့

နှစ်ယောက်နဲ့ မိတ်ဆွေဖြစ်ခဲ့ရင်

ဝိညာဉ်ဖန်ဆင်းရှင်နဲ့ မိတ်ဆွေဖြစ်လာတာ

မဟုတ်ဘူးလား...။ အဲ့ဒါက

ဘာကိုဆိုလိုလဲ သိလား...။ နင်သိလား...၊

နင်မသိဘူး”

အားလန်က ခေါင်းခါပြီး

“ထွက်သွားလို့ရပြီ”

လက်ယာဘားဓါးမျက်နှာက
ဖြူဖျော့သွားဓါး။

သူမက အားလန်၍ ခြေထောက်ကို
ဆွဲဖက်ပြီး "သခင်မလေး၊
ငါ့အမှားတွေကိုတကယ်နားလည်ပါပြီ။
ဒါကြောင့် ကျေးဇူးပြုပြီး ငါ့ကို
နှင်မထုတ်ပါနဲ့။ ငါ့ကို မစွန့်လွှတ်ပါနဲ့၊...
တောင်းဆိုပါတယ်"

လက်ဝဲဘားက

တစ်ခုခုပြောရန်ပြင်လိုက်သော်လည်း

အားလန်က ခေါင်းခါပြပြီး အဝေးသို့

ထွက်ခွာသွားခဲ့သည်။

လက်ဝဲဘားက သက်ပြင်းချကာ

တိုးတိုးလေး ပြောလိုက်သည်။

သူတို့၏သခင်မလေးက

လုံးဝကိုဒေါသထွက်နေမှန်းသိသာပါသ

ည်။ ထိုပြင် သူမဆုံးဖြတ်လိုက်သည်နှင့်
ပြောင်းလဲရန်မဖြစ်နိုင်ပေ။

လက်ဝဲအားက လက်ယာအားဆီသို့
လျှောက်သွားကာ “အခုချက်ချင်း
ခဏပြန်နေလိုက်ပါ။
သူမစိတ်အေးသွားတဲ့အခါ ငါနင့်ကို
ကူညီမယ်”

လက်ယာဓားက စိတ်ပျက်လက်ပျက်ဖြင့်

မြေပြင်ပေါ်တွင် ထိုင်နေခဲ့သည်။

ဤအချိန်တွင် အားလန်က

လေထဲတွင်  ရုတ်တရက် ရပ်သွားသည်။

သူ့မရှေ့တွင်

အနက်ရောင်ဝတ်စုံဝတ်လူတစ်ယောက်

ပေါ်လာသည်။

ထိုလူက ဒူးထောက်ကာ “သခင်မလေး၊ မင်းကို ချက်ချင်းပြန်လာဖို့ အမိန့်ပေးလိုက်ပြီ”ဟုပြောလိုက်သည်။

အားလန်က “ဘာအတွက်လဲ…”

ထိုအနက်ရောင်ဝတ်စုံဝတ်လူက ခေါင်းခါလိုက်ပြီး “ငါမသိဘူး”

အားလန်က ထိုလူကို
တည့်တည့်စိုက်ကြည့်နေသည်။
သူ၏ခေါင်းပေါ်မှ အေးစက်သော
ချွေးစေးများ စီးကျလာသည်။

အနက်ရောင်ဝတ်စုံဝတ်လူက
ခဏမျှတုံ့ဆိုင်းသွားပြီး “ဒါဟာ မင်းရဲ့
လက်ထပ်မှု သဘောတူညီချက်
ဖြစ်သင့်တယ်”ဟု ပြောလိုက်သည်။

“ငါ့ရဲ့ လက်ထပ်စာချုပ်လား…”

အားလန်၏ ပါးစပ်ထောင့်တွင် အထင်အမြင်သေးမှုတစ်ချက် ထွက်ပေါ်လာပြီး “ ဘာမှ အဓိပ္ပါယ်မရှိတာ”

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက ထိတ်လန့်သွားပြီး“သခင်မလေး၊ ဒဏ်ရာတွေရနေတာလား…”

အားလန်က မျက်လုံးများကို

ဖြည်းညင်းစွာ မှိတ်လိုက်ပြီး "ငါကမ္ဘာကို

လှည့်လည်နေတာကြာပြီဆိုတော့

အခုအိမ်ပြန်ချိန်ရောက်ပြီ"

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

ခဏတတ္တံ့ဆိုင်းနေပြီး "မင်းမှာ

ပြဿနာတစ်ခုခုကြုံနေရပုံပဲ။

မင်းအတွက်

ငါ့ကိုဖြေရှင်းပေးစေချင်သလား…”

အားလန်က ခေါင်းခါလိုက်ပြီး

“ဒီပြဿနာကို နင့်မဖြေရှင်းနိုင်ဘူး။

အဲ့ဒါကို မေ့လိုက်ပါ…၊ သွားကြရအောင်”

“နောက်တစ်ခုရှိသေးတယ်”

အနက်ရောင်ဝတ်စုံဝတ်လူက

“ဝိညဉ်ဖန်ဆင်းရှင် ပေါ်လာပြီလို့

ဘိုးဘေးက ကြားထားတယ်။

သခင်မလေးက...”

အားလန်က ခေါင်းခါပြီး

စကားဖြတ်ပြောသည်။

“ငါအိမ်ပြန်ပြီး အဲ့ဒီအကြောင်းကို သူနဲ့

ပြောလိုက်မယ်။ သွားကြရအောင်”

စကားပြောပြီးနောက် နေရာတွင်ပင်

ပျောက်ကွယ်သွားသည်။

တိမ်တိုက်များအကြား တစ်နေရာတွင် ။

ယန်ယဲ့သည် စကြာဝဠာမှတ်တမ်းကို ထုတ်ယူလိုက်သည်။

သူက စကြာဝဠာမှတ်တမ်းကို ခဏစိုက်ကြည့်နေပြီးနောက် အန်နန်ကျင်းကို ကြည့်ကာ ပြုံးပြလိုက်ပြီး

“ကျင်းအာ၊ ဒီအချိန် ငါတို့ပြန်သွားရင် ဘာက စောင့်နေမလဲ မင်းသိလား…”

အန်နန်ကျင်းက ယန်ယွဲ့ကို စိုက်ကြည့်ပြီးနောက် လှံကို တင်းတင်း ဆုပ်ကိုင်ထားသည်။ ထို့နောက် ခြေထောက်တစ်ချက်ဆောင့်လိုက်သည်

"အုန်း…”

အာကာသပြင်က ပြင်းထန်စွာ

တုန်လှုပ်သွားသည်။

အန်နန်ကျင်းက သူမ၏မျက်လုံးများကို

ဖြည်းညင်းစွာ မှိတ်လိုက်ပြီး

“ငါနင်နဲ့အတူ ဘေးချင်းယှဉ်ရပ်ပြီး

သတ်မယ်။ နင်သွားတဲ့နောက်ကို

ငါလိုက်မယ်”

Translated by NyiNyiSoe.